

ဂျက်ကွမ်းခြံကုန်း

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# ချက်ကွမ်းခြံကုန်း

## ထုတ်တိုး အိုးဝေါက်

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(ဂဂ)၊ ဒုထပ်(ယာ)၊ ၃ဂ-လမ်း၊
ဖုန်း -၂၄၅၂ဂ၄၊ ၃၇၉၄ဂ၇

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၃၂၈၀၃၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၄၂၈၀၄၀၈

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | သိန်းထွန်းဦး |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၇၇/ခ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြို့မစာအုပ်တိုက်) |
| | | အမှတ်(၃၀-ခ)၊ သာယာကုန်းလမ်း။ |
| | | ပုဇွန်တောင်မြို့နယ်။ |
| အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | အမှတ်(၈၀/ခ)၊ သံလွင်လမ်း၊ |
| | | ဗဟန်းမြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ ခုနှစ်၊ ဇွန်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |

# မာတိကာ


၁။ ဆပ်ပလီးမင့်(supplement) ပါးစပ်ကြီးများ ၆

၂။ ဗမာလို ဘယ်လိုပြောရပါ့ ၁၆

၃။ စင်ပေါ်ကလူ ၂၆

၄။ ဆရာပြောပါရစေ ၃၂

၅။ ရွှေမန်းဆီသို့ စိတ်လှုပ်ရှားမှုများဖြင့် ၄၀

၆။ ရိုက်ဆိုတိုင်း ရိုက်ရမှာလား ၄၆

၇။ ရွှေပွတ်စိုးမြင့်လက်ထဲက မြန်မာစာပေ ၅၄

၈။ စက်ဘုပူရက်စွဲများ ၆၀

၉။ တစ်ဦးတည်းသော ရောဂါ ၆၆

၁၀။ လိုင်းတားကာ မှတ်လိုက်ကြပေတော့ ၇၂

၁၁။ လွမ်းမုဆိုးရဲ့ ရွှေးကဗျာများ ၈၀

၁၂။ ဒစ်ဖစ်ကတ်ဖြစ်နေသည့် မြန်မာအာတီကယ်လ်များ ၈၆

၁၃။ တစ်ကျပ်သားတိတိအလေးချိန်ရှိသော ကျွန်ုပ်၏ ရွှေလက်စွပ် ၉၄

၁၄။ လူကြားလို့ မကောင်းဘူး ၁၀၀

၁၅။ ရေရာသေချာအောင် ဝေဒနာကိုအဖြေရှာ ၁၀၆

၁၆။ ဝဏ္ဏပဘာ ကလျာချက်ကြီးတို့ ခေတ် ၁၁၂

၁၇။ ဘိုလို့မှတ်ဖို့အရေး ၁၂၀

၁၈။ ဒိဗ္ဗသောတ ဓာတ်ခွက်ဒရိုင်ဘာ ၁၂၆

၁၉။ ဘာသာနဲ့ထုထားလို့တုံး ၁၃၄

၂၀။ သပွတ်အူ ဇာတ်ညွှန်းများ ၁၄၀

၂၁။ ထမ်းဆောင်ကာ ပို့လိုက်ကြပါစို့ ၁၄၆

၂၂။ ဦးထုပ်ကို နောက်ပြန်ဆောင်းထားတဲ့ ဂီတ ၁၅၄

၂၃။ စကားလုံးတွေမှာ ရွှေရောင်တလက်လက် ၁၆၂

# ဆပ်ပလီးမင့် (Supplement) ပါးစပ်ကြီးများ



## တစ်

ပြဿနာမှန်သမျှ အရှေ့ယဝမဇ္ဈျဂုံးရွာအဝရှိ သုခမိန်မဟောသဓာ၏ဇရပ်၌ လာရောက်ဆိုက်ကပ်ကာ ဖြေရှင်းသမှုခံယူကြရသကဲ့သို့ မြန်မာဘုတ်အုပ်စာနယ်ဇင်းလောကတစ်ခွင်တစ်ပြင်၌ ဖီလော်ဆော်ဖီပိုင်းဆိုင်ရာပြဿနာနှင့် အင်ဖော်မေးရှင်း တက္ကနော် လော်ဂျီ(ခေါ်) အိုင်တီပိုင်းဆိုင်ရာပြဿနာတို့ အကြီးအကျယ်တက်ကာ မျက်ဖြူဆိုက်ကြရပြီဆိုလေတိုင်း သပွတ်အူကျေးရွာနေကျွန်ုပ် ဆရာကြီး ဂျက်ကွမ်းခြံကုန်းထံ ရောက်ရှိ၍လာကြကာ ဘယ့်နှာသို့ ဖြေရှင်းရပါအံ့လတ္တံ့ဟု စေ့ငု၍လာကြမြဲဖြစ်သည့်အတိုင်း အနီ့ ရွက်ဝါကြွေလူးနွေမှူးမှူး၏တစ်ခုသော ညနေရီရီဝယ် ဂျာနယ်လစ်ဇင်း (ခေါ်) စာနယ်ဇင်းသမားတစ်ဦးသည် ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းထံ ဆိုက်ကပ်၍လာလတ်၏။

သူကားအပတ်စဉ် ထုတ်ချက်ချင်းလက်ငင်းဂျာနယ်မှ လောကမံထိုက်ထိုက် ဟူသည့် လူရွယ်ကလေးပင်ဖြစ်ဘိတော့ချေသည် တမှံ့တကားတည်း။

"ယခု ပစ္စက္ခ . . . ကျွန်ုပ်တို့၏ စာနယ်ဇင်းလောက အခြေအနေမှာ . . . စောလျှင်စော . . . မစောလျှင်မော ဟူသည့် အခြေအနေပါ ဆရာကြီး ဂျက်"

လောကခံထိုက်ထိုက် မျက်မှောက်ခေတ်ဂျာနယ်လောက၏ ပုံရိပ်ကို အနို့ကလို ကောက်ကြောင်းဆွဲပြလိုက်ရာ တစ်ချက်တည်းနှင့်ရှင်း တစ်ကွက်တည်းနှင့်လင်း၍သွားတော့၏။

မှန်သည်။ နွေရက်ထဲ၌ ကြွေရွက်ဝဲသည့်နှယ် အားကစား၊ မှုခင်း၊ ရုပ်ရှင်၊ ဂီတ၊ ကျန်းမာရေး၊ ဂမ္ဘီရ၊ နိုင်ငံတကာ စသည်ဖြင့် ဂျာနယ်ပေါင်းစုံတို့ ပလူပျံ၍နေသော ယခုကာလဝယ် ဂျာနယ်မှန်သမျှ စောအောင် ကြံကြရချေ၏။ ထွက်ရက်စောရုံသာမက သတင်း တွေ ထူးဖို့ ဦးဖို့ လုံးပမ်းကြရချေသည်။

"ဂျာနယ်တိုက်တိုင်းမှာ အင်တာနက်ရှိတယ်။ ဂြိုဟ်တုစလောင်းများဖြင့်လည်း ချိတ်ဆက်၍ထားတယ် . . အနို့သော် ထွက်ရက်ကြောင့် သတင်းတွေ နှောင့်နှေးရသလို ရှိပေတယ်လေ"

လောကခံထိုက်ထိုက်၏ စကားတို့က မှန်လှပါချေသည်။ အင်တာနက်နှင့် ဘဇာသို့ချိတ်ချိတ်၊ ဂြိုဟ်တုစလောင်းနှင့် ဘဇာသို့ ဖမ်းဖမ်း ထွက်ရက်အပေါ်တွင် မူတည်၍သတင်းများ သိုးသွား၊ ပုပ်သွားနိုင်ချေသည်။

မိမိ၏ ဂျာနယ်က စနေနေ့ နံနက်တွင် ဖောင်ပိတ်သည်။ အနို့သော် သို့သော် အများသိချင်သော ဘောလုံးပွဲက တနင်္ဂနွေနေ့ နံနက်တွင်မှ ဆော့ကန်ကစားသည်။ သို့ဖြစ်ရာ အနှီသတင်းကို မိမိ၏ ဂျာနယ်က မဖော်ပြနိုင်တော့။ သို့တမူ တနင်္ဂနွေနေ့တွင်မှ ဖောင်ပိတ်သောဂျာနယ်က အနှီသတင်းကို မီသွားပြီး သတင်းဦး

အဖြစ်ဖော်ပြလိုက်နိုင်ချေသည်။

"Breaking News (ခေါ်) စက်ရပ်သတင်းအဖြစ် နောက်ဆုံးအချိန်အထိ စောင့်သော်လည်း သတင်းကမဖြစ်ပွားသေးဟု ဆိုသော် နောက်ဆက်တွဲ အချပ်ပိုရိုက်နှိပ်ကာ supplement အပိုစာရွက်များဖြင့်ဝေငှပါကလား. . အဆွေလောကခံထိုက်ထိုက်"

"ရိုးပေစွ ဂျက်ဆရာ"

လောကခံထိုက်ထိုက်က ကျွန်ုပ်၏ အကြံကိုရိုးပေစွဟု ကောက်ချက်ချ၏။ ဟုတ်တော့ဖြင့် ဟုတ်သားပလေ။ အမိမြန်မာနိုင်ငံတော်တလွှား ထုတ်ဝေရောင်းချစားသောက်နေကြချေသည့် ဂျာနယ်တိုင်းလိုလိုတွင် အချပ်ပို (ခေါ်) supplement တို့ပါဝင်ကြလေကုန်၏။ နောက်ဆုံးမှ ဝင်လာသည့် မမီမကမ်းသတင်း တို့ကို အနှီ အချပ်ပိုများ၌ ကသောကမျောရိုက်နှိပ်ကာ ကတိုက်ကရိုက် ညှပ်ဝေရခြင်းဖြစ်ချေ၏။

"အိမ်း . . ဂျာနယ်တိုင်းကအချပ်ပိုနဲ့ နောက်ဆုံး သတင်းတွေကို စောင့်ဆိုင်းရိုက်နှိပ်ဝေငှနေတယ် ဆိုချေတော့လည်း . . . ဘယ့်နှာဆန်းတော့မလဲ အမောင် လောကခံ . . . အဲ . . တစ်ခုတော့ ရှိချေသည်သာပ"

ကျွန်ုပ်၏ ခေါင်းထဲတွင်တစ်ကွက်လင်းသွားရာက အဲ တစ်ခုတော့ရှိချေသည်သာပ ဟူသော စကားထွက်သွားခဲ့ပြီးလျှင် အနှီစကား၏ နောက်ကွယ်က အကြံပေးစကားတို့က လောကခံထိုက်ထိုက်၏ ချက်ချင်းလက်ငင်း ဂျာနယ်ကို ဂျာနယ်ထုကြီး တစ်ရပ်လုံး၏ ရှေ့သို့တွန်းပို့လိုက်ခြင်းပင်လျှင် ဖြစ်ဘိပါချေသည် တမုံ့။

<u>**နှစ်**</u>

အိုးမကွာ အိမ်မကွာ စာနယ်ဇင်းတာဝန်
ထမ်းဆောင်လိုသော နယ်ခံအယ်ဒီတာများ
အလိုရှိသည်။ မြို့တိုင်း ရွာတိုင်းမှနေ၍
လျှောက်ထားနိုင်သည်။

လောကခံထိုက်ထိုက်က ကျွန်ုပ်အကြံပေးသည့်အတိုင်း သူ၏ ချက်ချင်းလက်ငင်းဂျာနယ်ထဲတွင် သို့နှယ် ကြော်ငြာထည့်ပစ်လိုက်၏။

ဤတွင် မြို့တိုင်းရွာတိုင်းမှ အယ်ဒီတာလျှောက်လွှာများ ရောက်ရှိ၍ လာတတ်၏။ လောကခံထိုက်ထိုက်ကား ကျွန်ုပ်၏ အကူ အညီကိုယူလျက် အဝေးရောက်စာနယ်ဇင်းသမားများကို တစ်မြို့ တစ်ယောက် ခေါင်းခေါက်ကာ ရွေးချယ်သမှုပြုတော့၏။

၁။ လမ်းမြန်မြန်လျှောက်နိုင်သူ
၂။ ဆိုင်ကယ်၊ စက်ဘီးစီးနိုင်သူ

၃။ မြင်းအတန်အသင့် စီးတတ်သူ တို့ကိုဦးစားပေးကာ ရွေးချယ်ပြီးသည့် သကာလ သူ၏ချက်ချင်းလက်ငင်း ဂျာနယ်ကိုလတ်လတ်ဆတ်ဆတ် ပူပူနွေးနွေးသတင်းများဖြင့် ပရိသတ်ကိုဆွဲဆောင် ချည်နှောင်လိုက်တော့ချေ၏။

ချက်ချင်းလက်ငင်းဂျာနယ်သည်ကား လူထု၏ ကြားထဲတွင် ပေါက်လည်းပေါက် ရောက်လည်းရောက်၍ သွားတော့ချေသည်တည့်။ စာဖတ်သူတို့သည်ကား သတင်းဦး သဟဲ့ သတင်းဦးသဟဲ့နှင့် ချီးမွမ်းထောပနာ၍ မဆုံးဖြစ်နေကြရသည် ဟူလို။

## သုံး

ကျွန်ုပ်၏ အကြံပေးချက်အတိုင်း အဝေးရပ်ရွာများတွင် နယ်ခံဂျာနယ်လစ်ကလေးများကို လခအသင့်အတင့်ဖြင့် ခန့်အပ်ထားရှိပြီးသည်၏သကာလ ချက်ချင်းလက်ငင်း ဂျာနယ်က သတင်းဦးသကွဲ့ သတင်းထူးသဟဲ့ နာမည်ထွက်လာအောင် သတင်း ကွန်ရက်ချိတ်ဆက်ထားပုံများအနက် ဇာတ်ကွက်တစ်ကွက်ကို ကျွန်ုပ်က တင်ဆက်ပါအံ့။

တစ်နေ့သ၌ ဟသ်ာတမြို့ကလေးရှိ အော်တိုဟူသော လက်ဖက်ရည်ဆိုင်ကလေးတွင် ကျွန်ုပ်သည် ချက်ချင်းလက်ငင်း ဂျာနယ်ဝိုင်းတော်သား ဟသ်ာမြေ မောင်အေးသန်းနှင့်အတူ လက်ဖက်ရည်သောက်ခြင်းအမှုကိုပြု၍နေ၏။ အနီး အော်တို၏ ဘေးတွင်ကား အများသုံးတယ်လီဖုန်းရုံကလေးရှိရာ ယင်းဖုန်းရုံက လေးအတွင်းမှ စာရေးမကလေးက သို့ကလိုလှမ်း၍ အော်ချေသည်။

"ဆရာ ဟသ်ာမြေမောင်အေးသန်း . . . ဖုန်းလာတယ်
ချက်ချင်းလက်ငင်း ဂျာနယ်က"

စွေ့ခနဲသွားပြီး စွေ့ခနဲပြန်လာသူ ဟသ်ာမြေ မောင်အေးသန်းသည်ကား လက်ဖက်ရည်ဆိုင်ရှေ့တွင်ထောင်ထား သော ဆိုင်ကယ်ပေါ်သို့ တက်ခွချေတော့၏။

"တက် ဆရာကြီး ဂျက် . . . လောကဓံထိုက်ထိုက်ဆီက ဖုန်းဝင်လာတာ . . . မြို့ကိုပတ်ကြစို့"

အသို့နှင့် ဟသ်ာမြေ မောင်အေးသန်း မောင်းနှင်သော ဆိုင်ကယ်၏ ခေါင်ဆောင်ရာသို့ ကျွန်ုပ်မှာလိုက်ပါရချေ၏။

"ဗျို့ ကိုကြွယ်ဝ . . . ဆက်ဒမ်ဟူစိန်ကိုကြိုးမိန့်ပေးလိုက်ပြီ"

"အစ်ကိုရေ . . . ကိုသန်းဌေး . . . ဒိုင်ယာနာ ကား အက်ဆီးဒင့်ဖြစ်တာ . . . ရိုးရိုးဖြစ်တာလို့ အမိန့်ချလိုက်ပြီ"

"ဆရာရေ . . . ဒေါက်တာဦးစောအောင် . . . သည်နှစ် Time မဂ္ဂဇင်းက person of the year အဖြစ် You ကိုရွေးလိုက်သဗျ"

"မမမော် . . . ဟဲ့ သမီး ညည်းအမေ မမမော်ရော ဈေးသွားတယ် . . . အေး . . . ပြန်လာရင်လေ ဦး လာသွားတယ်လို့ . . . စိုးမြတ်နန္ဒာမွေးပြီလို့နော် . . . ယောက်ျားလေးလို့"

"ကေသွယ်ရေ . . ဟေ့ ကေသွယ်. . မြတ်ကေသီအောင် မနေ့က မင်္ဂလာဆောင်တယ်ဟေ့"

"ဦးလေး ကိုဆွေအေးရေ . . . မနေ့က ရုပ်ရှင်မင်းသမီး စန္ဒာဆုံးရှာပြီဗျာ"

ဟသ်ာမြေမောင်သန်းအေးသည်ကား တစ်အိမ်ဝင် တစ်အိမ်ထွက် အနှိပ်ကလိုသတင်းပို့ချေ၏။ သို့နှင့် မြို့တစ်ပတ်စိုင်းနှင်ပြီးသော် အော်တိုမည်သော လက်ဖက်ရည်ဆိုင်ကလေးတွင် ပြန်လည်ဆိုက်ကပ်၏။ ရန်ကုန်မြို့ ချက်ချင်းလက်ငင်း ဂျာနယ်တိုက်မှ လာလတ္တံ့သောသတင်းတို့ကို စောင့်စားရပြန်ချေ၏။

အနှိပ်နှင့် ညနေရီ လေသော် စက်ဘီးကလေး၊ ဆိုက်ကယ်ကလေးများနှင့် ရွာသို့ပြန်မည့်သူကလေးတွေ ဟသ်ာမြေမောင်အေးသန်းထံ ဆိုက်ကပ်လာကြ၏။

"တို့ရဲ့ ချက်ချင်းလက်ငင်းဂျာနယ် မနက်ဖြန်ထွက်မဟော့ . . . ဂျာနယ်ဖိုးတွေလည်း ကောက်ကြဦး . . . ဒီနေ့ညနေ လိုက်ပြောရမယ့် သတင်းတွေက . . . ဆက်ဒမ်ဟူစိန်ကြိုးမိန့်ပေး၊ ဒိုင်ယာ နာ ကားမှောက်တာရိုးရိုး . . . စိုးမြတ်နန္ဒာ သားလေးမွေး . . . မြတ်ကေသီအောင် မင်္ဂလာဆောင်"

ချက်ချင်းလက်ငင်းဂျာနယ်ကား ကျွန်ုပ်လမ်းညွှန်သကဲ့သို့ ဂျာနယ်ဝယ်ယူအားပေးသူတိုင်းကို နောက်ဆုံးသတင်းများရလာလေတိုင်း ဂျာနယ်ထွက်သည်အထိ စောင့်မနေတော့ဘဲ ပါးစပ်ဖြင့် လိုက်ပြောခြင်းဖြင့် အခြားဂျာနယ်များကို နှာတစ်ဖျားကြောပစ်လိုက်၏။

အခု လက်ငင်းသတင်းကို အခုချက်ချင်းလိုက်ပြောမည်ဟူသောမူဖြင့် လောကဓံထိုက်ထိုက်၏ ဂျာနယ်မှာ ပေါက်၍သွား၏။

"ကျွန်ုပ်တို့၏ဂျာနယ်ကို အဘယ်သူမှ မတုပနိုင်ချေပြီ ဆရာကြီးဂျက် . . အနှိပ်သော် မြို့ကိုပတ်၍လိုက်ပြောရသည်

ကြောင့် ခတ်ဆီဖိုးမှာ မသက်သာချေ . . . အနို့အပြင် ခရီးလမ်းမဖြောင့်တန်းသည့် ရွာငယ်ဇနပုဒ်များသို့ လိုက်လံပြောဆိုရသည်မှာ အဆင်မပြေလှကြောင်း . . . အဝေးရောက်ဂျာနယ်လစ်များက ညည်းညူကြပါ၏ ခင်ဗျာ”

“သဟာ ဘာခက်သတုံး လောကမံ . . . မြင်းစီးတတ်ရမည်ဟု ဆိုထားမင့်ဟာ . . . နိုင်ငံတော်ပြည်အနှံ့က အဆွေရဲ့ဂျာနယ် ဝိုင်းတော်သားများကို မြင်းဖြင့်စိုင်းနှင်ကာ သတင်းဦးများကို ပို့ဆောင် နိုင်ရချေမပေ့ါ”

လောကမံထိုက်ထိုက်ကား ခေါင်းတဆတ်ဆတ်နှင့်။ ၎င်းဇာတ်၏ ခေါင်းတဆတ်ဆတ်နောက်ဝယ် ကျွန်ုပ်မှာ ဂျာနယ်လစ်ဇင်း (ခေါ်) စာနယ်ဇင်းပညာသင်တန်း ဆရာကြီးဖြစ်၍ လာရပြန်၏။ ရန်ကုန်နှင့်မှော်ဘီကြား လယ်ကွင်းပြင်များ တစ်နေရာတွင် စာနယ်ဇင်း အထူးမွမ်းမံသင်တန်းကြီးတစ်ခုကို အဆွေတို့တွေ့မြင်နိုင်ကြပါ၏။ မြင်းကိုယ်စီဖြင့် စိုင်းနှင်လေ့ကျင့်နေကြသောဂျာနယ်လစ်များပါပေတမုံ့။ ။



## (တစ်)

သပွတ်အူ ဇာတိချက်မြှုပ်မောင်စိုးမြင့်ခေါ် ရွှေပွတ်စိုးမြင့် တစ်ယောက် သည်တစ်ခါ ရန်ကုန်မြို့တော်မှ ပြန်ဆင်းလာပြီးက တည်းက ဘဇာစကားကိုပဲပြောလိုက်. . . ပြောလိုက်. . .

**"အဲ. . . ဗမာလို ဘယ်လိုပြောရမလဲဆိုတော့ကာ ဗမာလိုဘယ်လိုပြောရမလဲ ဆိုတော့ကာ. . . "**

ဟူ၍ အ,ထစ် အ,ထစ်ကြီးဖြစ်၍နေတော့ကာ စကားကို ရှေ့ဆက်၍ မရတတ်နိုင်တော့ဘဲ အနီးအနားရှိ အမြင်မတော်သူ တစ်ဦးတစ်ယောက်က 'ဗမာ'လို ဘဇာသို့ ခေါ်ဆိုပေသည်ဟု စကားထောက်ပေးလိုက်ပါမှ သူ၏ပြောလက်စ,စကားတို့ ချောခနဲ၊ လျှောခနဲဖြစ်ဖြစ်သွားတတ်ကြောင်း သတင်းသည် သပွတ်အူ ရွာနီးချုပ်စပ်၌ ဝေ့ဝဲလွင့်ပျံ့၍နေသည်မှာ အတော့်ကို ကြာခဲ့ပြီဖြစ်ပါ၏။

'ဘာသာမျိုးခြား စာစကားသင်ကြားသင့်သည်မှတ်'ဟူသော အဆိုကို ကျွန်ုပ်လက်ခံသမှုပြုပါ၏။

သပွတ်အူကျေးလက်နေ လူငယ်လူရွယ်ကလေးများ တော်ကြာနေ ရန်ကုန်တက်သွားလိုက်ကြ၊ တော်ကြာနေရန်ကုန်တက်သွားလိုက်နှင့် အင်းဂလိရှ် (English) ချိုင်းနိစ် (Chinese)၊ ဖရဲန့်စ် (France)၊ဂျပဲန်းနိစ် (Japanese) စသည်စသည် လန်းဂွိတ် (Language) အထွေထွေကို လေ့လာ သင်ယူကျက်မှတ်နေကြသည်ကိုလည်း အကျွန်ုပ်က လက်ခံပါ၏၊

နောက်ဆုံးတစ်နေ့ မိမိတို့ သပွတ်အူသို့၊ မိမိတို့ ပြန်လည်၍ရောက်လာကြကာ သမွာန်ခတ်မြဲခတ်၊ ကောက်စိုက်မြဲ ကောက် စိုက်၊ ပျိုးနုတ်မြဲပျိုးနုတ်၊ ထင်းခုတ်မြဲထင်းခုတ်၊ မျှစ်ချိုး မြဲမျှစ်ချိုး၊ ရိုးရာဓလေ့တို့မမေ့ကြသည့်တိုင် ဘာသာမျိုးခြားစာစကား သင်ထားအပ်ပေစွာဟုသာ ကျွန်ုပ်က လက်ခံသဘောပိုက်ပါ၏။ တတ်ထားလျှင်ကောင်းသမို့ဉစ္စာ။

အနို့ကြောင့် တစ်နေ့သ၌ ရွှေပွတ်စိုးမြင့်က ....

" ဆရာကြီးဂျက်. . . မိမိရန်ကုန်သို့သွားချေ၍ အင်္ဂလိပ်

လိန်းဂွိတ်ကလေး၊ ဘာကလေးလေ့လာစေ့ငုချေဦးမဗျာ"

ဟုဆိုလာချေသောအခါ ကျွန်ုပ်ကိုယ်တိုင်ကပင် အားပေးသမှုပြုခဲ့ မိခြင်း ဖြစ်ပါ၏။ ယခုမူ ရွှေပွတ်စိုးမြင့်စတိုင်လ်ပြောင်းချေကပြီ။

အထက်တစ်နေရာ၌ ကျွန်ုပ်ဖော်ပြခဲ့သလို ရန်ကုန်တွင် အင်္ဂလိပ်လန်းဂွိတ် ဆိုသဟာကြီးကို သွားလုပ်ပြီး သည်၏နောက် သပွတ်အူသို့ပြန်ရောက်လာပြီးချေကတည်းက စကားပြောတိုင်း

# ဇာတ်ထိုး အိုးပေါက်

ဗမာလိုဘယ်လိုပြောရပ့ါ. . ဗမာလိုဘယ်လိုပြောရပ့ါနှင့်. . ထစ်၍ တစ်၍ နေတတ်ကြောင်း သတင်းကြီး၍ နေတော့ရာ မတွေ့ရတာ ကြာတောင်ကြာခဲ့ပြီဖြစ်သော ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းသည် တစ်နေ့သ၌ အနီရှိရွှေပွတ်စိုးမြင့်တို့ စတည်းချလေ့ရှိသော ဘကြီး ကြွက်သိုးတို့၏ထန်းတောထဲသို့ ရုတ်ချည်းဆိုသလို ဝင်ရောက်သွား ခဲ့မိပါ၏။ ရွှေပွတ်စိုးမြင့်အား အကဲခတ်စေ့ငုလေ့လာနိုင်ရန် အလို့ ငှာတည်း။

## (နှစ်)

သပွတ်အူ ရွာထိပ်ရှိဘကြီးကြွက်သိုးတို့၏ထန်းတောထဲမှ အနှီစကားဝိုင်းကလေးသည် တောင်ရောက်မြောက်ရောက်နှင့် အတော့်ကို စည်ကားလှပါကဘိ။

ဦးဆောင်သူမှာ 'ရွှေပွတ်စိုးမြင့်' တည်း။

"လူတစ်ယောက်ရဲ့အနုပညာခံစားမှုဟာ . . .

သူ့ရဲ့ချိုင်းလ်ဟု (Childhood)ကို ဗမာလို ဘယ်လို ပြော

မလဲ ချိုင်းဟု (Childhood)"

ဤနေရာ၌ ရွှေပွတ်စိုးမြင့်သည် ချိုင်းဟု (Childhood) ကို ဗမာလို ဘယ့်နှယ်ပြောရပါအံ့ဟု . .

ထစ်၊ အ၊ တုံ့၊ ဆိုင်း၍ မျက်လုံးကလေး ကလယ်ကလယ် ဖြစ်၍နေတော့ရာ . . .

အနီးရှိလောကခံထိုက်ထိုက်က . .

**‘ကလေးဘဝ’**

ဟု ဝင်ထောက်ပေးလိုက်ပါမှ အလုံးကြီး ကျသွားဟန်ဖြင့်. .

“အဲ. . ဟုတ်တယ်. . ဗမာလို ကလေးဘဝပေါ့. .

အနုပညာခံစားမှုဟာ ကလေးဘဝနဲ့လည်း ဆိုင်တယ်ဗျ”

ဟု စကားကို ဆက်ချေ၏။

“သဟာနဲ့ ရွှေပွတ်စိုးမြင့်. . . .

လူတစ်ယောက်ရဲ့အနုပညာ ခံစားမှုဟာ. . . ပတ်ဝန်းကျင်နဲ့ ရောမဆိုင်ဘူးလားဗျာ”

“အဟော်. . . ဆိုင်ပါသော်ကောဗျာ. . ကလေးဘဝရော. .

ပတ်ဝန်းကျင်ရော. . .

နောက်. . . အိပ်စ်ပရီးရီးယင့် (Experience) ပေါ့၊ ဗမာလို ဘယ်လိုပြောမလဲ”

ရွှေပွတ်စိုးမြင့် ထစ်၊ အ၊ တုံ့၊ ဆိုင်းပြန်ချေကပြီ။

လောကခံထိုက်ထိုက်ကပင် ထောက်ပေးရပြန်ပါ၏။

**“အတွေ့အကြုံ”**

“အဲ. . . ဟုတ်တယ်. . အတွေ့အကြုံ. .

အတွေ့အကြုံကလည်း အနုပညာခံစားမှုမှာ အရေးကြီးတာ ပါပဲ”

အိပ်စ်ပရီးရီးယင့်ကို ဗမာလို ဘယ်လိုပြောရမှန်းမသိသူ ရွှေပွတ်စိုးမြင့်သည် လောကခံထိုက်ထိုက်က အတွေ့အကြုံဟု ထောက်ပေးလိုက်တော့မှ ချောကာမောကာသွားဘိချေ၏။

“သည်ကနေ့ လူငယ်တွေဟာ အတိတ်ကို မေ့လွန်းတယ်

ထင်မိတယ်၊ ရွှေပွတ်စိုးမြင့်ရယ်. . . ”

"မှန်တယ်. . ဒါဟာ 'အမှား'ပဲ. .
သူတို့ကိုတွေးဖို့၊ ရေးဖို့ မဆိုလိုပါဘူး. . . အနို့သော် ကလပ်
စစ် (Classic) . . .
ဟုတ်တယ်၊ ကလပ်စစ် (Classic) အဲ. . ဗမာလို ဘယ်လို
ပြောမလဲ"
ရွှေပွတ်စိုးမြင့်တစ်ယောက် . . .
ထစ်၊ အ၊ တုံ့၊ ဆိုင်း၍သွားပြန်ချေ၏။
ဤ၌မူ ထွန်းထွန်း(အလွမ်းကမ္ဘာ)က ထောက်ပေးလှာချေ
သည်။

**"ဂန္ထဝင်"**

"ဟုတ်ပြီ၊ ဂန္ထဝင်. . ဂန္ထဝင်ထဲမှာမှ အမျိုးသားအမွေအနှစ်ကို
တွေ့နိုင်တာ၊ လေ့တော့လေ့လာသင့်တာပေါ့. . .
တစ်ခါ တစ်ခါ ဂန္ထဝင်တွေကို ဖြတ်သန်းရင်းနဲ့ အင်စပိုက်
ရေးရှင်း (Inspriation) ဗမာလိုဘယ်လိုပြောမလဲ"

**"စိတ်ကူးစိတ်သန်း"**

"အဲ. . ဟုတ်တယ်၊ စိတ်ကူးစိတ်သန်းရချင် ရလာတတ်
တာ"
"ဒါပေမယ့်လည်း ရွှေပွတ်စိုးမြင့်ရယ်၊ အခုခေတ်က
အနုပညာအပေါ် အာရုံမရှိကြသလိုပါပဲ"
"အေးလေ. . . အင်ဖော်မေးရှင်းအေ့ဂျ်
(Information Age) ဗမာလို ဘယ်လိုပြောမလဲ"

**"သတင်းခေတ်"**

"အဲ. . . ဟုတ်တယ်. . . သတင်းခေတ်ဆိုတော့ လူတွေဟာ

နောလစ်ဂျ် (Knowledge) ဗမာလိုဘယ်လိုပြောမလဲ”

**“အသိပညာ”**

“ဟုတ်ပြီ. . . အသိပညာမှာတင် ရပ်တန့်သွားကြတယ်. . အီမိုးရှင်း (Emotion) ဗမာလိုဘယ်လိုပြောမလဲ”

**“စိတ်ခံစားမှု”**

“အဲ. . . ဟုတ်ပါရဲ့. . . စိတ်ခံစားမှုဘက်ကို အားလျော့သွားကြတယ်. . . ဒါအမှားပေါ့. . ”

ထွန်းထွန်း(အလွမ်းကမ္ဘာ)သည်ကား ရွှေပွတ်စိုးမြင့် ဗမာလိုဘယ်လိုပြောရမှန်းမသိသည့်. . .

Classic, Inspiration, Information Age, Knowledge, Emotion စသော . . .

ဝေါဟာရပဒေသာကို ဂန္ထဝင်၊ စိတ်ကူးစိတ်သန်း၊ သတင်းခေတ်၊ အသိပညာ၊ စိတ်ခံစားမှု၊ စသည်စသည်ဖြင့် . . . .

ဗမာလိုပြောထည့်ပြီး လိုက်သည်၏နောက် နွမ်းလျသွားဟန်ဖြင့် . . .

‘ပင်ကျရည်’ တစ်ခွက်ကို မော့ချထည့်လိုက်ပြီးသည်၏ သကာလ . . .

ဖားကြော်တစ်ဖတ်ကို ကောက်ယူကာ ဝါးလျက်နေတော့ချေ၏။

“ရသစာပေ အားနည်းသွားတယ် ရွှေပွတ်စိုးမြင့်ရဲ့. . . ”

“ဒါပေါ့. . ခုဆို နွန်းဖစ်ရှင် (Non-Fiction) ဗမာလိုဘယ်လိုပြောမလဲ”

**“ဝတ္ထုမဟုတ်တဲ့စာပေ”**

"ဟုတ်တယ်. . . ဝတ္ထုမဟုတ်တဲ့စာမျိုးကို လူတွေက ပိုဖတ်
 လာကြတယ်. . . "

ထွန်းထွန်း(အလွမ်းကမ္ဘာ)က ရွှေပွတ်စိုးမြင့်ဗမာလိုဘယ်လို ပြောရမှန်းမသိသည့် ....

Non-Fiction ကို ဝတ္ထုမဟုတ်တဲ့စာပေဟု ထောက်ပေးခဲ့ရ ပြန်ပါချေ၏။

အနှီသို့ စကားကောင်းနေကြစဉ်အခိုက်ဝယ် . . .

မိန်းမရွယ်တစ်ဦး ခပ်သုတ်သုတ်ရောက်လာပြီးသည်၏ သကာလ . . .

ရွှေပွတ်စိုးမြင့်ကို ခပ်တိုးတိုး စကားကပ်ပြောကာ ခပ်သုတ် သုတ်ပင်လျှင် ပြန်လည်၍ထွက်ခွာသွားချေ၏။

"အင်း. . ကိစ္စပေါ်ပြီ. . .

ကိုယ့်ရဲ့ စတက်ဖ်ဖားသား (Step- father) ဗမာလိုဘယ်လို
 ပြောမလဲ"

**"မင့်အမေရဲ့ နောက်ယောကျ်ား. .**
**မင့်ပထွေးပေါ့"**

"အဲ. . ဟုတ်ကဲ့. . ကျွန်တော့်မိခင်ရဲ့ နောက်အိမ်ထောင်. .
 အကျွန့် စတက်ဖ်ဖားသားကြီး ကျန်းမာရေးအခြေအနေ
 ဆိုးလာလို့. . . ခွင့်ပြုကြလင့်ပါဦးအဆွေတို့. . . "

အနှီတစ်ကြိမ်၌မူ . . .

'Step-father' ကို . . .

'မင့်အမေရဲ့နောက် ယောကျ်ား မင့်ပထွေး'

ဟု ဗမာလိုပြောလိုက်သူမှာ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းသာ ဖြစ်ပါ၏။

ရွှေပွတ်စိုးမြင့်သည်ကား ဘကြီးကြွက်သိုး၏ ထန်းတောထဲမှ ခပ်သုတ်သုတ်ကလေးကျောခိုင်းထွက်ခွာသွားခဲ့ပြီဖြစ်ပေသတည်း။


စင်ပေါ်ကလူ
THEIN

## (တစ်)

Man မဲန်းကိုလူသားဟု ဘာသာပြန်ဆို၏။ ၎င်းနောက် ယင်းအနီး Man မဲန်း၏ရှေ့မှနေ၍အဲဂျီးဒစ် (Adjective)ခေါ် နာမဝိသေသနများကို အထူးပြုထည့်သွင်းကာ သာမန်မဟုတ် သော လူသားတို့ အလျှိုလျှိုပေါ်ထွန်း၍လာခဲ့ချေရာ တော်ကြာနေ ဘာ လူသား၊ တော်ကြာနေ ညာလူသားနှင့်'ဟဝ့ါ'တစ်မူခြား၍သာ နေကြကုန်တော့ချေသည်တည့်။

## (နှစ်)

ကျွန်ုပ်တို့ငယ်စဉ်က Super man ဟူ၍ ပေါ်ထွန်းခဲ့ဖူးပါ၏။ စွမ်းပကားအရာဝယ် ဇမ္ဗူတံခွန်ပ,လွှားချေသည့်'လူလွန်မ,သား' တစ်ဦးသာပင်။ အနို့နောက် Bat man ဟူသည့်လူတစ်ဦးလည်း ပေါ်ထွန်း၍လာခဲ့ပြန်ပါ၏။ 'လင်းနို့လူသား'ဟူလို။ သို့တပြီးမူ Spider man ဟူပေါ်ထွန်း၍လာခဲ့ပြန်ချေရာ အမျှင်အထပ်ထပ်ဆွဲ ချိတ်မှု အစွမ်းတွေကြောင့် ရင်တလှပ်လှပ် အသည်းထိတ်လုဘနန်း

ဖြစ်ခဲ့ရချေသည့်'ပင့်ကူလူသား'ပင်။ ဤမှတစ်ဖန် ပေါ်ပေါက်၍လာပြန်သည်က Hollow man ဟူသတည်း။ တစ်မျိုးပိုကြောက်အမူခြားသည့် 'တိုးလျှိုပေါက်လူသား'ပါပေတကား။

## (သုံး)

အနှီ Super man, Bat man, Spider man, Hollow man စသူတို့အလား ကျွန်ုပ်တို့၏'သပွတ်အူ'ကျေးရွာတွင်လည်း လူသားတစ်ယောက်ပေါ်ထွန်း၍လာ၏။ Stage man ဟူသတည်း။ State man မဟုတ်။ State man ဟူသည် နိုင်ငံတည်ဆောက်ရေးသမားကိုဆိုလိုခြင်းဖြစ်သည်။ Stage man ။ ဟုတ်၏. . Stage man. စင်ပေါ်ကလူ။ အနှီ Stage man ဟူသည် ရွှေပွတ်စိုးမြင့်ပင်လျှင်ဖြစ်ဘိပါချေပေသည်တကား။

## (လေး)

ရွှေပွတ်စိုးမြင့်တစ်ယောက် အချိန်ရယ်၊ အခါရယ်၊ နေရာရယ်၊ ဒေသရယ်မစဉ်းစားတော့ဘဲ Stage ရှိလျှင်တက်၍တက်၍ 'ရပ်ချင်သောရောဂါ'မှာ ဆယ်စုနှစ်စွန်းစွန်းလောက်ကတည်းကဟု ဆိုသော်ရစကောင်းပေစွာ၏။ နှောင်းသော် Stage ရှိမှမဟုတ်။ ခွေးခြေပုကလေးများ၊ တောင်ကုန်းမို့မို့ကလေးများ၊ လူစုစုရှေ့ရှိကွက်လပ်ကလေးများကအစ အလွတ်မပေးတော့ကပဲ ထွက်၍ထွက်၍သာလျှင် ရပ်တော်မူ၍နေတော့ချေသည်တည့်။

## (ငါး)

တစ်ခါကသော် 'သပွတ်အူ'မွေးဌာနေ၏ တပေါင်းလပြည့်နေ့ ညတွင် ရွာဦးဘုန်းကြီးကျောင်းမြေတလင်းပြောင်ပြောင်၌ ပိတ်ကား ကြီးတစ်ကား စိုက်ထူထောင်မတ်ကာ သုံးကားပေါင်းမိုးအလင်း ရုပ်ရှင်ပြသ၏။ မဆွဦးစွာ သကြ်န်မိုးရုပ်ရှင်ကားကိုပြသ၏။ အသို့ နှင့်သကြ်န်မိုးပြီးလေသော် ပိတ်ကားရှေ့တွင် ခွေးခြေကလေးတစ် လုံးချကာ 'ရွှေပွတ်စိုးမြင့်'မတ်တတ်ကယ် ပေါ်လာ၏။ ပရိသတ်တို့ ကား 'ရွှေပွတ်စိုးမြင့်ကြီး'ဟဲ့. . 'ရွှေပွတ်စိုးမြင့်ကြီး'ဟဲ့. . ဟု ဆိုကာ ပွစိပွစိဖြစ်လာကြရာမှ အတန်ငယ်အကြာတွင် ရှဲခနဲတိတ်၏။

"ချစ်ဆွေတို့. . ခေတ္တစကားပြောပါရစေ. . ယခု တင်ဆက်ခဲ့ တဲ့ဇာတ်ကားဟာ 'သကြ်န်မိုး' ဇာတ်ကားဖြစ်ပါတယ်. . ယခု ဆက်လက်၍ သူ့ကျွန်မခံပြီ. . ပြသသွားမှာဖြစ်ပါတယ် . . ရှုစားအားပေးကြပါခင်ဗျား. . . "

ပရိသတ်တို့၏'ဟေးခနဲ'အော်သံများကြားမှနေ၍ လျှောက် လှမ်းကာ ထွက်ခွာသွားသော 'ရွှေပွတ်စိုးမြင့်'မှာကား လက်များကို ဝှေ့ကာယမ်းကာ ထွက်ခွာသွားပုံမှာ ဝင့်ကြွားလှပါကဘိ။ အကယ် တန္တု ယနေ့ညပြသမည့်ဇာတ်ကားများဟူသော ဆိုင်းဘုတ်ကြီးမှာ ကွင်းအစပ်၌ ထီးထီးမားမားရှိနှင့်ပြီးသားဟူလို။

## (ခြောက်)

တစ်ခါသား၌သော် ကျွန်ုပ်တို့၏'သပွတ်အူ'ကျေးရွာ၌ သက် ကြီးပူဇော်ပွဲကလေးကျင်းပဝှဲချီးချေ၏။ 'တာသကြ်န်'နှစ်ကူး တန်ခူး သမယညချမ်းအချိန်ကလေးပေတည်း။ အဘိုးအဘွားများ အားလုံး

စင်မြင့်ပေါ်၌ နေရာယူပြီးကြကုပြီ။ ကန်တော့ကြိုးကို တိုင်ပေးမည့် ပုဂ္ဂိုလ်ကလည်း ပရိသတ်ရှေ့၌ ပဆစ်တုပ်လျက်ရှိကပြီ။ ပရိသတ် အားလုံးကလည်း ဦးနှိမ်မာန်လျှော့ကန်တော့ဖို့ အသင့်အနေ အထားရောက်ကပြီ။

ဤ၌အဘိုးအဘွားတို့ရှိရာ စင်မြင့်ပေါ်သို့'ရွှေပွတ်စိုးမြင့်' ခွေ့ခနဲရောက်သွား၏။ 'မိုက်ခွက်'ကိုကိုင်လျက်။

"တစ်ခုမေတ္တာရပ်ခံပါရစေ. .

ဘိုးဘွားတို့ကို ကန်တော့တဲ့အခါ. .

မိရိုးဖလာတာဝန်အရ. . ကန်တော့. .

ကြရတဲ့. . အနက်အဓိပ္ပာယ်မျှသာ. .

မဟုတ်ဘဲ. . ရင်ဘတ်ထဲက. .

တကယ့် Emotional ခံစားမှုနဲ့. .

ကန်တော့ကြဖို့. . ကျွန်တော်. .

ဒီနေရာကနေ ပြောကြားလိုတယ်. . "

ကန်တော့လုလု လူတို့ 'ရွှေပွတ်စိုးမြင့်' စင်ပေါ်မှပြန်ဆင်းသည် အထိ ခေတ္တခဏဆိုင်းငံ့၍နေကြရကုန်၏။

## (ခုနစ်)

'သပွတ်အူ'မွေးဌာနေသည်ကား ဗုဒ္ဓဘာသာအခြေခံကျေးရွာ ကလေးတစ်ရွာ ဖြစ်ပါ၏။ အနို့မို့ကြောင့် ရံခါရံခါတရားပွဲကလေး များ ကျင်းပလေ့ရှိပါ၏။ သို့ကလိုနှင့် တစ်ခါသော် နာမည်ကျော် ဓမ္မကထိကဆရာတော်တစ်ပါးကို ပင့်ဖိတ်ကာ 'သပွတ်အူ'ညချမ်း ၌ ဓမ္မမိတ်ဆွေတို့အပြင် ရွာနီးချုပ်စပ်ပရိသတ်တို့ကပါ ထောင်း

ထောင်းထအောင် ကောင်းကောင်းကြွခဲ့ကြပေရာ သောင်းသောင်းဖြဖြသာတည်း။

ဆရာတော်ကား ဒါနအကြောင်းကို အနှစ်သားပါပါ ဟောကြားနေသခိုက်ဖြစ်ပါ၏။ တဖြည်းဖြည်းနှင့်တရားပွဲမှာ လေးနက်၍ လာပေရာ ဒါနပြုရာတွင် ဥပေက္ခာစိတ်နှင့်ပြုသည်က မြတ်သလား၊ သောမနဿနှင့်ပြုသည်က မြတ်သလားဟူသော အပိုင်းကို ရောက်ရှိ၍ လာလတ်ပါ၏။

'ရွှေပွတ်စိုးမြင့်'စင်ပေါ်သို့တက်လာချေကပြီ။ ဆရာတော်ကို ဦးချကန်တော့ပါ၏။ ၎င်းနောက်'မိုက်ခွက်'ကိုယူ၏။ ဒူးထောက်လျက်ကပင် ပရိသတ်ဘက်သို့ကြည့်၏။ ၎င်းနောက်မြွက်ဟသည်မှာ . .

"ခမ္ဗမိတ်ဆွေ. . အပေါင်းတို့ခင်ဗျား. . .
သော့တွဲကလေး. . တစ်တွဲကောက်ရထားပါတယ်. . .
ပိုင်ရှင်ရှိပါက. . တရားပွဲအပြီးမှာ လာရောက်
ယူဆောင်နိုင်ပါတယ်ခင်ဗျား. . . "ဟူလို။

**(ရှစ်)**

'ရွှေပွတ်စိုးမြင့်'ကား နည်းနည်းမြင့်လျှင် ခွေးခြေပေါ်ကအစ စကားတက်၍တက်၍ပြော၏။ အနို့ကြောင့် 'သပွတ်အူ'တစ်ဝိုက်တွင် သူ့ကိုမသိသူဟူ၍မရှိ။ စင်ပေါ်ကလူ ပေသာတည့်။




ဆရာပြောပါရစေ

## (တစ်)

ဤလောက မြေမဟီ၌ ‘ဆရာ’ ဟူသောစကား၏အနက် အဓိပ္ပာယ်မှာ အဘယ်နည်း။ ‘ဆရာ’တည်းဟူသော‘အမျိုးအစား’ အကွဲအပြားအားဖြင့်ရော ဘယ်ရွေ့ဘယ်မျှရှိကြပါချေသနည်း။

မြန်မာတို့ကား ဆရာကိုရေလဲနှင့်သုံးကြချေ၏။ စာပေသင်ကြားပို့ချသမှုပြုကြချေသော ‘ကျောင်းဆရာ’မှစတင်ကာ ‘ဆေးဆရာ’၊ ‘လက်သမားဆရာ’၊ ‘ဆံသဆရာ’၊ ‘ကားဆရာ’၊ ‘ဆိုက်ကားဆရာ’၊ ‘သမ္မာန်ဆရာ’၊ ‘ပန်းရံဆရာ’၊ ‘ပန်းပုဆရာ’၊ ‘မိတ်ကပ် ဆရာ’၊ ‘ပန်းချီဆရာ’၊ ‘စာရေးဆရာ’၊ ‘အနှိပ်ဆရာ’၊ ‘အကြော် ဆရာ’၊ ‘မုန့်ဆရာ’၊ ‘ကာတွန်းဆရာ’စသည် စသည် စသည်. . ။

အနို့အပြင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍လည်း တစ်နည်းတစ်ဖုံ ခွဲခြမ်းစိတ်ဖြာ ဘိကြချေပါသေး၏။

ဖြိတိသျှတို့ကား စာပေသင်ကြားပို့ချပေးသည့် ပုဂ္ဂိုလ်တို့

ကိုသာ Teacher ဟုခေါ်ပြီး၊ ကျန်သူတို့ကို'ဆရာ'မခေါ်ချေ။ 'ချိုင်းနိစ်'ခေါ်'တရုတ်'ဘာသာစကားတွင်လည်း စာပေသင်ကြားပို့ချပေးသူကိုသာ 'ဆရာ'ခေါ်လျက် ကျန်အသက်မွေးဝမ်းကျောင်းတို့ကို 'ဆရာ'မခေါ်ပါချေ။

**(နှစ်)**

တစ်နေ့သော် 'မောင်သွေးသစ်'မည်သော'ကဗျာဆရာ'တစ်ဦးနှင့် ကျွန်ုပ်'ဂျက်ကွမ်းခြံကုန်း'တို့ တွေ့ကြ၏။ အနှီကဗျာဆရာက ကျွန်ုပ်အား စေ့စေ့ငှငှကြည့်တော်မူပြီးသည့်သကာလ၊ လောကတွင် ဆရာသုံးမျိုးရှိသည်ဟု ဆို၏။

ပထမဆရာမှာကား မကောင်းတတ်လွန်းသောကြောင့် ခေါ်နေရသော'ဆရာ'ဟု ဆိုပါ၏။ ငွေကြေး ဓနအရှိန်အဝါတို့ကြောင့် ဆရာအခေါ်ခံနေရသူများကို ဆိုလိုပုံရပါချေ၏။ ဒုတိယဆရာမှာကား နိုင်ငံတော်က 'ဆရာ'အခေါ်ခိုင်းထားသူများ ဖြစ်သည်ဟု ဆိုပါချေသည်။ 'ကျောင်းဆရာ'များကို ဆိုလိုပုံရပါချေ၏။ တတိယဆရာမှာကား လေးစားခင်မင်လွန်းမှုကြောင့် ခေါ်နေကြသော 'ဆရာ' ဟုဆိုပါ၏။ 'ဆရာ မင်းသုဝဏ်'၊ 'ဆရာ ပါရဂူ'၊ 'ဆရာမြသန်းတင့်'၊ 'ဆရာမောင်သာနိုး'၊ 'ဆရာဒဂုန်တာရာ'၊ 'ဆရာနတ်နွယ်'၊ 'ဆရာနန္ဒာသိန်းဇံ'စသည်များပင်။ ဤကား ကဗျာ့ဝိဓူ 'မောင်သွေးသစ်' အလိုဟူပေတကား။

**(သုံး)**

ကျွန်ုပ်တို့က 'ဆရာ'ခေါ်သောပုဂ္ဂိုလ်တို့တွင် ထူးခြားသမှု

တစ်ခုရှိပါ၏။ ယင်းမှာကား ဘယ်နံ့ရောအခါကမှ မိမိတို့ကိုယ် မိမိတို့'ဆရာ'ဟု သုံးစွဲသမှုမပြုကြခြင်းပါတည်း။ 'ဆရာ မင်းသုဝဏ်'၊ 'ဆရာပါရဂူ'၊ 'ဆရာမြသန်းတင့်'၊ 'ဆရာဒဂုန်တာရာ'၊ 'ဆရာ နတ်နွယ်'၊ 'ဆရာနန္ဒာသိန်းဇံ' အားလုံးနှင်နှင် ကျွန်တော်. . ကျွန်တော် . . နှင့်သာပင်။ ဆရာမောင်သာနိုးတစ်ယောက်သာလျှင် "ကိုယ်" ဟူ၏။ ကိုယ်ပြောမယ်. . ကိုယ်တို့တုန်းက. . စသည်. . စသည်။ အဘယ်သူကမှ မိမိတို့ကိုယ် မိမိတို့ 'ဆရာ'မဆိုကြချေသတည်း။

## (လေး)

မိမိကိုယ်မိမိ'ဆရာ'ဟု ရည်ညွှန်းပြောဆို တတ်သူများထဲ၌ 'သပွတ်အူ' သား 'လောကခံ ထိုက်ထိုက်'ဟူသည် အတော်ကလေး နာမည်ထွက် သူဖြစ်ပါ၏။ သူကား 'ဂျာနယ်လစ်ဇင်း'ခေါ် စာနယ်ဇင်းလောကသို့ ဝင်ရောက်သွားပြီးသည့်သကာလ ရန်ကုန်မြို့၌ အခြေစိုက်နေထိုင်သွားသူတစ်ဦးပင်။

တစ်ခါသော် ကျွန်ုပ်'ဂျက်ကွမ်းခြံကုန်း' အပါအဝင် စာပေမိတ်ဆွေတစ်စုတို့သည် တာမွေဘက်မှ လက်ဖက်ရည် ဆိုင်ကြီး တစ်ဆိုင်တွင် လက်ဖက်ရည်သောက်လျက်ရှိပါ၏။ အနီးဝိုင်းတွင် အဆိုပါ 'လောကခံထိုက်ထိုက်'လည်း ပါဝင်၏။ စကားစမြည်ပြောဆိုပြီးသည့်သကာလ လက်ဖက်ရည်ဖိုးရှင်းရန်လုပ်သူမှာ 'လောကခံထိုက်ထိုက်'ပင်။ စားပွဲထိုးကလေးကို သူလှမ်းခေါ်ပုံမှာ ဤသို့

"ညီလေးရေ. . ဆရာတို့ဝိုင်းကိုလာပါဦးကွ. .

ဘယ်လောက်ကျလဲ. . တွက်ပါဦး"

ဤစဉ်၌သူပေးမည်ငါပေးမည်နှင့် အနည်းငယ်အလုအယက်

သဘောကလေး ဆောင်သွားခဲ့ရာ 'လောကခံထိုက်ထိုက်' က. .
“နေ. . နေ. . ဆရာရှင်းလိုက်မယ်. . ”
ဟုလို၏။

(ငါး)

တစ်နေ့သော် ကျွန်ုပ်အပါအဝင် စာပေမိတ်ဆွေသုံးလေးဦးခန့်တို့သည် အကြင်လူ 'လောကခံထိုက်ထိုက်' နှင့်အတူ ရန်ကုန်မြို့ထဲဘက်ဆီသို့ ဘတ်စ်ကားနှင့်သွားခဲ့ကြပါ၏။ ဘတ်စ်ကားမှာ အတန်ငယ် ကျပ်သည်ဖြစ်ရာ ကျွန်ုပ်တို့(၃)ယောက်က နောက် ဘက်အပေါက်မှတက်လိုက်ကြပြီးသည်၏သကာလ 'လောကခံထိုက်ထိုက်'က ရှေ့ဘက်အပေါက်မှတက်၏။ 'ကားစပယ်ယာ' ခေါ် 'လက်မှတ်ရောင်း' သည်ကား ဘတ်စ်ကား၏ အလယ်လောက်တွင် ရောက်ရှိ၍နေလတ်၏။ ဤတွင် 'လောကခံထိုက်ထိုက်'ကား တစ်ကားလုံးကြားအောင် အသံကိုမြှင့်လျက်က. . .
“ဟေ့. . ကားစပယ်ယာ. . ညီလေးရေ. .
နောက်က သုံးယောက်အတွက်ပါ. . ဆရာ့ဆီကယူလိုက်ပါ
ဟေ့. . ဆရာပေးမယ်”
ဟုသတည်း။

(ခြောက်)

လက်ဖက်ရည်ဆိုင်များ၌. . .
“ဆရာတို့ဝိုင်းကို ရေနွေးတစ်အိုးလောက်ချကွာ”
ယစ်ရှွေရည်ဆိုင်ကလေးများ၌. . .

"ဆရာတို့ကို ဘိတ်ချဉ်ကလေးပေးကွာ"

မင်္ဂဇင်းဘုတ်အုပ်တိုက်များ၌. . .

"ဆရာ့အတွက် စာမူခနဲ့စာအုပ်ကလေး. . "

အဝေးပြေးကားဂိတ်၌. . .

"ဆရာ့ကို နေမပူတဲ့ဘက်က တစ်ခုံလုပ်ကွာ"

စာပေမိတ်သင်္ဂဟကလေး၏ခြံပေါက်ဝ၌. . .

"ကဲ. . ဆရာဝင်လာပြီဟေ့. . "

စာပေစကားဝိုင်းကလေးများ၌. . .

"ဟတ်လား. . အဲသည့်ကဗျာ ဆရာမဖတ်ရသေးဘူး"

စသည်. . .

စသည်. . .

စသည်ဖြင့် မိမိကိုယ်မိမိ 'ဆရာ'ချင်းထပ်အောင် သတ်မှတ်ရည်ညွှန်းလျက် စကားပြောနေလေ့ရှိသူ'လောကခံထိုက်ထိုက်'သည်ကား အချိန်ကာလအတန်ငယ်လင့်သည်ရှိလေသော် 'ဆရာလောကခံထိုက်ထိုက်'ဟူသောအမည်ကိုပိုင်စိုး၏။

အနို့နှင့် မိမိကိုယ်မိမိ'ဆရာ. . . ဆရာ. . 'နှင့် ညွှန်း၍၊ ညွှန်း၍ ပြောရာမှ သူ့အလိုလို၊ ဘာဆရာမှန်းမသိ၊ 'ဆရာ'ဖြစ်သွားသော 'လောကခံထိုက်ထိုက်'နေထိုင်ရာ ရန်ကုန်မြို့ဆင်ခြေဖုံးရှိခြံဝင်းကလေးရှေ့တွင် တစ်ခုသောညနေခင်း၌ လူသုံးလေးယောက်ခန့် စုစု. . စုစုနှင့် ရောက်လာ၏။ ၎င်းနောက်ခြံတံခါးအဝတွင် ချိတ်ဆွဲထားသော 'ခေါင်းလောင်း'ကလေးကို လှုပ်ကာလှုခေါ်၏။

"ခဏကလေးဟေ့. . ခဏကလေး. . ဆရာရေချိုးနေလို့"

ခေတ္တခန့်လင့်သွားပြီးသော် 'ခေါင်းလောင်းသံ'မြည်လာပြန်၏။

"ပြီးပါပြီဟ. . ဆရာအဝတ်လဲနေလို့"

စဉ်းငယ်ခန့်အကြာ ခေါင်းလောင်းသံမြည်ပြန်ပါ၏။

"ဆရာလာပါပြီဟ. . ခေါင်းဖြီးရုံလေးပါ"

အနို့နှင့် 'လောကခံထိုက်ထိုက်'ခြံတံခါးအဝသို့ ရောက်ရှိလာကာ တံခါးကိုဖွင့်ပေးလှာပါ၏။ နှုတ်မှလည်း. . .

"ဆရာနည်းနည်းကလေး ကြာသွားသကွာ"

ဟုသတည်း။

တံခါးပွင့်သော် တွေ့ရသည်က 'သပွတ်အူ'ကျေးရွာ၊ မူလတန်းကျောင်းမှ'ကျောင်းဆရာ၊ဆရာမ'သုံးယောက်။ ဆရာ၊ ဆရာမဟောင်းများအတွက်'အာစရိယပူဇော်ပွဲကျင်းပရန် အလို့ငှာ လာရောက်၍ 'အလှူခံခြင်း'။ တစ်ဦးမှာ 'လောကခံထိုက်ထိုက်'၏ဆရာဟောင်း'ကျောင်းအုပ်ဆရာကြီးကိုယ်တိုင်'။ အနို့သော် မိမိကိုယ်မိမိ'ဆရာ'ဟု ညွှန်းသော'ဓလေ့'ကို 'လောကခံထိုက်ထိုက်'တစ်ယောက် မစွန့်လွှတ်နိုင်ပြီ။

"ဩော်. . ဆရာတို့. . ဆရာမတို့. . ဆရာကြီးလည်းပါသကိုး. . လာလာ. . ဆရာ. . အားနာလိုက်တာ"

"အာစရိယပူဇော်ပွဲအတွက် လာသဟ"

"ပါဝင်ရမှာပေါ့ဆရာကြီးရယ်. . ဆရာလည်း တတ်အားသမျှ ထည့်ပါ့မယ်"

"အေးလေ . . ကောင်းပါရဲ့ . . သဟာနဲ့မောင်ရင်လည်း ရန်ကုန်မှာ 'ဆရာ'တစ်ဆူဖြစ်နေပေါ့. . ဟတ်လား"

"ဟုတ်ကဲ့. . အနို့သော် ဖတ်ရ. . ရေးရနဲ့ . . ဆရာတို့အလုပ်က ခေါင်းခြောက်ပါတယ် ဆရာကြီး"

စဉ်းငယ်ခန့်ကြာပြီးသည်ရှိသော်. . ခြံဝ၌. . .

"ကဲ . . . ဆရာတို့တွေ ပြန်ကြလေဦး . . . ဆရာ၊ ဆရာမ အားလုံးကို ဆရာက သတိရနေကြောင်း ပြောလိုက်ကြပါ . . ဆရာ ကန်တော့ပွဲကို ဆရာလာခဲ့မှာပါ. . ဆရာလိုက်မပို့တော့ဘူးနော် . . ဆရာ့ရွာ နဲ့ ဆရာ့ကျောင်း၊ ဆရာကောင်းကောင်းလွမ်းလှ သဗျာ"

'လောကခံထိုက်ထိုက်' ကား နောက်ထပ် 'ဆရာ' တစ်မျိုးပေတည့်။ ။



## (တစ်)

ကျွန်ုပ်ကား ခရီးယာယီအလွန်များသော လူတစ်ယောက်ပင် ဖြစ်ဘိပေချေသည်တမုံ့။ အိန္ဒိယစာရေးဆရာကြီး ရာဟုလာသံကိစ္စည်းက အနို့ကလိုစကားဆိုမိန့်ဖူးပါ၏။

“ကမ္ဘာတစ်ခွင်သို့ လှည့်လည်လော့. . ။
ဘဝတစ်သက်တာ ဆိုသည်မှာ. .
တစ်ခါသာ ရောက်လာသည်။ ဘဝ
တစ်သက်တာ အတွင်းမှာလည်း. .
ပျို့ရွယ်မှုဟူသည် တစ်ကြိမ်သာ
လာရောက်သည်” ဟူသတည်း။

မှန်၏။ အသက်ရှင်ခိုက် ပျို့ရွယ်နေသေးသခိုက် ကျွန်ုပ်တို့ ခရီးတွေဆက်တိုက်သွားကြရပေမည်။ ကမ္ဘာတစ်ခွင်(သို့မဟုတ်) မြန်မာတစ်ခွင် ကျွန်ုပ်တို့ခြေလှမ်းပြင်ကြရပေမည်။ ကျွန်ုပ် ဂျက်

ကွမ်းခြံကုန်းတစ်ကိုယ်တည်း၏အဖို့အရာမူကား မဆွကပင်လျှင် သဘာဝပတ်ဝန်းကျင်ခရီးလမ်းပန်း၌ ပျော်မွေ့တတ်သည့် မနော အလှကလေး ရှိသူဖြစ်ရာ မကြာမကြာခရီးထွက်ဖြစ်ကြောင်း ဝန်ခံ ရမည်ဖြစ်ပါ၏။

ဤ၌ ရှမ်း၊ ကချင်၊ ချင်း၊ ကယားတောင်တန်းကြီးများပေါ် ၌ ခရီးသွားခဲ့ရသည်နှင့်မတူ ဘင်္ဂလားပင်လယ်အော်တစ်လွှား လှိုင်း တဝုန်းဝုန်းကြား၌ ခရီးသွားခဲ့ရ သည်နှင့်လည်းမတူ။ တစ်မူထူးခြား စိတ်လှုပ်ရှားရသည်မှာကားမန္တလေးသို့သွားရသောခရီးပင် ဖြစ်ပေ သည် တမုံ့။

## (နှစ်)

အဆိုတော်ကြီး မစိမ်းစိမ်းက "*ရွှေမန်းဆီသို့ တစ်ခါတစ်ခေါက် ဖြင့်ရောက်စေချင်သည်. . ကျုံးတော် ပတ်လည် မြမြို့ရိုး. . ပြအိုး ပစ္စင် ကာရံကာအတည်. . အညာစံဌာနီ. . သာယာပါဘိသည်* . . "ဟူ၍ သီ ဆိုညွှန်းဖွဲ့ခဲ့လေသော မန္တလေးကား ကျွန်ုပ်ချစ်သော မြို့တစ်မြို့တွင်ပါဝင်၏။ အနီးမြို့သို့ ကျွန်ုပ် သွားခဲ့ခြင်းပင်ဖြစ်ပါ၏။ အချိန်ကား နွေဦးသစ်စ အခါသမယတစ်ခုကပင် ဖြစ်ချေသတည်း။

## (သုံး)

ရန်ကုန်မြို့၊ အဝေးပြေးကား ဝင်းကြီးသည်ကား မြောက်ဥက္က လာပအစွန် အောင်မင်္ဂလာအရပ်၌ရှိ၏။ အနို့သော် ကားလက်မှတ် များကိုမူ ရန်ကုန်မြို့လယ်၌ပါ ဝယ်ယူ၍ရနိုင်အောင် စီစဉ်ပေးထား ၏။ ကောင်းပေစွ။

မန္တလာခရီးသည် ကျွန်ုပ်သည်ကား လက်မှတ်အရောင်း ကောင်တာကလေးဝယ် မန္တလေးလက်မှတ်တစ်စောင်ကိုဝယ်ရချေ၏။

"လက်မှတ်မရှိတော့ပါဘူး ရှင်. . "

"အွန်. . ခက်ကပြီ. . အနို့. . တစ်စောင်တစ်လေကလေး လောက်များ ကျန်လိုကျန်ငြား စေ့ငုပေးပါလား. . သမီးငယ်"

"အဲ. . တကယ့်ကိုမရှိတာပါ ဦး. . ဒါပေမယ့် ဦးသိပ်သွားချင် နေရင် Black ဈေးနဲ့တစ်စောင်တော့ရှိတယ်"

"ကွယ်. . . ရှိရင်ပေး. . . Black ဖြစ်ဖြစ်. . Blue ဖြစ်ဖြစ် . . ကိစ္စမရှိဘူး. . ဘယ်လောက်လဲ"

"တစ်သောင်းနှစ်ထောင်ကျပ်ပါ. . ဦးရှင့်. . "

သူကလေး၏ 'ဦးရှင့်' ဟူသောစကားအဆုံးဝယ် ကျွန်ုပ်က ငွေအသပြာတစ်သောင်းနှစ်ထောင်ကျပ်တိတိကို ပေးအပ်လိုက်မိ ချေသည်တကား တမုံ့သတည်း။

## (လေး)

သူတို့ဖွင့်ထားသောဂိတ်က လက်မှတ်ကို သူတို့ပါးစပ်က ထွက်သော Black ဈေးဖြင့် ဝယ်ယူရရှိပြီးသည့်သကာလ နောက် (၃)ရက်ခန့်အကြာ သာယာသောနွေညနေခင်းဝယ် ကျွန်ုပ်လည်း မန္တလေးသို့သွားရန်အလို့ငှာ အောင်မင်္ဂလာအဝေးပြေးထဲသို့ ဝင် ရောက်မိခဲ့တော့ချေသည်တမုံ့။

## (ငါး)

ကားဂိတ်၌ခရီးသည်များ တစ်ယောက်ပြီးတစ်ယောက်ဝင်

ရောက်လာလျက်ရှိကြလေရာ ဂိတ်မှူးလေလား၊ ဘဇာလေလား မသိ၊ လူတစ်ယောက်က စားပွဲတွင်ထိုင်လျက်က တစ်ယောက်ချင်း စီ ကိုခေါ်ကာ တွတ်တွတ် တွတ်တွတ်နှင့် ရှင်းလင်းပြောဆိုနေခဲ့ လေရာ တစ်ခါသော် ကျွန်ုပ်ဆရာကြီးဂျက်ကွမ်းခြံကုန်း၏ အလှည့် ပေတည်း။

"တို့အစ်ကိုကြီးက. . မစ္စတာဂျက်. . ဟုတ်ပါတယ်နော်"

'ဟုတ်ကြောင်းပါ"

ဤနေရာတွင် သူက ကျွန်ုပ်၏ကားလက်မှတ်ကို ခဏယူ ကြည့်၏။ ထုံးစံအတိုင်း ကားလက်မှတ်၌ ကျသင့်ငွေမပါ။

"လက်မှတ်ခ တစ်သောင်းနှစ်ထောင်ပေးခဲ့ရမယ်ထင်တယ်"

"ဟုတ်ပေသည်"

"ကဲ. . သဟာဆို. . တို့အစ်ကိုကြီးကို သုံးထောင်ပြန်အမ်း မယ်. . ဒီမှာသုံးထောင်. . ဟုတ်ပြီနော်. . ကားခ ကိုးထောင်ယူ လိုက်တာပေါ့. . သို့သော် တို့အစ်ကိုကြီးက တစ်ခုပြန်ကူညီ. . လမ်းမှာ စစ်လို့ ဆေးလို့ မေးခဲ့ရင် (၆၅၀၀)ကျပ်ပဲ ပေးရတယ်လို့ ဖြေပေးပါ. . နော်. . ကျေးဇူးတင်ပါတယ်တို့အစ်ကိုကြီးရေ . . လုပ်စားရတာ မလွယ်ဘူး"

"အိမ်း. . ရသည်ပ. . "

## (ခြောက်)

မန္တလေးသို့သွားရသည်မှာ စိတ်လှုပ်ရှားစရာ ကောင်းပေစွ။ လက်မှတ်ကို တစ်သောင်းနှစ်ထောင်နှင့်ဝယ်ယူ။ အနို့သော် သုံး ထောင်ပြန်အမ်း၊ သို့ကြောင့် ကိုးထောင်ကျ၊ အနို့သော် ခြောက် ထောင့်ငါးရာဟု လာမေးလျှင် ပြော။ ကျွန်ုပ်တို့ ကားတစ်စီးလုံး

ဝင်းအချက်ကို ခေါင်းစက်မှာ မှတ်သားကြရချေ၏။
ခရီးသည်တစ်ဦးကမူကား. .
"မန္တလေးကိုသွားတိုင်း. . ခေါင်းနောက်တယ်. . ပေးတာက ဘယ်လောက်. . တကယ်ယူတာက ဘယ်လောက်. . စိတ်မှာ ဘယ်လောက်မှတ်ထား. . ပါးစပ်က ဘယ်လောက်လို့ ပြောနဲ့. . ဂဏန်းသင်္ချာညံ့ပါတယ်ဆိုမှကွာ. . "
ဟူ၍ငေါ့လိုက်ရာ တစ်ကားလုံးပွဲကျသွား၏။ ခရီးသွားရသည်မှာ ပျော်စရာပါပေတကား။

ရိုက်ဆိုတိုင်း ရိုက်ရမှာပါး



## (တစ်)

အနီှပုဂ္ဂိုလ် သူ၏လက်ဝဲဘက်လက်၌ဝတ်ဆင်ထားသော ဟန်းချိန်း (Hand Chain) ကြီးမှာ အလေးချိန်အားဖြင့် နှစ်ကျပ်ခွဲ သားခန့်ကိုရှိရပေလိမ့်မည်ဟု ကျွန်ုပ်ကခန့်မှန်းမိပါ၏။ ထိုဟန်းချိန်း ဝတ် လက်မည်းမည်းကြီးကို ခပ်နွဲ့နွဲ့ကလေး ကွေးတော်မူကာ ပိုက်ဆံအိတ် နက်ရှဲရှဲကြီးကို မိန်းမလျာပိုက်, ပိုက်ထားသော အနီှ သူက ယင်း ၎င်းပိုက်ဆံအိတ်ကြီးကို ကျွန်ုပ်တို့၏စားပွဲပေါ်သို့ ‘ဗုန်းခနဲ’ မြည်အောင် ပစ်တင်သမှုပြုပြီးသည်၏ သကာလ လွတ် နေသောကုလားထိုင်၌ ဝင်ထိုင်လိုက်ခဲ့ပြီးသော် အောက်ပါ စကား တို့ကို ပြောချလိုက်တော့ဘိချေပေသည်။

“ယနေ့ ယခု ညနေခင်း၏စားပွဲဝိုင်းကလေးကို ကျွန်ုပ်က အပိုင်ဝယ်ယူလိုက်ပေသည်”

လောကခံထိုက်ထိုက်ကား အနို့ကလိုသော စကားကိုဆိုပြီး သည်ရှိသော် စားပွဲပေါ်ရှိသောက်လက်စ 'ဝီစကီ'ဖန်ခွက်များ၊ ဘီယာဖန်ခွက်များ၊ အာလူးကြော်၊ ကန်စွန်းပလိန်း၊ ကြက်ဖင်ဆီဘူး ကင်စသည့် အမြည်းထွေလီကာလီများကို မျက်လုံးတစ်ချက်ဝေ့ ကြည့်လိုက်ပြီးနောက် . . .

'ဒါပဲလား. . ထပ်မံ၍ မှာယူကြပါဦးလော့'

ဟူသည့် အနက်အဓိပ္ပာယ်ဖြင့် ကျွန်ုပ်တို့ အားလုံးကိုကြည့်ရှုဘိ ချေ၏။

မှန်ချေသည်။ ဂျာနယ်လစ် (Journalist) ခေါ် ကျွန်ုပ်တို့ စာနယ်ဇင်းသမား တစ်စုတို့သည် လုပ်ငန်းကိုင်ငန်းအကြံအစည်၊ အဆောင်အရွက်ကိစ္စဝိစ္စတို့ အဆင်ပြေချောမွတ်သမှုရှိလာသည့် အခါတိုင်း ထိုရှိလာသောသူက အနို့ကလို ခပ်ဆင်ဆင် စကား မျိုးကို ဆိုချေကာ တစ်ဝိုင်းလုံးကို ရှင်းသွားတတ်စမြဲပင်ဖြစ်ပါ၏။ ယခု လောကခံထိုက်ထိုက်က ရှင်းမည်ဟုဆိုချေပြီ။

သင်း လုပ်ဆောင်နေသော မဂ္ဂဇင်းဘုတ်အုပ်ကလေး ရောင်း ပန်းဝယ်ပန်း ပွင့်လန်းလာပုံပေတည်း။

"ညီလေးရေ. . . ဖန်ခွက်ကလေး တစ်ခွက် ထပ်မံပေးပါလေ ဦးကွ. . . အနို့ ဒါနဲ့ ကိုယ့်လူရဲ့'ဇဝရက်'မဂ္ဂဇင်းအခြေအနေ ဘယ့် နှယ့်ရှိပါစ. . "

ကျွန်ုပ်ကား စားပွဲထိုးကိုတစ်လီ၊ လောကခံထိုက်ထိုက်ကို တစ်ဖုံ၊ အနို့ကလို သို့ကလို ပြောရာက ကြက်ဖင်ဆီဘူးတစ်ကင်ကို ကောက်ယူကာ ဝါးနေလိုက်မိပါ၏။

"ဇဝရက်ကတော့ အကောင်းဆုံး အနေအထားကို ရောက်ရှိ၍

သွားခဲ့ပါပြီ ဆရာကြီးဂျက်. . ယခုဆို စောင်ရေမှာ တစ်ရာစွန်းစွန်း ကလေးသာလျှင်ရှိတော့ ပါချေတယ်. . ”

ဩော်. . ‘ဧဝရက်’. . ‘ဧဝရက်’။ လောကခံထိုက်ထိုက်စီမံ ဖော်စပ်ထုတ်လုပ်နေသောမဂ္ဂဇင်း‘ဧဝရက်’။

မဂ္ဂဇင်းစောင်ရေ တစ်ရာစွန်းစွန်းကလေးသာလျှင် ရှိတော့ ပါချေသတဲ့။ မင်္ဂလာရှိသော သတင်းပင် ဖြစ်ချေရာ လောကခံ ထိုက်ထိုက်တို့ ရွှေဖြစ်ချေပြီ။ လောကခံထိုက်ထိုက်သည်ကား သူ၏‘ဧဝရက်’မဂ္ဂဇင်း၌ မျက်နှာဖုံးရှင်တင်ရာ၌ လွန်စွာ လွန်စွာ ရဲရင့်စွန့်စားသူပင်။

မော်ဒယ်ဂဲလ်အသစ်၊ မော်ဒယ်ဘွိုင်း အသစ်၊ အဆိုတော် အသစ်၊ ရုပ်ရှင်သရုပ်ဆောင်၊ ဗီဒီယိုသရုပ်ဆောင်အသစ် အသစ် ကလေးများကို လစဉ် လစဉ် တင်ဆက်ပေးနေသူပင်။ ပေးချေရန် မှာမူ ငွေအသပြာလေးသိန်း။ မှန်၏ လေးသိန်း။

မျက်နှာဖုံးရှင်အဖြစ် ပါဝင်လိုသူက မိမိစိတ်ကြိုက်ဓာတ်ပုံ တစ်ပုံနှင့်အတူ ငွေအသပြာ လေးသိန်း ပေးချေရအံ့ချေသည်။ အဲ့သမှာ ဘယ့်နှယ်ကြောင့် မဂ္ဂဇင်းဘုတ်အုပ်ရောင်းကောင်း အောင် လုပ်ဆောင်ရမည်နည်း။

ရိုက်ချက်တို့များပြား၊ အချိန်ကာလတို့ရှည်ကြာ၊ စားစရိတ် တို့ကုန်ကျ၊ အမြတ်အစွန်းနည်းပါး၊ ဟိုမြို့ဆီသို့ ကားနှင့်ပို့ပေးပါဦး၊ သည်မြို့ဆီသို့ ရထားနှင့်ပို့ပေးပါလေဦး. . ။ ရှုပ်ပ။

ယခုနှယ် စောင်ရေ တစ်ရာစွန်းစွန်းသာဆိုသည်ကဖြင့် လက်နိုင်ခြေနိုင်ရယ်သာမို့ လောကခံထိုက်ထိုက်တို့ အောင်မြင် မှုပင်။

မြန်မာစာပေ ဖွံ့ထွားခြင်းတွေ မဖွံ့ထွားခြင်းတွေကို အသာ

ထား။ မျက်နှာဖုံးရှင် အသစ် အသစ်ကလေးတွေဆီက တစ်လကို ပုံမှန်လေးသိန်းလာ ထားလေတော့။ ယခုကြည့်။ အနီညနေခင်း၏ စားပွဲဝိုင်းကလေးကိုပင် လောကခံထိုက်ထိုက်က အပိုင်ဝယ်ယူလိုက်ချေပြီ။

"ညီလေးရေ. . . လုပ်ပါဦးကွ. .

တောင်ပံကင်ကလေး တစ်ပွဲနဲ့. .

နောက်ထပ် ဘီယာတစ်ဂျား. . "

အနီကမ္ဘာတစ်လွှားဝယ်၊ ဘီယာတစ်ဂျားပြီးရင်း ဘီယာတစ်ဂျားနေသည့်ဂျာနယ်လစ်လောကခံထိုက်ထိုက်ပါပေတမုံ့။

**(နှစ်)**

ယခုကာလသည်ကား မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်ဘုတ်အုပ်တို့အတော်ကလေးကိုပင် များပြားသောကာလဖြစ်ပါ၏။

တော်ကြာနေ ဂျာနယ်တစ်စောင်ထွက်ချလာလိုက်၊ တော်ကြာနေ မဂ္ဂဇင်း တစ်စောင်ထွက်ချလာလိုက်နှင့် ဝသန်ဦးတွင် ငါးရစ်တို့မြူးကြလေသည့်နှယ်။

အနို့နှယ် သို့နှယ် မြန်မာစာပေ ပွက်ပွက်ရောင်ကိုင်းနေသည့် သမယ၌ ခေတ်ရေစီးကြောင်းနှင့်အတူ ဂျာနယ်လစ်ဇင်း (Journalism) ခေါ် စာနယ်ဇင်းလောကဘက်၌ အသက်မွေးဝမ်းကျောင်းသမှုပြုရန် အလျှိုအလျှိုသောလူပုဂ္ဂိုလ်တို့ ပေါ်ထွန်းလာခဲ့ကြလေရာ သပွတ်အူသား လူငယ်လူရွယ် အများအပြားတို့သည်လည်း 'ဆတ်ခနဲ' ဆိုသလို ရန်ကုန်တက်လာကြ။

အနို့နောက် 'ဖျတ်ခနဲ' ဆိုသလို ဂျာနယ်လစ်များဖြစ်၍ သွား

ကြလေတော့သည်။

လောကခံ ထိုက်ထိုက်၊ ရွှေပွတ်စိုးမြင့်၊ အထွန်း(လွမ်းကမ္ဘာ)၊ ဘီအက်စီ အသောင်း စသည် စသည်။ အားလုံးနှင်နှင် အယ်ဒီတာ အချုပ်များပေတည့်။

'ဒစ်ဂျစ်တယ်ကင်မရာကလေး' တွေကိုယ်စီနှင့်။ (Hand Set) ခေါ် လက်ကိုင်ဖုန်းကလေးတွေ ကိုယ်စီနှင့်။

ညနေချိန်တိုင်း၊ ဘီယာ လှိုင်း၌ အနှီ ကမ္ဘာ့သမိုင်းကို ရေးခဲ့ကြလေပြီ။

ဤသို့သော ကာလတစ်ခုသောညနေရီ သမယဝယ် ဘီအက်စီ အသောင်းသည် 'ဟူး. . ဟူး. . ဟဲ. . ဟဲ. . ရှူး. . ရှူး. . . ရှဲ. . ရှဲ' ဖြစ်လျက်က ကျွန်ုပ်တို့၏စားပွဲဝိုင်းရှိရာသို့ ရောက်လာ၏။

"တောက်. . မန္တလေးက တစ်မှောင့်. . .

ပြည်က တစ်မှောင့်. . . ပြဿနာကို ရှုပ်ပါတယ်ဗျာ. . "

သြော်. . ဘယ့်နှယ်သို့သော ပြဿနာပါလိမ့်ဟူသည့်အတွေးဖြင့် ကိုယ်စီကိုယ်စီဘီယာဖြင့် သောကကိုမျောချနေကြရာမှ ကျွန်ုပ်ကပင် ဒေါသရှင်ဘီအက်စီအသောင်းကို မေးရပါ၏။

"သိပ္ပံဘွဲ့ရအသောင်းရယ်. . . ဘာတွေများ ဒေါသဖြစ်နေရပါသတုံး. . "

"ဒေါသကတော့ ပြောပြ၍ပင် မနေချင်တော့ပါဘူး. . ဆရာကြီးဂျက်ရယ်. . လစဉ်တောင်းပန်နေရချေတယ်. . စာအုပ်ကိုတိုးပို့ပေးပါ. . တိုးပို့ပေးပါနဲ့. . မိမိတို့က အပြတ်ပြောထားပြီးသား . . တစ်မြို့ကို ငါးအုပ်နှုန်းနဲ့ပဲ လုံးဝပိုမပို့နိုင်ဘူးလို့ . . အဲသဟာ တိုးတိုးတောင်းပန်နေတယ်. . လူကြိုက်များလို့တဲ့ . . လူကြိုက်များ

ရင် လဲသေလိုက်”

ဘီအက်စ်အသောင်းသည်ကား ပြောရင်းပြောရင်း အတော်ကလေးကိုပင်လျှင် ဒေါသထန်ပြင်းလာပုံရပါ၏။ ကြက်တောင်ပံနှစ်ခုကိုဆက်တိုက်ဆိုသလို စားပစ်လိုက်ချေသည်။ အင်း. . ဒေါသထွက်မည်ဆိုလည်း ထွက်သင့်ချေရဲ့။

သူဖော်စပ်နေသည့်ရှဲဒိုး (Shadow) မဂ္ဂဇင်းကား အတော်ကလေးကို အဆင့်အတန်းမြင့်ချေသည်။

တစ်အုပ်လုံးကြွေစက္ကူ။ အရောင်တွေ၊ အရုပ်တွေတောက်ပစိုပြည်လျက်။ ကဗျာကောင်း ကောင်းက (၅)ပုဒ်လောက်၊ ဝတ္ထုတိုကောင်းကောင်းက (၅)ပုဒ်လောက်၊ ဆောင်းပါးတွေကလည်း အကြောင်းအရာစုံ နယ်ပယ်စုံ အကောင်းစားတွေချည်း။ အခန်းဆက်ဝတ္ထုရှည်ကြီးတွေကလည်း အပျံစား။ အနှီတော့ ဤမဂ္ဂဇင်းကိုလူကြိုက်များသည်။

အနို့သော် သူက ရှဲဒိုး (Shadow) ကို စောင်ရေတိုးရိုက်ဖို့ကမဖြစ်။ ဘာဇာကြောင့်ဆိုသော် ရှဲဒိုး (Shadow) တွင် ကြော်ငြာတွေက သောက်သောက်လဲ။ စာမျက်နှာတစ်ဝက်ကျော်ကျော်ပါသည်။

ဤတွင် နယ်ကမှာသမျှ တိုးရိုက်ဖို့ဟူသည်မှာ ဘယ့်နှာကမှမဖြစ်။ စက္ကူဈေးတွေ၊ ပုံနှိပ်ခတွေက စောင်ရေတိုးလေလေ၊ တက်လေလေ။ ဘယ့်နှာ့တိုးရိုက်၍ ဖြစ်မှာတဲ့တုံး။ စာမူကောင်းတွေကြောင့် ရှဲဒိုး (Shadow)ကို ဖတ်ချင်သူတွေ၊ ဝယ်ချင်သူတွေ လဲသေလိုက်။ ဘီအက်စ်အသောင်း မှန်ချေသည်။

“အမှန်မှာကတော့ ဘီအက်စ်အသောင်းရေ. . ကြော်ငြာ(၅၀)ရှိရင် အုပ်ရေ(၅၀)ပဲ ရိုက်. . . ကြော်ငြာရှင်တွေကို တစ်ယောက်

တစ်အုပ်ဝေ. . . အဲသလိုလုပ်ရမှာကိုယ့်လူရဲ. . ”

“ဒါပ. . ဆရာကြီးဂျက်ရယ်. . အခုတော့ ပို့လက်စတော့ ဆက်ပို့နေရတော့မှာပေ့ါ. . လျှော့ပို့လို့ကတော့ မကောင်းချေဘူး . . ကဲပါ. . သဟာတွေ ထားလိုက်. . ဘီယာနှစ်ဂျားလောက် ထပ်မှာလင့်ပါချေဦး. . ”

စောင်ရေလျှော့နိုင်သမျှ လျှော့၊ အုပ်ရေနည်းနိုင်သမျှ နည်းအောင်ကြိုးစားနေကြချေကုန်သည့်သပွတ်အူဒေသထွက် ဂျာနယ်လစ်ကလေးများကို ငေးရယ်ကာ မြန်မာစာပေရှေ့ရေးအတွက် ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း စိတ်အေးနေမိသည်သာတမုံ့တကား. . ။



## (တစ်)

"ကောင်းတယ်. . ကောင်းတယ်. . ဘုတ်အုပ် ထုတ်ဝေရေး ဖြန့်ချိရေးအလုပ်ဆိုတာ အလွန်အင်မတန်ကောင်းတယ်. . . အထူးသဖြင့်ဟူမူ အဆွေကဲ့သို့ စာပေအနုပညာနှင့်လုံးလားထွေးလားဖြစ်နေသူက ဖြန့်ချိရေးလုပ်တော့မည်ဟူသည်မှာ သင့်တင့်လှပေတယ်. . အနို့သော်. . ရွှေပွတ်စိုးမြင့်. . . စဉ်းငယ်မျှတော့ အလုပ်သင်ဘဝကို ခံယူချေဦး. . . "

'ရွှေပွတ်စိုးမြင့်'သည်ကား ကျွန်ုပ်၏စကားကို သဘောပေါက်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၏။ ဆေးမကုလျှင်နေ။ အနို့သော် ဆရာဝန်တစ်ဦးအနေနှင့် ကျန်းမာရေးနှင့်ဆက်စပ်သောအလုပ်တို့ကိုသာ လုပ်ဆောင်သင့်ပါ၏။ ဥပမာ အထူးကု ဆေးခန်းတည်ထောင်ခြင်း၊ ဆေးဆိုင်ထောင်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း. . . စသည်။ ထို့အတူ ဆိုက္ကားမနင်းလျှင်နေ။ စက်ဘီး

ပစ္စည်းရောင်းခြင်း၊ ဆိုက္ကားပြင်ခြင်း. . . စသည်. . စသည်တို့ကို ကား လုပ်ဆောင်သင့်ပါ၏။ ယခု'ရွှေပွတ်စိုးမြင့်'ဟူသည် 'အားတစ်။ Artist။ အနုပညာရှင်။ ကဗျာရေး၏။ စာရေး၏။ ဘုတ်အုပ်စာပေ ဖတ်ရှု၏။ အနှိုင်းမဲ့သောသူက စာနယ်ဇင်းမျိုးစုံ ဖြန့်ချိရေးလုပ် တော့မည်ဟု ဆိုသောအခါ လိုက်ဖက်ပါပေစွဟု ကျွန်ုပ်က ထောပနာ မိပါ၏။

သပွတ်အူတစ်ဝိုက်၌ ရွာကလေးတွေ တော်တော်များများ ရှိကြသည်။ နှာခေါင်းချောင်း၊ ချောင်းကြီး၊ ကဝက်၊ ရွာသစ်၊ ပေကုန်း၊ ဆူးကလပ်၊ တော်ခရမ်း. . . စသည်. . စသည်။ ထိုရွာ ကလေးများ သည် လွန်စွာမှဝေးကွာလှချေသည့်မြို့သို့ စာအုပ်တက်ဝယ်ကြရ ချေရာ မသက်သာလှချေ။ ယင်းအချက်ကို ကွင်းကွက်စွာမြင် သော'ရွှေပွတ်စိုးမြင့်'က ယခု ဘုတ်အုပ်မျိုးစုံကို ဖြန့်ချိရေး ဟူသည် ကိုလုပ်ရန် ခြေလှမ်းပြင်ချေကပြီ။

"ဆိုင်ခန်းကတော့ လုပ်ပြီးပါပြီ. . ဆရာကြီးဂျက်. . ကူးတို့ဆိပ် အဆင်းမှာပါကပဲ. . "

"ကောင်းပါလေ့. . အနှိုင်းမဲ့ကာမည်က. . "

"ရွှေသပွတ်စာပေပဲပေ့ါ. . ကဗျာ"

"အေးလေ. . ရိုးရိုးစင်းစင်းပဲ ကောင်းလင့်ပါတယ်. . "

အနှိုင်းမဲ့အလုပ်သင်ဘဝဖြင့် ခေတ္တစေ့ငု လေ့လာရန် တိုင်ပင် နှီးနှောဖြစ်ကြရာ ကျွန်ုပ်ဆရာကြီးဂျက်ကွမ်းခြံကုန်းနှင့် အလွန် အင်မတန်ရင်းနှီးသောရန်ကုန်မြို့ရှိ **'ယနေ့ယခုရန်ကုန် စာပေ တိုက်'**ကို တည်ထောင်ဖွင့်လှစ်ထားသည့်**'မဟာဝိဇ္ဇာအဝင်း'**ထံသို့ ခေတ္တသွားရောက်လေ့လာရန် သဘောတူမျှလိုက် ကြရပါပေသည်

တကားတမျိုး။

**(နှစ်)**

"စာအုပ်စာပေ ဖြန့်ချိရောင်းချသည်ဟူခြင်းမှာ အလွန် ပညာပါလှပါပေတကား"

ရန်ကုန်မြို့ရှိ**'မဟာဝိဇ္ဇာအဝင်း'**ထံမှ ပြန်လာလျှင် ပြန်လာချင်း 'ရွှေပွတ်စိုးမြင့်'ပြောသည့်စကားမှာ အထက်ပါအနှီစကားဖြစ်ပါ၏။ အနှစ်ကိုချုပ်ရသော် 'ရွှေပွတ်စိုးမြင့်'၏'ရွှေသပွတ်စာ ပေ' ဖွင့်လှစ်ချေကပြီ။ ကျွန်ုပ်ကား လူကြီးသူမ နေရာတွင် ယူလျက်က မိန့်မိန့် အိန့်အိန့်။ Easy Chair (ခေါ်)လွယ်ကူ သောကုလားထိုင်(ခေါ်)ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင် ရင်းကဟိုငေးသည်ငေါင်။ ဆိုင်ကား သူ့အရပ်နှင့်သူ့ရွာ လူကျ သည်ဟု ဆိုနိုင်သော 'ဆိုင်ကလေး'ပါပေ။

"ခင်ခင်ထူးရဲ့ **'အညာသူ အညာသား ကျွန်မဆွေမျိုးများ'**စာအုပ် မှာခိုင်းထားတာ ရောက်ပါပြီလားရှင့်. . "

"အာ. . မှာတာ လေးငါးခါရှိပြီ. . လက်ကျန်ကို မရှိတော့တာပါတဲ့. . "

အို. . ဘယ့်နှယ်ဟာပါလိမ့်. . ။ မှာလည်း မမှာဘဲနဲ့။ ရန်ကုန်မှာ 'ခင်ခင်ထူး'ရဲ့စာအုပ်ကလေး ကျွန်ုပ်ကိုယ်တိုင်ပင် တွေ့၊ တွေ့နေသေး။ အချိန်ကလေး အတန်ငယ်လင့်သွား ဖင့်သွား ပြီးသော် 'ရွှေပွတ်စိုးမြင့်'ကို တီးတိုးမေးရပေ၏။

"ခက်ပါဘိဂျက်ဆရာရယ်. . မှာခိုင်းတိုင်း မှာရမှာလားဗျ စာအုပ်ကလေး လေးငါးအုပ်နဲ့ သည်လိုပဲမှာမရဘူးပြော . . . အေး အေး . . . ခဏညီလေးရေ . . . ဟော့ရှေ့မှာ ဝယ်သူ. . Forever

ဆယ်စောင် . . . 'ပေါ်ပြူလာ' ဆယ်စောင် . . . 'The Sun' ဆယ်စောင်ရမယ်. . . "

'ရွှေပွတ်စိုးမြင့်'ကား ကျွန်ုပ်ကို စိတ်မဝင်စားတော့။ ခင်ခင်ထူးကိုလည်း စိတ်မဝင်စားတော့။

(သုံး)

"**ဆရာကြီးဒေါက်တာသန်းထွန်း** ရဲ့ **ဗြိတိသျှရာဇဝင်'** ပေးပါ"

"မရောက်သေးဘူးညီလေး. . နောက်လေးငါးရက်မှ. . . ဟော့. . ဟိုမှာ 'အိုလံပစ်(၁၅)စောင်ပေးမယ်. . 'Weekly Eleven' (၁၅)စောင်ပေးမယ်. . ဟိုမှာ. . ဟိုမှာ. . အဲဒါက 'First Eleven' (၁၅)စောင်. . ဟုတ်ပြီ. . လိပ်ပေး . . သားရေကွင်းနဲ့လိပ်ပေး. . "

"**ဗြိတိသျှရာဇဝင်** ရောက်ပြီ တွေ့မိတယ် . . "

"ဂျက်အာစရိ . . ခက်ပါဘိလေ . . အရောင်းအဝယ်ကောင်းနေချိန် . . 'ဒေါက်တာသန်းထွန်း' နောက်နေ့မှရောင်း . . 'Kid Zone' လား. . . 'Kid Zone'က တစ်ပတ်ခြားအစ်မ. . ဒီ အပတ်မထွက်ဘူး. . 'ပုတက်'. . ဟော့အစ်မကို 'ပုတက်'အစောင် (၂၀)ပေးပါ. . "

ကျွန်ုပ်ကား 'မရောက်သေးဘူး'ဟုဆိုသော '**ဗြိတိသျှ ရာဇဝင်**' စာအုပ်ထုပ်ကို ငေးမော၍ကြည့်ရှုနေမိပြန်ချေသည်တမုံ့။

(လေး)

"**ပိတောက်ပွင့်သစ်** မဂ္ဂဇင်း ရှိလား. . "

"အဲ. . . ကုန်ပြီအစ်ကိုရေ. . ဟုတ်ကဲ့. . ဟော့ရှေ့မှာ. . .

'အင်အား' အစောင် (၂၀)တဲ့. . လိုရင် နောက်မှာရှိတယ်. . ပြနေတာ လဲပေးလိုက်. . အဲသည့်ညီလေးက ဖောက်သည်. . . 'ဆူးကလပ်' ကမို့လား. . အေး. . . ' Flower News' (၁၅)စောင်ပေးလိုက်. . "

စာအုပ်ထုပ်ကိုပင် မဖောက်ရသေးသည့် စာအုပ်ထုပ်အားစားပွဲအောက်တွင် ထိုးထားလျက်က ကုန်ပြီဟုဆိုနေသော ရွှေပွတ်စိုးမြင့်ကို ကျွန်ုပ်က တွေကြည့်နေမိပါ၏။

"ဒီကောင်တွေကို ကျုပ်ကြည့်မရပါဘူးဗျာ . . . ရန်ကုန်မှာ Tigerဘီယာလေးတောင် တိုက်ဖော်မရဘူး. . သူတို့စာအုပ် ရောင်းရတဲ့အမြတ်ကို ကျုပ်က ရယ်ချင်ပါဘိ ကဗျာစာအုပ်တွေဆို ဖောက်တောင်မနေပါဘူး. . ဒီအတိုင်း ပြန်ပို့လိုက်တာပ"

မြန်မာစာပေသည် ဘယ်သူ့လက်ထဲ၌ရှိသည်၊ ဘယ်ဝါ လက်ထဲ၌ရှိသည် စသည်ဖြင့် သုံးသပ်နေကြကုန်သော ပညာရှင်များကို ကျွန်ုပ်'ဂျက်ကွမ်းခြံကုန်း' က 'သပွတ်အူကျေးရွာ'ရှိ 'ရွှေပွတ်စိုးမြင့်' ၏ စာအုပ်ဆိုင်သို့ ခေါ်ဆောင်လှချင်စမ်းပါဘိ။

'ရွှေပွတ်စိုးမြင့်' ၏ လက်ထဲဝယ် မြန်မာစာပေရှိနေသယောင်ယောင်ပါပေတကား. . .။

# စင်္ကာပူရောက်စွမျှား



## (တစ်)

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းသည်ကား စာရေးဆရာမည်ကာ မတ္တသာလျှင် ဖြစ်၏။

ဝေဒပညာ၊ ဘာညာ ဘာဇာကိုမှ ဂျက် မသိချေ။

အနို့ကြောင့် ကမ္ဘာပေါ်၌ ပြက္ခဒိန် အဘယ်ကဲ့သို့ စတင်ပေါ်ပေါက်လာသနည်း။ ပြက္ခဒိန်အမျိုးအစား မည်မျှရှိသနည်း။

ကျွန်ုပ်မသိချေ။

ကမ္ဘာ့နိုင်ငံအသီးသီး၌ ခုနှစ်သက္ကရာဇ်တို့ကို ဘယ့်နှယ်သို့ ရေတွက်ကြသည်ကိုလည်း ကျွန်ုပ် မလေ့လာ မစေ့ငုဖူးချေ။

အနို့ဖြစ်စေကာမူ ကျွန်ုပ်၏အိမ်ခန်းနံရံ၌ ချိတ်ဆွဲထားရှိချေသည့်ပြက္ခဒိန်ပေါ်၌မူ ခုနှစ်သက္ကရာဇ်သုံးမျိုးကို ကျွန်ုပ်သတိပြုမိချေ၏။

ခရစ်နှစ်ကား ၂၀၀၇ ခုနှစ်ဟူလို။

မြန်မာသက္ကရာဇ် ကား ၁၃၆၉ ခုနှစ်ဟူလို။

သာသနာ သက္ကရာဇ်ကား ၂၅၅၁ ခုနှစ်ဟူလို။

ခရစ်တော် ပေါ်ထွန်းပြီးနောက် ရေတွက်လာခဲ့သော နှစ် သည် သာသနာသက္ကရာဇ်၊ ထိုသာသနာနှစ်ကို သက္ကရာဇ် (၂)ကြိမ် ဖြိုထားသောကြောင့် ကြွင်းသောနှစ်သည် မြန်မာသက္ကရာဇ်။

အနို့ကလို သို့ကလို ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းက အကြမ်းဖျင်း နားလည်အပ်ပေသည်။

## (နှစ်)

ဤ၌ မဟာရန်ကုန်သားတို့သည် တစ်မျိုးတစ်ဘာသာ ဖြစ်တုံ ၏။ မြန်မာသက္ကရာဇ်ကို လုံး၀အသုံးမပြုပါချေ။

ကွန်ပျူတာသင်တန်းကို **ကဆုန်လဆန်း(၃)ရက်နေ့**တွင် ဖွင့်ပါအံ့။

အင်္ဂလိပ်စကားပြောသင်တန်းကို **တပေါင်းလပြည့်ကျော် (၅)ရက်နေ့**တွင် စာရင်းလက်ခံပြီ။

နွေရာသီရေကူးသင်တန်းကို **တန်ခူးလဆန်း(၁)ရက်နေ့မှ တန်ခူးလပြည့်နေ့** အထိ။

အနို့ကလို သို့ကလို ကြော်ငြာအံ့။

ရယ်ဖွယ်လိလိဖြစ်ချေပေမည်။

စက်တင်ဘာဖတ်စ်ဝိက် (September First Week)၊ ကမ်းမင်းဖရိုက်ဒေး (Coming Friday)၊ တူမောရိုးမောနင်း (Tomorrow Morning)၊ ဝိက်ဒေး (Week Days)၊ ဝိက်ကဲန့်ဒေး (Weekend Days)၊ ဖေဖော်ဝါရီ လပ်စ်ဝိက် (February Last Week). . .

စသည် စသည်ဖြင့် ကြိုင်လှိုင် မြိုင်ဆိုင်နေသည့် မြို့ကြီး ရန်ကုန်ဝယ် တစ်မြန်မနေ့တို့၊ ဈေးလွန် နှစ်ရက်တို့၊ အဖိတ်နေ့တို့ . . . စသော မြန်မာရန့် သင်းသင်းကလေးတို့သည် မျက်နှာငယ် လျက် ရှိကြရပါပေသည် တမုံ့။

<u>(သုံး)</u>

ယခု ပစ္စက္ခကာလများဝယ် မြန်မာသာကီဝင်တို့ စက်ာပူသို့ အသွားအလာ၊ အဝင်အထွက် များပြားလာ၍ပေလော မပြော တတ်။

စက်ာပူကို အခြေခံလျက် နေ့ရက်ကာလတိုင်းတာပြောဆို သမှုများရှိလာခဲ့သည်ကို ကျွန်ုပ်အကဲခတ်မိချေ၏၊ နားဝင်ပီယံ ဖြစ်လွန်းလှဘိချေသည်။

ဤ၌ ကျွန်ုပ်နှင့်ဆက်ဆံရေး မလှမ်းမကမ်းတွင်ရှိသော အသက်(၅၀)ဝန်းကျင် အမျိုးသမီးကြီးတစ်ဦး၏ စက်ာပူနေ့စွဲများ အကြောင်းကို စဉ်းငယ်ခန့် ကောက်နုတ်ဖော်ပြလိုပါ၏။

***ဈေးအသွားလမ်းမ တစ်နေရာ၌ ပြောဆိုနေပုံ. . . .***

"ဟော . . မမ . . မတွေ့တာ ကြာပြီ . . မန္တလေးသွားနေ တယ်ဆို . . "

"အေးကွယ် . . . သားကြီး ***စက်ာပူသွားပြီးကတည်းက*** မန္တလေးကိုမရောက်တာ . . . သွားမယ်. . သွားမယ်နဲ့ ခုမှပဲ သွား ဖြစ်တော့တယ် . . "

***ဘတ်စ်ကားပေါ်၌ ပြောဆိုနေပုံ. . .***

"မမ . . ဘဘအခြေအနေ ဘယ့်နှယ်လဲ . . လမ်းလျှောက်ပြီလား . ."

"လျှောက်မှပဲ ညီမရေ. . မပြောပါနဲ့တော့. . ရေချိုးခန်းထဲချော်လဲတာ. . သားကြီး ***စက်ဘုပူမသွားခင် နှစ်လက*** ဆိုတော့ ကြာကြာလှမှ ညီမရယ်. . မကျိုးတာ. . ကံကောင်း"

***မင်္ဂလာဆောင်တစ်ခု၌ ပြောဆိုနေပုံ. . . .***

"မမ. . မမကို အန်တီမြင့် မေးနေတယ်. . သွားလိုက်ဦး"

"ဟုတ်ပါရဲ့သဇင်ရယ်. . သားကြီး ***စက်ဘုပူမသွားခင် လေး, ငါးရက်လောက်က*** တစ်ခေါက်ရောက်တယ် . . . နောက်ပိုင်းမရောက်တာ သိတယ်မို့လား. . ဘာမှန်းမသိတဲ့အလုပ်တွေက. . "

***အလှူအိမ်တစ်အိမ်၌ ပြောဆိုနေပုံ. . . .***

"နီနီတို့နဲ့ ဖြစ်တဲ့သတင်းကို ကြားတယ်မမရဲ့. . "

"မွှေးရေ. . ပြောရရင် အရှည်ကြီး ကိုယ့်ငွေနဲ့ကိုယ် လူမုန်းခံရတာ သားကြီး ***စက်ဘုပူသွားပြီး တစ်လလောက်***ပဲ ရှိဦးမယ် ငွေလိုလို့တဲ့. . ရောက်လာကြတာ. . "

သားကြီး စက်ဘုပူသွားပြီးတစ်လ၊

စက်ဘုပူမသွားခင် လေး ငါးရက်၊

စက်ဘုပူမသွားခင် နှစ်လ၊

စက်ဘုပူသွားပြီးကတည်းက၊ စက်ဘုပူ သွားမလို့လုပ်နေစဉ် နှစ်ရက်အလို၊


စက်ဘုပူသွားပြီးနောက် တစ်နေ့၊

စက်ဘုပူသွားလုဆဲဆဲ၊ ဆယ့်ရှစ်ရက်အလို၊

စက်ဘုပူ ရောက်သွားပြီး နှစ်လနဲ့သုံးရက်အကြာ . . စက်ဘုပူ။

ပြာသိုမပါ၊ ဝါဆိုဗလာ၊ နိုဝင်ဘာမလို၊ ဒီဇင်ဘာမလို၊ စနေမသိ၊ အင်္ဂါမရှိ၊

စက်ာပူအခြေစိုက် ပြက္ခဒိန်ရက်စွဲများပါပေတကား။


တစ်ချိုးတည်းသာရှောက်ပါ

**(တစ်)**

လောကပါလ သာသနာစောင့်နတ်တို့၏ အထူးစောင့်ကြပ်မှုကြောင့် နေချင့်စဖွယ် အလွန်ကောင်းလှပေသော ကျွန်ုပ်တို့၏ အမိမြေရှိ ဘုတ်အုပ်စာပေချစ်မြတ်နိုးသူအပေါင်းတို့သည် **ဂျူး**ဟူသော စာရေးဆရာမ၏ အမည်ကိုကား ကြားဖူးကြလိမ့်မည်ဟု ကျွန်ုပ်ထင်မြင်ယူဆမိပါ၏။ ထိုအနှီ ယင်း စာရေးဆရာမ **ဂျူး** သည်ကား ရံခါရံခါ ကျွန်ုပ်နှင့် စိတ်ချင်းသွားသွားတူနေတတ်ပါ၏။ သို့ကလို တူနေပုံကလေးများထဲမှ တစ်ချက်ကို စဉ်းငယ်ခန့် လင်းရသော် ကောင်းပေစွဟု ထင်မြင်ယူဆမိပေသည်။

**တစ်ဦးတည်းသော** သား ဟူသည်ကား ဆရာမ **ဂျူး**၏ ဟိုးလေး တကျော်ကျော် ဝတ္ထုတို တစ်ပုဒ်ဖြစ်၏။ ယင်းအနှီ ဝတ္ထုကို ဗီဒီယိုရိုက်ကူးခဲ့ရာ ဗီဒီယိုပရိသတ်က ကြိုက်၏။ ဤသည်၏နောက် ရုပ်ရှင်ကားကြီး ရိုက်ကူးပြန်ရာ ရုပ်ရှင်ပရိသတ်က ခိုက်၏။ အစစ အရာရာ မိခင်၏အရိပ်က မလွတ်သော တစ်ဦးတည်းသောသား တစ်ယောက်ကိုမှ ချစ်မိလက်ထပ်မိသည့် မိန်းမသား

တစ်ယောက်၏ ဘဝ။ တစ်ဦးတည်းသောသားတို့သည် မိဘ၏ လွှမ်းမိုးမှုကို ခံရလွန်းတတ်၏။ သို့မဟုတ် အတ္တကြီးတတ်၏။ သို့ မဟုတ် အပေါင်းအသင်းကို ခင်တွယ်လွန်းတတ်၏။ သို့မဟုတ် အားငယ်တတ်၏။ သို့မဟုတ် လူ့အဖွဲ့အစည်းနှင့် အံချော်နေတတ်၏။ ဂျူးကား တစ်ဦးတည်းသော သားကို မကြိုက်။ ကျွန်ုပ် ဂျက် ကွမ်းခြံကုန်းသည်လည်း တစ်ဦးတည်းသော သားကို မကြိုက်ပေ။ တူ၏။

တစ်ခါက တရုတ်ပြည်ကြီးဝယ် တစ်အိမ်ထောင် ကလေး တစ် ယောက် ကန့်သတ်ခဲ့ဖူး၏။ ယင်းကား စီးပွားရေး အခြေအနေကြောင့် ဖြစ်ချေသည် မဟုတ်သလော မိတ်ဆွေ။ အချို့ယောက်ျား မိန်းမတို့ကလည်း သားသမီးကရိကထကို မခံနိုင်ကြသည် ဖြစ်ပါ၍ တစ်ကြိမ်အုဝဲပြီးသည်နှင့် လူ့ငနဲ ကလေးတို့ကို ဟင့်အင်းလိုက်ကြတော့ချေသည်တည့်။

ဘဇာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ကလေးများများ မွေးသည်ကို ကျွန်ုပ်ကြိုက်ချေသည်။ အစ်ကိုတွေ၊ အစ်မတွေ၊ ညီတွေ၊ ညီအစ်မတွေကြားက လူသား၏ဘဝသည် ဘယ့်နှာလောက် စိတ်ဓာတ် လုံခြုံလိမ့်မည်နည်း။

သို့မူ၍ ဆုတောင်းတိုင်းသာ ပြည့်မည်ဆိုပါလျှင် ပဌမ သင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးနှယ် အယောက်(၁၀၀) ကျော်တိုင် သားသမီးတို့ ပွားစီးသည့် ဆရာကြီးဂျက် ဖြစ်လိုလှပေသည်။ သို့သော် လောကီထုပ္ပတ် လူတို့ ဇာတ်ဟူသည်ကား ပုစ္ဆာ ဆန်လွန်းလှပေရာ တစ်ကောင်ကြွက် တစ်မျက်နှာ တစ်ဦးတည်းသော သားသမီးတို့ကသာ ခေတ်စား၍နေတော့ချေသည့် မျက်မှောက်ကာလ သမယသို့ ရောက်ခဲ့ရပြန်ချေသည် တမုံ့။

**(နှစ်)**

မှန်၏။

ယခင်က မင်္ဂလာဆောင် ဖိတ်စာကဲ့သို့သော လူမှုရေး စာလွှာကလေးများ ရိုက်နှိပ်ဖော်ပြကြရာတွင် မိမိတို့၏ ပကာသန မိမိတို့၏ဂုဏ်ဒြပ် မိမိတို့၏ အင်အားကို လက်မောင်းသား ညှစ်ပြကြရာဝယ် ဘွဲ့ဒီဂရီများကို အသုံးချခဲ့ကြဖူးပါ၏။

ဥပမာ-

**မောင်မောင်တင်ယု (B.A, B.A (Hons:)**
**M.A, Dip in Japan,**
**Dip in Music, Dip in Applied-psychology.**
**LCCI Level One, ဓမ္မာစရိယ)**

ဟူလို။

အချို့ကမူ နိုင်ငံရပ်ခြား တိုင်းတစ်ပါး အတွေ့အကြုံကို အင်အားပြကာ အသုံးချ၏။

ဥပမာ-

**မောင်နိုင်မင်းထွန်း(ခေတ္တ မလေးရှား၊ ခေတ္တ စင်္ကာပူ၊**
**နည်းနည်းကြာ ဂျာမန်၊ အတော်ကြာ ဘရူးနိုင်း၊**
**ချက်ချင်းပြန် အမေရိကန်)**

ဟူလို။

အချို့မူကား ရာထူးဂုဏ်ရှိန် အဆောင်အယောင်တို့ဖြင့် လက်မောင်းသားကို ညှစ်ပြကြကုန်၏။

ဥပမာ-

**ဒုတိယလက်ထောက်တွဲဖက် ယာယီရုံးအုပ်ကြီး**
**(အငြိမ်းစား) ဦးဘ၏သား**

**မောင်အောင်ကိုဇော်**

ဟူလို။

အချို့ကလည်း လုပ်ငန်းဆောင်တာ ငွေအသပြာတို့ဖြင့် ယင်းတို့၏ မခေပုံကို ထုတ်ဖော်၏။

ဥပမာ-

**မိတ္တူကူးစက် ကြံရည်ကြိတ်စက်**
**အမှုန့်ကြိတ်စက် စက်များပိုင်ရှင်**
**ကိုဘခင်၏ သားလှထွန်ခေါင်**
**မောင်ဇော်ဇော်အောင်**

ဟူလို။

အနို့ကလို သို့ကလို ကိုယ်ရည်သွေး တီးလုံးကလေးများ ဆော့ကစားနေသည့် ဤလောကမြေမဟီဝယ် တစ်ဦးတည်းသော သား၊ တစ်ဦးတည်းသော သမီးဟူသော အချက်က ယခုအခါ ထိပ်တန်းသို့ တက်၍ လာခဲ့ပြန်ချေပြီ တမုံ့။

**(သုံး)**

တစ်ဦးတည်းသော သား၊ တစ်ဦးတည်းသော သမီး အဘယ်သူ အဘယ်ဝါ ဟူ၍ ရှေ့တန်းတင်အသားပေး ဖော်ပြ၍ လာကြသည်မှာ ဘဇာကြောင့်နည်း။ ရှင်းပါ၏။ မိဘ အမွေအနှစ်လက်ငုတ်လက်ရင်း ပုလင်းဘူးဆို့ကအစ ဤဖေကိုယ်တစ်ယောက်တည်း ရမှာဗျ ဟူသည့်သဘော။

အခုတော့ အဆိုပါ ယင်းအနို တစ်ဦးတည်းသော ရောဂါကြီးသည် သပ္ပတ်အူကျေးရွာဘက်ဆီသို့ပါ ပျံ့နှံ့၍လာခဲ့ပါ၏။ တစ်မြန်သုံးလေးရက်လောက်ဆီက ကျွန်ုပ်ကိုယ်တိုင် စီကုံးစပ်ဟပ် ပေးခဲ့ရ

ပေသော မင်္ဂလာဆောင်ဖိတ်စာကလေးတစ်စောင်အား စံပြနမူနာ အဖြစ် အောက်တွင်ရှုလေ။

**တစ်ဦးတည်းသော ဖခင် ဆရာဘနှင့်**
**တစ်ဦးတည်းသော မိခင် မေမေမြ**
**တို့၏ သား**
**တစ်ကောင်ကြွက်**
**မောင်အောင်ကျော်မိုး**
**နှင့်**
**မွေးချင်းမရှိ ဖခင် ကိုလှစိုးနှင့်**
**မွေးချင်းမရှိ မိခင် ကလျာထိုက်**
**တို့၏ သမီး**
**တစ်မျက်နှာ**
**ဆောင်းဟေကို**

တို့ကို မိဘတို့ ဝတ္တရားရှိသည့်အတိုင်း ထိမ်းမြားလက်ထပ်ပြီး ဖြစ်ပါ၍ . . .

စသည် စသည်ဖြင့် စပ်ဟပ်စာစီထားချေသည့် ဖိတ်စာကလေးပင် ဖြစ်ဘိပါချေသည် တမုံ့တကား။ ။


THEIN

(တစ်)

"ဘယ့်နှာရှိစ . . ဖိလော်ဆော်ဖီ ဆရာကြီး **ဘီအက်စ်စီအသောင်း** . . တော်တော်ကလေးမှ အီဆိမ့်၍သွားပါစ . . "

ကျွန်ုပ်ကား လူရင်းများဖြစ်၍နေသည့်ကြောင့် ဘယ့်နှာကမှ အားနာ၍မနေတော့ဘဲ အနို့ကလိုသာလျှင် တုတ်ထိုးအိုးပေါက် ပြော၍ ထည့်လိုက်ရာ **ဘီအက်စ်ဆီအသောင်း** (ခေါ်) သိပ္ပံဘွဲ့ရ အသောင်းသည် ငိုင်တွေတွေကြီးဖြစ်ကာ သွားတော့ချေ၏။ အနို ဘီအက်စ်စီအသောင်းသည် သုံးကြောင်းကဗျာလေး လေးငါးပုဒ် လောက် စကားပြေကလေးနှစ်ပုဒ်လောက် ရေးဖွဲ့သီကုံးခဲ့ဖူးသည် မှာ မှန်ပါ၏။ အနို့သော် ဘာမပြောညာမပြောနှင့် ရုတ်ချည်းဆို သလို **ဘီအက်စ်စီအသောင်း၏ ဒဿနများ** ဟူသော ဘုတ်အုပ် ကို ထုတ်ဝေထည့်လိုက်သည်မှာကား အတော့်ကို လက်ရဲဇက်ရဲနိုင် လှချေသော **ဘီအက်စ်စီအသောင်း** ဟုပင် ဆိုရခြိမ့်မည်ဖြစ်ပါ၏။

ဆရာကြီး ဂျက်ကွမ်းခြံကုန်းသို့ဟူ၍ စာတန်းရေးထိုးလျက်

အောက်၌ **ဘီအက်စ်စီအသောင်း** ဟု လက်မှတ်ရေးထိုးပြန်ကာ မေတ္တာလက်ဆောင် နှင်းအပ်လာသော သူ၏ဘုတ်အုပ် **ဘီအက်စ် စီအသောင်း၏ ဒဿနများ** စာအုပ်ကို ကျွန်ုပ်လှန်လှောကြည့် လိုက်မိပါ၏။ ကမ္ဘာ့တန်းဝင် ဒဿနများပေတည်း။

**"မြစ်ဘေးတွင် ခရုပေါ၏။**
**အချစ်ရေးတွင်လည်း အတုပေါချေသည်"**

**"လှေမှာအဆင်း မြင်းမှာအတက်**
**မိန်းမကမူ အဆင်းရော အတက်ပါ ခက်ချေသည်"**

**"အချစ်သည် ချောင်းဆိုးသည်နှင့် တူ၏။**
**ဘယ်နှာမှ အောင့်အည်း၍ မရချေ"**

**ရေသည် နေရာတိုင်းတွင် ရပ်တည်နိုင်၏။**
**၎င်းမှာ ပုံသဏ္ဍာန်ကို အမျိုးမျိုးပြောင်း၍တည်း။**
**လူသည်လည်း လူတိုင်းနှင့်သင့်ရန်**
**အကျင့်စရိုက်အမျိုးမျိုး ပြောင်းပေလော့"**

**"တစ်၊ ဂငယ်၊ ပစောက်၊ င**
**ဘဇာက မှန်သနည်း။**
**ကြည့်သောနေရာအတိုင်း မှန်သည်"**

**"မငိုဖူးသော မျက်လုံးသည် မလှ**

**မကွဲဖူးသော အသည်းသည်မမာ"**

**"အနုပညာသည် ငါးဖယ်နှင့်တူ၏။**
**ငါးဖယ်သည် ထုလေမာလေ။**
**အနုပညာသည်လည်း ခံစားရလေ။**
**လက်ရာမြောက်လေ"**

**"အချစ်နှင့်ပုစွန်သည် လတ်တိုင်းမကောင်း။**
**ပုစွန်လတ်သော် အခွံခွာရခက်သည်။**
**အချစ်လည်းလတ်သော် ထိတွေ့ရန်ခက်သည်"**

အနို့ကလို သို့ကလို မဟာအတွေးအခေါ်များကို စုပေါင်းရိုက်နှိပ်ထားချေသည့် **ဘီအက်စ်စီအသောင်း၏ ဒဿနများ** စာအုပ်ထွက်ရှိလတ်သော် ထွက်လျှင်ထွက်ချင်းမှာပင် ဆဲသံတို့ သောသောညံညံထွက်ပေါ်လာ၏။ အထူးသဖြင့် စာရေးသူ၏ အမှာစကားကိုဖတ်ကာ ဒေါသမာန်များ ပွားကြကုန်၏။

အမှာတွင် **ဘီအက်စ်စီအသောင်း** က ဒဿနစာပေခေါင်းပါးလာကြောင်း၊ **ဆိုကရေးတီး၊ ပလေတို၊ အရစ္စတိုတယ်၊ ကွန်ဖြူးရှပ်၊ ဗုဒ္ဓ၊ ကားလ်မတ်၊ ဘာထရန်ရပ်ဆယ်** စသည်တို့မရှိသည့်နောက် ဒဿနပိုင်း အားနည်းလာခဲ့ကြောင်း၊ ယင်းကို တတ်စွမ်းသမျှ ဖြည့်စွက်လိုက်ခြင်းဖြစ်ကြောင်း စသည် စသည်ဖြင့် မှာကြားထားခဲ့ရာ ချောင်းရိုက်မည်ဟန်ပြင်နေသော လူငယ်နှစ်ဆယ် အစိတ်လောက်ကို စာရေးဆရာကြီးများက မနည်းကိုဟန့်တားထားရချေ၏။

ယင်းအနှီအကြောင်းအချက်တို့ကို ပေါင်းစွက်ကာ ၎င်းကို ဂျက်ကျွန်ုပ်က တော်တော်ကလေးမှ အီဆိမ့်သွားပါစေဟု အထက်တစ်နေရာတွင် ငေါ့တော့တော့ပြုခဲ့ခြင်းဖြစ်ပါ၏။ နဂိုက မည်းရသည့်အထဲ အပြုံအလဲများကြောင့် ညိုမွဲနေသော မျက်နှာပိုင်ရှင် **ဘီအက်စ်စီအသောင်း** သည် ကျွန်ုပ်ကို အကြံကောင်းဉာဏ်ကောင်းများ မ,စရပါချေသည်တည့်။

"ကိုယ့်လူက တစ်ယောက်တည်းထွက်ရပ်ပြလိုက်တော့ လူမုန်းသွားတာပေါ့ . . အမှန်က အခြားဒဿနပညာရှင်များနဲ့ တွဲထွက်လိုက်ရမှာ . . . "

ဤတွင် ဟာ . . ဟာဆိုသော အသံကြီးသည် တစ်ဟာနှင့်တစ်ဟာကြားတွင် တစ်မိနစ်ခန့်ခြားပြီးသည့် သကာလ **ဘီအက်စ်စီအသောင်း** ၏ နှုတ်ဖျားမှထွက်ပေါ်လာလတ်တော့၏။ ကိုယ့်ဆရာဘဝင်ခိုက်ချေပြီ။ လမ်းတွေ့သွားဟန်တူ၏။

"ဟုတ်ပြီ . . ရပြီ **ကမ္ဘာကျော်တို့၏ ဒဿနများ . . .** ကောင်းလိုက်လေကွာ ဆရာဂျက် သည်တစ်ခါ ကစားကွက် သိပ်သိပ်လှသွားပြီဗျာ . . . "

ဟူသတည်း။

## (နှစ်)

ကစားကွက် သိပ်လှသလော သိပ်မလှသလော မပြောတတ်။ သုံးလေးလစွန်းစွန်းလောက်တွင် **ဘီအက်စ်စီအသောင်း** ပြုစုသော **ကမ္ဘာကျော်တို့၏ ဒဿနများ** ဘုတ်အုပ်ဈေးကွက်ထဲသို့ ရောက်လာ၏။

ဒဿနများကို စုစည်းထားပုံမှာကား အနေအထားလှပါပေ့။

လူအတော့်ကို ညီပါပေသည်။

အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်လာဖို့ မကြိုးစားနဲ့။
တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင်သာ ကြိုးစား။

**အဲလ်ဘတ်အိုင်းစတိုင်း**
**ရူပဗေဒပညာရှင်။**

လူအတွက် လူဖြစ်နေအောင်လုပ်ပါ။

**B.Sc အသောင်း**
**သပွတ်အူ။**

စစ်ပွဲတိုင်းမှာ အမှန်တရားက အရင် ကျဆုံးတယ်။

**ကောလင်းပါဝဲလ်**
**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး။**

အချစ်သည် ငရုတ်သီးနှင့်တူလေ၏။
စပ်မှန်းသိလျက် စားချင်မြဲတည်း။

**B.Sc အသောင်း**
**သပွတ်အူ**

မေတ္တာတရားသည် အိမ်တွင် စ,၏။

**မာသာထရီဆာ**
**ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်။**

ခဲဖျက်မပါသော ခဲတံမရှိ။
အမှားကင်းသော လူလည်းမရှိပေ။

**B.Sc အသောင်း**
**သပွတ်အူ**

ခွေးကို လမ်းဖယ်ပေးလိုက်ခြင်းသည်
ခွေးကိုက်ခံရခြင်းထက် ကောင်း၏။

**အေဗရာဟင်လင်ကွန်း**
**အမေရိကန်သမ္မတ။**

နှင်းဆီပန်းကို နှင်းဆီပန်းဟု
မခေါ်လည်း မွှေးမြဲမွှေးသည်သာ။

**ရှိတ်စပီးယား**
**အင်္ဂလိပ်ပြဇာတ်ဆရာကြီး။**

မိန်းမသည် ဘတ်စ်ကား စပယ်ယာနှင့်တူ၏။
အတက်တွင် ဆွဲခေါ်၍ အဆင်း၌တွန်းချမြဲတည်း။

**B.Sc အသောင်း**
**သပွတ်အူ**

တောတောင်ဟူသမျှ၌ ပတ္တမြားမရှိ။
ဆင်ဆင်ဟူသမျှ၌ အမြုတေမရှိ။
တောတောင်ဟူသမျှ၌ စန္ဒကူးမရှိ။
အရပ်တိုင်း အရပ်တိုင်း၌ သုခမိန်မရှိ။

**လောကနီတိ**

အနှိပ်ခံခြင်းကို လူစားထိုး၍ မရချေ။

**B.Sc အသောင်း**
**သပွတ်အူ**

စာဖတ်ခြင်းသည် သင်ကြားမှုအားလုံး၏ အခြေခံ။

**ဂျော့ဘုရှ်**
**အမေရိကန်သမ္မတ။**

လေညင်းနောက်တွင် မုန်တိုင်းလာတတ်၏။
အပြုံး၏နောက်၌ ယုတ်မာမှုရှိတတ်သည်။

**B.Sc အသောင်း**
**သပွတ်အူ**

လူတွင် နားနှစ်ဖက်နှင့် ပါးစပ်တစ်ပေါက်ပါ၏။
များများနားထောင်၍ နည်းနည်းပြောရန်ပင်။

**ဒိုင်အိုဂျီးနီးစ်**
**ဂရိတွေးခေါ်ရှင်။**

လူတွင် လက်နှစ်ဖက်ပါ၏။
တစ်ဖက်က ယူ၍ တစ်ဖက်က ပေးပါ။

**B.Sc အသောင်း**
**သပွတ်အူ။**

ဘီအက်စ်စီအသောင်းပြုစုသည့် **"ကမ္ဘာကျော်တို့၏ ဒဿန များ"** စာအုပ်ထဲတွင် အဲလ်ဘတ်အိုင်းစတိုင်း၊ ကောလင်းပါဝဲလ်၊ မာသာထရီဆာ၊ အေဗရာဟင်လင်ကွန်း၊ ရှိတ်စပီးယား၊ ဂျော့ဘုရှ်၊ ဒိုင်အိုဂျီးနီးစ် အစရှိကုန်သည့် ပုဂ္ဂိုလ်တို့နှင့်အတူ သပွတ်အူသား သိပ္ပံဘွဲ့ရ ဘီအက်စ်စီအသောင်းကလည်း သူ၏မဟာဒဿနများကို ထည့်သွင်းဖော်ပြ၍ ထားဘိချေရာ ကျွန်ုပ်တို့ သပွတ်အူကျေးရွာသားများအဖို့ တို့များရွာသားဘီအက်စ်စီအသောင်းသည်လည်း ကမ္ဘာ့အဆင့်မခေသူတစ်ဦး တစ်ယောက်ပါကလားဟု အထူးပင် မောက်ကြွားထိုက်တော့ကြပါပေသည် တမုံ့။


THEIN TUN

## (တစ်)

စာပေသမားပါ စာပေသမားနှင့် ပါးစပ်ကပြောရသည်မှာ အလွန်လွယ်ကူ၏။

အနို့သော် ဘဇာသို့သော စာပေမျိုးကို ရေးသားသီကုံး ဖွဲ့နွဲ့နေချေသတုံးဗျာဟု အမေးရှိလာချေသောအခါ၌မူ တိတိပပဖြေဆိုရန်မှာ အလွန့်အလွန် ခက်ခဲနက်နဲ၍သာ လာတော့ချေ၏။

ရွှေပွတ်စိုးမြင့်၊ ထွန်းထွန်း(အလွမ်းကမ္ဘာ)၊ လောကခံထိုက်ထိုက်၊ ဘီအက်စ်စီအသောင်း၊ မဟာဝိဇ္ဇာအဝင်း စသည်စသည် ဖြင့် သပွတ်အူမှစွင့်ကားဝင့်ကြွားဖွံ့ထွားလာကြချေသော ဘုတ်အုပ် စာပေအနုသုခုမသမားကလေးများမှာ တန်ဆောင်မုန်းလပြည့်ည အဇ္ဈာမိုးကောင်းကင်၏ ကြယ်ပွင့်ကလေးများသဖွယ် လင်းလင်း လက်လက်ရှိလာကြသည်မှာ မှန်ပါ၏။

အနို့သော် အုတ်ရောရောကျောက်ရောရော နွားထီးငါးကျပ်၊ နွားမငါးကျပ် သောင်းပြောင်းထွေလာ ရောတိရောရာပေတည်း။

အချို့ကဗျာ သန့်သန့်ကလေး ရေးပါ၏။

အချို့ဝတ္ထုတိုပြန့်ပြန့်ကလေး ရေးပါ၏။ အချို့ဆောင်းပါး ခန့်ခန့်ကလေး ရေးပါ၏။ သို့သော် အများစုမှာ သဘော်ာပင်မှ သဘော်ာသီးကြီးနှစ်လုံးပူးနေကြောင်း သတင်း၊ မင်းသား၊ မင်းသမီး၊ မင်္ဂလာဆောင်ကလေးမွေး အိမ်ထောင်ပြိုကွဲသတင်း၊ လက်သည်းဆေးဆိုး၊ နှုတ်ခမ်းအလှဆင် ဆံပင် မိတ်ကပ်ဖိနပ်သတင်း၊ နားကပ်သတင်းထွေလီကာလီကလေးများကို ရေးကာ စာပေသမားများဟု ဥဒါန်းကျူးရင့်ကြကုန်၏။

အနို့ကလို ပေါက်တတ်ကရ စာပေသမားများထဲတွင် **လွမ်းမုဆိုး** သည်လည်း တစ်ဦးအပါအဝင်ဖြစ်၏။

ယခုအနို့ ထိုလွမ်းမုဆိုးကို ရန်ကုန်မြို့ရှိ **ကဝိရိပ်မြုံ** မဂ္ဂဇင်းက ကဗျာအယ်ဒီတာအချုပ်အဖြစ် ခန့်အပ်ထားလိုက်ပြီဟု ဆိုသော အခါ ကျွန်ုပ်မှာ အထူးပင်လျှင် အံ့အာသရဲဖြစ်၍သွားမိချေ၏။ ဘယ်ကဗျာကို ဘယ်အထာနှင့် ရွေးချယ်တည်းဖြတ်တော်မူမှာပါလိမ့်။

အဘယ်ကဗျာကိုမှလည်း မစပ်၊ အဘယ်စာကိုမှလည်း မဖတ်ဘဲနှင့် ကဗျာအယ်ဒီတာအချုပ်တာဝန်ကို ဘယ့်နှာထမ်းဆောင်မှာပါလိမ့်။

တစ်ခါတွင်လည်း ကျွန်ုပ်က . . .

**'လယ်တောကအပြန်၊ ပန်ချင်တယ် ခရေဖူးဆိုလို့၊ မောင်ခူးကာပေး၊ မနက်တုန်းဆီက၊ ကျော့ဆုံးကို မောင်မြင်တော့၊ သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့၊ ဂုဏ်တင့်တယ်လေး'**

ဟူသော ကဗျာကိုပေးဖတ်မိပြန်ပါ၏။

လွမ်းမုဆိုးက . .

"ကြိုက်တယ်ဗျာ။ မြန်မာ့စိုက်ပျိုးရေးကို မီးမောင်း ထိုးပြလိုက်တာဗျ။ နှင်းဆီက တယုတယစိုက်ရတာ၊ ဈေးကောင်းတယ်။ နှင်းဆီများများစိုက်မှ တင့်တယ်မယ်လို့ သတိပေးထားတဲ့ စိုက်ပျိုးရေးကဗျာပေပဗျာ"

ဟူ၍ သုံးသပ်ခဲ့ပြန်ပါသေး၏။

ယခုသူက ကဗျာအယ်ဒီတာအချုပ်၊

ဩော် . . ဘယ့်နှာလုပ်၍ ကဗျာတွေကို တည်းဖြတ်ရွေးချယ်မှာပါလိမ့်။

## (နှစ်)

လွမ်းမုဆိုးတစ်ယောက် ကဗျာအယ်ဒီတာအချုပ်ဖြစ်ပြီးသည့်နောက် မဟာရန်ကုန်မြို့ဝယ် ကျွန်ုပ်နှင့် မကြာခဏဆိုသလို တွေ့ဆုံကြုံကြိုက်ဖြစ်ကြပါ၏။

တစ်ခါသော် လေထန်ကုန်းလက်ဖက်ရည် ဆိုင်မှာတည်း။ လွမ်းမုဆိုးက သူ၏လွယ်အိတ်ထဲမှ ကဗျာနှစ်ပုဒ်ကို အသာထုတ်၏။

လွမ်းမုဆိုးကား မျက်နှာတစ်ခုလုံး ဝင်းပလျက်။

## (သုံး)

ထိုနေ့ကမူ ထက်ဟူသည့် ဘီယာဆိုင်ကလေးအတွင်းတွင် ဖြစ်ပါ၏။ လွမ်းမုဆိုးတစ်ယောက် ဝင်ချလာပြန်ပါချေသည်။ ကဗျာဆရာမိုယ်းဇော်တို့ ဝိုင်းသို့တည်း။

"ကိုမိုယ်းဇော် ဟောသည့်ကဗျာကလေးတွေ ကြည့်ကြည့်စမ်းပါဗျာ။ မဆိုးလှဘူးကလားလို့ . . ."

ကဗျာဆရာ မိုယ်းဇော်ကား ကဗျာရှူးမူးသူ တစ်ယောက်ဖြစ်ချေဘိရာ ကြက်တောင်ပံကင်များကို ဝေးရာသို့တွန်းထားလိုက်ပြီးသည်၏ သကာလ . . .

လွမ်းမုဆိုးထုတ်ပေးလာသည့် ကဗျာစာရွက် နှစ်ရွက်၊ သုံးရွက်ကြားတွင် စူးစိုက်နစ်ဝင်လျက်ရှိတော့ချေ၏။

"ကဗျာရေးလက်က ငြိမ်နေတော့။ ကဗျာကောင်းတွေချည်းပဲထွက်တော့တာ။ ဒါက ကလောမြို့ရဲ့ ဆောင်းဘွဲ့၊ သိပ်ကောင်းတယ်။ ဒါလည်း ကောင်းတာပဲ။ ဟိုချီမင်းအကြောင်း ရေးထား တာ။ ဒါလေးက ပိုတောင်လှနေသေး။ ဂျူးလိယက်ဖူးချစ်ရဲ့ နောက်ဆုံးနေ့ကို ဖွဲ့ထားတာ . . ."

လွမ်းမုဆိုးကား ကဗျာစာရွက်များကို ကတိုက်ကရိုက်ယူချလိုက်ပြီးသည့်သကာလ

**ကလောဆောင်းကောင်း၊ ဟိုချီမင်းလှ၊ ဂျူးလိယက်ဖူးချစ်ပိုလှပ . . .**

စသည်စသည်ဖြင့် ခဲဖြင့်လိုက်လံ တေးမှတ်နေတော့လေ၏။

"ကိုမိုယ်းဇော် လုပ်ပါ . . စည်ကလေး တစ်ခွက် . . . နှစ်ခွက်လောက်လုပ်ပါ . . အားမနာပါနဲ့ . . . " ဟူသတည်း။

ထိုနေ့က အပြန်တွင်ကား ကဗျာအယ်ဒီတာအချုပ်လွမ်းမုဆိုးက . . .

"အဲသည်ဟိုချီးမင်းတို့ ဂျူးလိယက်ဖူးချစ်တို့ဆိုတာ ဘဇာ လုပ်တဲ့လူတွေတုံးဗျာ"

ဟု မေးမြန်းလာခဲ့ရာ ကျွန်ုပ်မှာ ဘယ်ကစဖြေရမည်မသိတတ်ပါလေတော့။

**(လေး)**

ပသို့ဆိုစေကာမူ ကဝိရိပ်မြုံမဂ္ဂဇင်း အောင်မြင်ပါသည်။ အထူးသဖြင့် ကဗျာအယ်ဒီတာအချုပ်လွမ်းမုဆိုးနှင့်တကွ သူ၏ ကဗျာကဏ္ဍအောင်မြင်ပါသည်။ လွမ်းမုဆိုးကလေးခမျာမှာမူကား ကဗျာဆရာတို့ရှိတတ်သည့် လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်၊ လမ်းဘေးသစ်ပင်ရိပ်စသည့် နေရာများသို့ ဝေ့လည်ဝေ့လည် လှည့်ပတ်သွားလာလျက်က ဟိုဆရာ့ကို နှစ်ပုဒ်၊ သုံးပုဒ်ထုတ်ပြလိုက်နှင့် အယ် ဒီတာအချုပ်တာဝန်ကို ထမ်းဆောင်လျက်ရှိပါကြောင်း ဟူလို။ ။


ဒစ်ဖစ်ကတ်ဖြစ်နေသည့်
မြန်မာအာဝိကာယပ်လပ်များ

## (တစ်)

ပုလင်းဖင်ကိုဖြတ်၍ ကပ်ထားဘိသည့်အလား အလွန်အင် မတန်မှုပင်လျှင် ထူထူပိန်းပိန်းရှိလှချေသည့် မျက်မှန်တစ်လက်ကို တပ်ဆင်သမှုပြုထားဘိသည်ကြောင့် အမြဲတမ်းမျက်စိနာနေသည့် လူတစ်ယောက်သဖွယ် နီရဲ၍နေသော စက္ခုနှစ်ကွင်း၏ပိုင်ရှင် ဆရာမြသန်းတင့်သည် ကျွန်ုပ်ကို ကျောပေး၍ထားသည်မှာ မှန် သော်လည်း ဆရာ့ကျောပြင်တစ်ခုလုံး တသိမ့်သိမ့်ခါနေသည်ကို ကြည့်ခြင်းဖြင့် ဆရာတစ်ယောက် ရှိုက်၍ ရှိုက်၍ ငိုနေသည်မှာ သေချာချေကပြီ။

ဆရာကြီး ရွှေဥဒေါင်းကမူ မီးသေနေသော ဆေး တံကြီးကို ကိုက်ခဲကာထားနေလျက်က ကောင်းကင်ဘုံ ပြတင်း ပေါက်မှတစ် ဆင့် ဖြတ်မြင်နေရသော တိမ်စိုင်တိမ်လိပ်များကိုသာ ငေးရီ၍နေ ဘိချေသည်။ ဆရာတက်တိုးကား မျက်နှာထားကြီး ရှုတည်တည် လုပ်ကာ တက်တခေါက်ခေါက်နှင့်။ ဘုန်းမြင့်(မန္တလေး)ကား နံရံ

ကို လက်သီးနှင့်အလီလီထိုးလျက်။ ဆရာကြီးဒဂုန်ရွှေမျှား ကား တိုင်နှင့်ခေါင်းနှင့်ဆောင့်လျက်။ ဆရာဇော်ဂျီကား သူ၏ ဦး ခေါင်း ကို ဘယ်ညာ ယမ်းခါလျက်။ ဆရာကြီး သခင်ဘသောင်း။ ဆရာကြီး မင်းသုဝဏ်၊ ဆရာထင်လင်း စသည့်စသည့် အသီးသီး အသက ပုဂ္ဂိုလ်တို့သည် မျက်နှာညှိုးရော်ကာ ကျွန်ုပ်ကို ဝိုင်းဝန်း ကြည့်ရှုနေ ကြကုန်ချေ၏။

ကောင်းကင်ဘုံ တစ်ခုလုံးနွမ်းလျညှိုးရော်ချေကပြီ။

ကျွန်ုပ်ကား ကမ္ဘာမြေကိုယ်စားပြု စာပေတမန်တစ်ဦးပေ တည့်။

**(နှစ်)**

မကြာသေးမီ လပိုင်းများအတွင်းကပင်လျှင် ကျွန်ုပ် ချောက် ကွမ်းခြံကုန်းထံသို့ ထူးဆန်းသော စာတစ်စောင်ရောက်ရှိလာလတ် ၏။ ကောင်းကင်ဘုံမှ စာတစ်စောင်တည်း။ စာအောက်ခြေ၌ လက် မှတ်ရေးထိုး၍ ထားရှိသူမှာ ဘာသာပြန်ဆရာကလေး လင်းဝေမြိုင် ဖြစ်ပြီး စာ၌ပါရှိသည်တို့မှာလည်း ဘာသာပြန်မှုအစုစုတို့၏ အ ကြောင်းချင်းတို့ပင်ဖြစ်၍ နေဘိချေသည်။ အနှီ စာကြောင့်ပင် လျှင် ကျွန်ုပ်ချောက်ကောင်းကင်ဘုံသို့ တက်လှမ်းခဲ့ခြင်းဖြစ်ချေရာ ယင်းစာလွှာကို ဖော်ပြအပ်သည်ဟူ၍ ယူဆမိသည်ကြောင့် အောက်တွင်ဖော်ပြလိုက်ချေသည်။

***အဆွေဂျက်***

***ကောင်းကင်ဘုံရောက် စာရေးဆရာများ၊ အထူးသဖြင့် ထရန်စလေးရှင်းခေါ် ဘာသာပြန်ဆိုခြင်းနှင့်ပတ်သက်၍ မ ကင်းရာမကင်းကြောင်း ကျွန်ုပ်တို့သည် အဆွေဂျက်တို့၏***

*ကမ္ဘာမြေမြန်မာပြည်မှ စာနယ်ဇင်းဘုတ်အုပ်မျိုးစုံကို ဝယ်ယူဖတ်ရှုသမှုပြုနေခဲ့ကြရာ တချို့ဘာသာပြန်ဆိုချက်တို့မှာ ကျွန်ုပ်အဖို့ စိတ်စနောင့်စနင်းနှင့် ဘယ့်နှာမှ မဖြောင့်စင်းနိုင်ပါသောကြောင့် အဆွေကိုယ်တိုင် တစ်ခါတစ်ခေါက် အလည်လာရောက်လျက် ကူညီဖြေရှင်းပေးစေလိုပါကြောင်း။*

*ကောင်းကင်ဘုံရောက်*

*ဘာသာပြန်ဆရာများ*

*ကိုယ်စား*

*လင်းဝေမြိုင်*

အသို့နှင့် အာကာသလွန်းပြန်ယာဉ်ကို စီးကာ ကျွန်ုပ် ကောင်းကင်ဘုံသို့ ရောက်ခဲ့ရကြောင်း ဟူလို။

**(သုံး)**

ယခု ကျွန်ုပ်ရေးသားသမှုပြုနေသည့်စာစု၏ ရှေ့ပိုင်းတစ်နေရာတွင် ကောင်းကင်ဘုံရောက် ဘာသာပြန်ဆရာတို့ စိတ်သောကရောက်ရှိနေကြသည်ကို ဖော်ပြခဲ့ပြီးဖြစ်ပါ၏။ အကြင်ဆရာတို့ကား ကျွန်ုပ်ကို တွေ့သော် ကမ္ဘာဦးသူတို့နေလကို တွေ့သဖြင့် အုတ်အုတ်သောင်းသောင်း ဖြစ်ကြသည့်အလား နိုးထ၍သွား၏။

ထို့နောက် ကျွန်ုပ်အား ကြိုဆိုနှုတ်ဆက် လက်ဖက်ရည်ပွဲကလေး ကျင်းပပေးခြင်း၊ နေရာထိုင်ခင်း ချထားပေးခြင်း၊ စကားစမြည်ပြောဆိုခြင်းကလေးများ ပြုပြီးသည်ရှိသော နှောင်းရက်များမှာ ဘာသာပြန်မှုအစုစု၏ မေးခွန်းထွေလာ ဆရာကြီးဂျက် ဖြေစရာများပေတည်း။

(လေး)

စင်စစ် မြန်မာစာနယ်ဇင်းများပေါ်၌ ရေးသားဖော်ပြခဲ့ပြီးခဲ့ ကြကုန်သော စာသားများနှင့်ပတ်သက်၍ နားမရှင်းသည်များကို ကောင်းကင်ဘုံရောက် စာရေးဆရာကြီးငယ်များက ကျွန်ုပ်အား ဝိုင်းဝန်းမေးမြန်းကြသည်များမှာ အရေအတွက်အားဖြင့် မနည်း လှပေ။ အနို့အပြင် သူတစ်ခွန်းကိုယ်တစ်ခွန်း မေးခွန်းအထပ်ထပ် မွန်းကျပ်ဖွယ်ရာ စကားဝိုင်းကလေးဖြစ်သောကြောင့် မည်သည့် ဆရာက မည်သည့်ဟဝှာကို မေးလိုက်မှန်းလည်း ကျွန်ုပ်မမှတ်မိ တော့ချေ။ အနို့သော် လူတွေကို အသာထား မေးလေသမျှ ဖြေ ကြားခဲ့ရသည်များကိုကား အောက်ပါအတိုင်း မှတ်မိလျက်ရှိချေ သည်။

"ဆရာဂျက် . . . **ဒါဗို့စ်ဖိုရမ်၏ အဓိက ဆာဂျင်ဒါမှာ ဂလို ဘယ်လိုက်ဇေးရှင်းပင်ဖြစ်၏။** ဆိုသဟာ ဘာရေးတာတုံးဗျ"

"သြော် . . ဒါဗို့စ်ဆိုတာ ဆွစ်ဇလန်နိုင်ငံက မြို့ကလေးပါ ဗျာ . . ဖိုရမ်ဆိုတာ forum ဆွေးနွေးပွဲကလေးပေါ့ . . အာဂျင် ဒါဆိုတာက Agenda အစီအစဉ် . . ဂလိုဘယ်လိုက်ဇေးရှင်းက ကမ္ဘာလုံးပြုမှု . . . အဲတော့ အဓိပ္ပါယ်က ဒါဗို့စ်မြို့တွင် ပြုလုပ်ခဲ့ သော ဆွေးနွေးပွဲကလေး၏ အဓိကအစီအစဉ်မှာ ကမ္ဘာလုံးပြုမှု ပင်ဖြစ်ချေသည်ဟု အဓိပ္ပါယ်ရပါသည် ဆရာကြီးရွှေဥဒေါင်း ခင်ဗျား . . ."

**"ဝေါတွေပျောက်၍ မောတွေရောက်လာပြီဖြစ်ရာ အီကို နိုးမစ်စပိမှာ မြန်လာ၏** ဆိုသဟာကလေး လင်းပါဦးခင်ဗျာ"

"အဟော် . . ဝေါ . . Wall ဆိုတာ တံတိုင်းကြီးတွေပေါ့ . .

ဥပမာ ဘာလင်တံတိုင်း အခု အဲသည်အတားအဆီးတွေ ပြိုသွား ပြီတဲ့ . . Mall ဆိုတာက ဈေးဆိုင်တွေ . . ကမ္ဘာတစ်ခုလုံး လွတ် လွတ်လပ်လပ် ဈေးရောင်းကုန်ကြပြီတဲ့ . . သဟာကြောင့် စီးပွား ရေး(ခေါ်) အီကိုနိုးမစ်(Economic) ရဲ့ စပိ(Speed) ခေါ် မြန်နှုန်း တွေဟာ သွက်လာတယ်လို့ ဆိုလိုကြောင်းပါဆရာ မြသန်းတင့် . . ”

**“မြူးနစ်ဆက်ကျူရတီဆိုင်ရာ အင်တာနေရှင်နယ် ကွန် ဖရင့်၌ ပူတင်က ဂလိုဘယ်လ်စတယ်ဘယ်လတီကို ထည့် ပြောလာသည်** ဆိုတာ အဓိပ္ပါယ်ဖော်ဦးဟ . . . ”

“မြူးနစ်ခေါ် ဂျာမနီနိုင်ငံရဲ့ မြို့ကလေးမှာတဲ့ ဆီကျူရတီ (Security) လုံခြုံရေးဆိုင်ရာ အင်တာနေရှင်နယ်ကွန်ဖရင့် (International Conference) နိုင်ငံတကာ အစည်းအဝေးကို ကျင်းပရာတဲ့ ရုရှသမ္မတ ပူတင်က ဂလိုဘယ် စတယ်ဘယ်လတီ (Global Stability) ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုကို ထည့်ပြော လာရပေသည်တဲ့ ဆရာကြီး သခင်ဘသောင်းငဲ့ . . . ”

**“သာ့ဒ်ဝေ့ဖ်၏ အခြေခံမှာ အင်ဖော်မေးရှင်း တက္ကနိုလို ဂျီပင်ဖြစ်ရာ အေ့အော့ဖ်အန်ဆာတိန်းလီးအချိန်တွင် အက်ဆို လု တရုဟု ထင်ထားသည်များ ပြိုကျကုန်သည်** ဆိုသည်ကို ဘာသာပြန်ပါလေဦး ဆရာ . . . ”

“သာ့ဒ်ဝေ့ဖ် (Third Wave) တတိယလှိုင်းဆိုတာ အင်ဖော်မေးရှင်း တက္ကနိုလိုဂျီ(Information Technology) သတင်းနည်းပညာမှာ အခြေခံထားတဲ့အတွက် သည်ခေတ်ကြီးမှာ အေ့ချ် အော့ဖ် အန်ဆာတိန်းလီး (Age Of Encertainly) ဘာမှ မသေချာတော့တဲ့အတွက် အက်ဆိုလုထရု(Absolute Truth)

ထာဝရအမှန်တရားဆိုတာ မရှိတော့ပါဘူးဟု သဘောပေါက်ရပါသည် အစ်ကိုဘုန်းမြင့်(မန္တလေး)ခင်ဗျာ . . . ”

**အယ်လ်ဗင်းတော်ဖလာပြောသကဲ့သို့ပင် ဂလိုဘယ်လိုက်ဇေးရှင်းနှင့်အတူ ပါဝါရှစ်ဖ်တွေ ဖြစ်လာသည်။ ဖြူးချားရှော့ခ်တွေလည်း ဖြစ်လာသည်။ နယူးဝေါအော်ဒါမှာ ခေးအော့စ်ဖြစ်လာသည်** ဆိုတာကလေးကို လင်းပေးပါဦး ဂျက်ဆရာ”

“အယ်လ်ဗင်းတော်ဖလာ (Alvin Toffler) ဆိုတာက စာရေးဆရာတစ်ဦး၏ အမည်ပါလေ . . ဂလိုဘယ်လိုက်ဇေးရှင်း (Globalization)နှင့်အတူ ပါဝါရှစ်ဖ်(Power Shift) ခေါ် အာဏာအရွေ့အပြောင်းတွေ ဖြူးချားရှော့ခ် (Future Shock) ခေါ် အနာဂတ်သွေးလန့်မှုတွေဖြစ်လာလိမ့်မယ်လို့ ဆိုလိုတာပါ ခင်ဗျာ . . နယူးဝေါအော်ဒါ (New World Order) ကမ္ဘာသစ်ရဲ့ အခင်းအကျင်းဟာတဲ့ ခေးအော့စ် (Chaos) ရှုပ်ထွေးပွေလီမယ်လို့ ဆိုလိုကြောင်းပါ ဆရာမင်းသုဝဏ်ခင်ဗျာ . . . ”

အသို့နှင့် ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းသည် မြန်မာစာနယ်ဇင်းများကို ကိုယ်စီကိုယ်စီကိုင်ဆောင်ကာ နားမလည်သည့်ဝါကျများကို အဓိပ္ပါယ်မေးမြန်းနေသည့် ကောင်းကင်ဘုံရောက် မြန်မာစာရေးဆရာကြီးများ၏ မေးခွန်းများကို တစ်ခုပြီးတစ်ခု ဖြေကြား၍နေခဲ့ရာ အာခေါင်များခြောက်သွေ့လာခဲ့သည်ကြောင့် တာဝတိံသာဘီယာလေးတစ်ခွက်ကို အမောပြေမော့ချရချေ၏။ ၎င်း ဤသို့ဖြင့် လေးငါးရက်ခန့်ကြာညောင်းပြီးသော် မေးကြဖြေကြနှင့် ခရီးအတန်ပေါက်ခဲ့ပြီဖြစ်၍ ကောင်းကင်ဘုံရောက်ဆရာများ မျက်နှာဝင်းပခဲ့ကြချေကပြီ။ ကျွန်ုပ်လည်း ခရီးတစ်ခေါက်ကို ခွင့်ပန်ကာ

ပြန်ရချေ၏။ ဆရာကြီးရွှေဥဒေါင်းကမူ ရန်ကုန်အခြေစိုက်စာရေးဆရာများသို့ စာတစ်စောင်လက်ဆောင်ရေးပေးလိုက်ပါ၏။

**(ငါး)**

ကျွန်ုပ်၏ အာကာသလွန်းပြန်ယာဉ် ပလူတိုဂြိုဟ်အနီးမှ ဝိုးခနဲဖြတ်သွားသည့်အခိုက်တွင် ဆရာကြီးရွှေဥဒေါင်း၏ စာကို အသာအယာဖွင့်ဖတ်မိပါ၏။ စာမှာ . . .

**မိုင်ဒီးယား မြန်မာရိုက်တာများသို့ . .**

**အော့ဂျ် အော့ဖ် အင်ဖော်မေးရှင်းနှင့်အတူ မြန်မာလစ်ထရေးချားနယ်ပယ်၌ အိုင်ဒီရော်လော်ဂျီများ ချိန်းဂျက်စ်ဖြစ်ကြသည်ကို ဝဲလ်ကမ်းလုပ်မိသည်မှာ ဝန်ခံလိုသော်လည်း ဂလိုဘယ်ကြောင့် အင်ဒစ်ဗစ်ကျူရယ် ပျောက်မည်ကို စိုးရိမ်လှပေရာ မိမိတို့၏အိုင်ဒင်နရီမပျက်သုဉ်းရန်အတွက် ဒစ်ကတ်ရှင်းလုပ်နိုင်ပါက ခဲ့လင့်စ်တူဖြူးချားဖြစ်မည်ဟု ယုံကြည်မိပေသည်။**

**ရွှေဥဒေါင်း**
**ရိုက်တာအဆိုစရေးရှင်း**
**ပါရာဒိုက်စ်**

**ဟူလို။ ။**


တစ်ကျပ်သားတိတိ အလေးချိန်ရှိသော
ကျွန်ုပ်၏ ရွှေလက်စွပ်
THEIN TUN

(တစ်)

ရံခါရံခါ၌ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဖြစ်တတ်ပြီး ရံခါရံခါ၌မူ ဘီယာဆိုင်ကလေးတစ်ဆိုင်ဆိုင်၌ ဖြစ်တတ်ပါ၏။ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းသည် စကားစမြည်ပြောဆိုသောအခါများ ၌ လက်ဟန်ခြေဟန်အတော်ကလေးကို ပါတတ်သော အမျိုး ကောင်းတစ်ယောက်ဖြစ်ချေရာ ကျွန်ုပ်၏ ဝဲဘက်လက်ကို ဇွေ့၍ စကားဆိုလေတိုင်း လက်ခနဲ လက်ခနဲ ဖြစ်သွားတတ်သည့် ကျွန်ုပ်၏ လက်စွပ်အရောင်ကို အများက ေးမောတတ်ကြစမြဲပင်ဖြစ်ပါ၏။

ကျွန်ုပ်၏ လက်စွပ်သည်ကား တစ်ကျပ်သားတိတိ အလေးချိန်ရှိပြီး ရွှေစင်အစစ်(အခေါက်ရွှေ)ဖြင့် ပြုလုပ်ထားသော လက်စွပ်ပင်ဖြစ်ပေသည်။

(နှစ်)

ရင့်သီးသော မြန်မာစကားနှင့်ဆိုရသော် စာရှုးပေရှုးကလေးများ ပြူးတီးဖိုးဘားမိစ်ခေါ် လုပမြန်မာစကားနှင့် ဆိုရသော်

စာပေအနုပညာရှင်ကလေးများ အထူးပင်ပေါ်များလှချေသည့် ဤအမိမြန်မာနိုင်ငံ ဘုတ်အုပ်စာပေလောက၌ ထုတ်ဝေသူ၊ အယ်ဒီတာအစရှိသဖြင့် လုပ်ကိုင်ဆောင်ရွက်စားသောက်ရခြင်းသည် အတော့်ကို တွက်ခြေကိုက်သော အလုပ်ဖြစ်ပါ၏။

ကျွန်ုပ်၏ လက်စွပ်သည်ကား တစ်ကျပ်သားတိတိအလေးချိန်ရှိပြီး ရွှေစင်အစစ်(အခေါက်ရွှေ) ဖြင့် ပြုလုပ်ထားသော လက်စွပ်ပင် ဖြစ်ပေသည်။

**(သုံး)**

ကျွန်ုပ်တည်းဖြတ်ထုတ်ဝေနေသော မဂ္ဂဇင်းဘုတ်အုပ်တွင် ကဗျာအများစုကို နယ်က ကဗျာဆရာများအား ဦးစားပေး၍ ထည့်သွင်းမြဲပင်ဖြစ်၏။ ရန်ကုန်အခြေစိုက် ကဗျာဆရာများကား ပြဿနာရှုပ်လှချေသည်။ မဂ္ဂဇင်းဘုတ်အုပ်ထွက်ပြီဟုဆိုလိုက်သည်နှင့် စာအုပ်တိုက်သို့ စွေ့ခနဲရောက်လာချေ၏။ မေတ္တာလက်ဆောင်စာအုပ်ပေးပါ။ စာမူခပေးပါနှင့် ညံစာစာလုပ်တတ်ကြသူများဖြစ်ရာ မြို့ကြီးနေကဗျာဆရာတို့ကို ကျွန်ုပ်ကြောက်လှချေသည်။ အနို့မို့ကြောင့် နယ်က ကဗျာများကိုသာလျှင် အလုံးအရင်းနှင့် ကျွန်ုပ်သုံး၏။ မုံရွာ၊ မြစ်ကြီးနား၊ ပျဉ်းမနား၊ မြိတ်၊ သံတွဲ မြန်မာပြည်အရပ်ရပ်မှ အနုပညာငနဲကလေးတို့သည် တော်တန်ရုံမျှနှင့် ရန်ကုန်သို့ ရောက်မလာကြချေ။ အနို့ဖြစ်ရာ သင်းကလေးတို့၏ စာမူခ၊ သင်းကလေးတို့၏ မေတ္တာလက်ဆောင် စာအုပ်စသည် စသည်တို့မှာ ထုတ်ဝေသူအယ်ဒီတာ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းအတွက်သာလျှင် ဖြစ်ချေသည်တမုံ့။ ကဗျာတစ်ပုဒ် စာမူခနှစ်ထောင်၊ ဆယ်ပုဒ်နှစ်သောင်း၊ အပုဒ်တစ်ရာ နှစ်သိန်း၊

သို့ကလို တွက်ကြည့်နိုင်၏။ မဂ္ဂဇင်းဘုတ်အုပ်တစ်အုပ်တစ်ထောင်၊ ဆယ်အုပ်တစ်သောင်း၊ အုပ်တစ်ရာ တစ်သိန်း သို့ကလို တွက်ကြည့်နိုင်၏။

ကျွန်ုပ်၏ လက်စွပ်သည်ကား တစ်ကျပ်သားတိတိအလေးချိန်ရှိပြီး ရွှေစင်အစစ်(အခေါက်ရွှေ) ဖြင့် ပြုလုပ်ထားသော လက်စွပ်ပင်ဖြစ်ချေသည်။

## (လေး)

အနို့ကလို အနုသုခုမ ဝတ္ထု ကဗျာဆောင်းပါးစာ စသည်စသည်တို့ကို လေးလံခေါင်ဖျား၊ ခပ်လှမ်းလှမ်းဒေသသားများကို သာ သုံးနေပါလျက် ရံခါရံခါ အကြင်အနို အတ်တစ် (Artist) ဆိုသူများက ရန်ကုန်မြို့ကြီးရှိရာ ဆင်းဆင်းလာတတ်ကြချေပါသေးသည်။ ရောက်သော် မဂ္ဂဇင်းတိုက်သို့ ဝင်လာသတည်း။

"စာမူခကလေးပါ ခင်ဗျ" ဟူလို။

"အာ . . အားနာလိုက်တာဗျာ။ စာမူခနဲ့စာအုပ်ကို ကိုင်တဲ့ စာရေးမကလေးက သည်ကနေ့ မလာဘူးခင်ဗျာ။ သူက သော့ခတ်သွားလို့ . . နက်ဖန်မှာ တစ်ခေါက် ပြန်လာစေလိုကြောင်းပါခင်ဗျား . . . "

ကျွန်ုပ်ကား အနို့ကလို သို့ကလို လေချိုသွေးရချေသည်။ သို့နှင့်နောက်ရက်တွင် တစ်ခါရောက်လာကြပြန်ပါ၏။

"မနက်ဖြန်မှ စာရေးမကလေးက အလုပ်ဆင်းပါ့မယ် ခင်ဗျာ . . မနက်ဖြန် သူ့ဆီက သော့ယူပြီး ကျွန်တော် ဆက်ဆက်ထုတ်ထားလိုက်ပါ့မယ် . . နယ်က အနုပညာရှင်တွေ ရောက်လာခဲ့တာ . . အားနာစရာဖြစ်နေပြီဗျာ . . . "

အကယ်တန္တာဘဇာစာရေးမမှ မရှိချေ။ ရှိခဲ့၍ မလာခဲ့လျှင်လည်း ငွေကလေးနှစ်ထောင်သုံးထောင်ကို စိုက်ပေးလိုက်သော အလွန်လွယ်ကူသော ကိစ္စဖြစ်ပါ၏။ အန္တိသော် သကောင့်သားတို့ နောက်တစ်ခေါက် ထပ်မရောက်လာဘူး ဆိုသည်ကို ကျွန်ုပ်က သိပြီးဖြစ်ပါသည်။ သင်းကလေးတို့က အပြန်ခရီးအတွက် ကားလက်မှတ်၊ ရထားလက်မှတ် စသည် စသည်တို့ကို ကြိုတင်ဝယ်ယူထားကြပြီး ဖြစ်ချေရာ အနုသုခုမဆိုင်ရာ မဟာငွေကြေး အသပြာတော် နှစ်ထောင်သုံးထောင်ခန့်ကို အဘယ်မှာလျှင် လာရောက်ထုတ်ယူပါ့မယ်နည်း။

ကျွန်ုပ်၏ လက်စွပ်သည်ကား တစ်ကျပ်သားတိတိ အလေးချိန်ရှိပြီး ရွှေစင်စစ်စစ် (အခေါက်ရွှေ) ဖြင့် ပြုလုပ်ထားသော လက်စွပ်ပင်ဖြစ်ချေသည်။

**(င)**

ကျွန်ုပ်သည် ကျွန်ုပ်၏ မဂ္ဂဇင်းကို စောင်ရေ အတော့်ကို တက်စေလိုပါ၏။ နို့မို့ကြောင့် တောက်မည့်မီးခဲ တရဲရဲကဏ္ဍကို ဖွင့်လှစ်ထား၏။ အန္တိ တောက်မည့်မီးခဲ တရဲရဲ ကဏ္ဍတွင် ကဗျာကလေးဆယ်ပုဒ်ခန့်နှင့် ဝတ္ထုတိုကလေး နှစ်ပုဒ်ခန့်ကို လူမထပ် စေဘဲ လစဉ်ဖော်ပြပေး၏။ အန္တိ ကဏ္ဍအတွက် စာမူခမပေး။ မေတ္တာလက်ဆောင် စာအုပ်သာပေး၏။ စာအုပ်ကို မဂ္ဂဇင်းထွက်အပြီး သုံးပတ်အကြာ၌ လာထုတ်ရန် ဆော်ဩထားရာ မစောင့်နိုင်သူ တောက်မည့်မီးခဲတရဲရဲကလေးတို့သည် ဂုဏ်ယူအားတက် ဝယ်ခြမ်းအားပေးကြလေရာ စောင်ရေအတော့်ကို တက်ပါ၏။

ကျွန်ုပ် လက်စွပ်သည်ကား တစ်ကျပ်သားတိတိ အလေး

ချိန်ရှိပြီး ရွှေစင်(အခေါက်ရွှေ) ဖြင့် ပြုလုပ်ထားသော လက်စွပ်ပင်ဖြစ်ချေသည်။

**(ခြောက်)**

မည်သည့်အနုသုခုမ လောက၌မဆို ဘုရင်ဖြစ်မယ့်ကောင်ဟူသည် သျှောင်ထုံးကလေးနှင့်ဖြစ်၏။ ထိုသျှောင်ထုံးကလေးများကို မိမိက မြင်တတ်ကြည့်တတ်ရချေ၏။ မော်ဒယ်၊ အဆိုတော်၊ သရုပ်ဆောင် အတောင်အလက်ထွက်ခါစကလေးများကို ချဉ်းကပ်ရချေ၏။ သင်းကလေးတို့၏ဘဝ သင်းကလေး တို့၏ အနုပညာ ခါတ်ပုံပေါင်းက ဝေဝေဆာဆာပင်။

"စက္ကူဈေးကကြီး ရိုက်ခတွေက ဈေးတက်မို့ . . ကုန်ကျစရိတ်ကလေးတော့ ကူညီစေချင့်သကွယ် . . . "

အတောင်အလက်ထွက်ခါစ ကလေးတို့ကား ငွေထုပ်ကိုဆွဲထုတ်ကာ ကျွန်ုပ်ကို ကူညီရန်အသင့် . . . ။

ကျွန်ုပ်၏ လက်စွပ်သည်ကား တစ်ကျပ်သားတိတိအလေးချိန်ရှိပြီး ရွှေစင်အစစ်(အခေါက်ရွှေ)ဖြင့် ပြုလုပ်ထားသောလက်စွပ်ပင် ဖြစ်ချေသည်။

**(ခုနစ်)**

ကျွန်ုပ်၏ လက်ဝဲလက်သူကြွယ်မှ ရွှေလက်စွပ်သည် မြန်မာစာပေ ဖွံ့ထွားတိုးတက်မှု၏ ပြယုဂ်ပေတည်း။


လူကြားရို့မကောင်းဘူး
THEIN

**(တစ်)**

နည်းနည်းကလေးမှ မကွယ်ဝှက်စတမ်း ဝန်ခံလိုက်ကြစို့ ဟုဆိုသော် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း၏ အဖြစ်များမှာ ဧကန်မုချ ကိုပင်လျှင် လူသူလေးပါးကြားသိ၍ ဘယ့်နှာမှ မသင့်လျော်သော အကြောင်းခြင်းရာများပင် ဖြစ်တော့ချေသည်တကား တမုံ့ သတည်း။

**(နှစ်)**

လူကို ခေတ်က ပြဋ္ဌာန်း၏။ လူသည် ခေတ်၏အရိပ်လည်း ဖြစ်၏။ အနှို့ဟူမူကြောင့် တပင်ရွှေထီးဝီစကီသောက်ခြင်းသည် ဘဇာမှ မဆန်းချေ။ ထို့အတူ သီပေါမင်းသား အင်္ဂလိပ်စပီကင် လေ့ကျင့်ခြင်းသည်လည်း ဘဇာမှ မဆန်းချေ။ ဆရာကြီး သခင် ကိုယ်တော်မှိုင်း အဂ္ဂိရတ်ထိုးတာ၊ ဆရာစံ တုတ်ပီးဓားပီးဆေးထိုး တာ . . ဆရာဒဂုန်တာရာ ဘန်ကောက်လုံချည်ဝတ်တာ အားလုံး မှာ ခေတ်အရိပ်ပေတည်း။

ယခု လူထုအချစ်တော် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း တယ်လီ

ဖုန်းကိုင်၏။ နှယ်နှယ်ရရ တယ်လီဖုန်းမဟုတ်။ Hand Phone မြန်မာဘာသာအလိုအရသော် လက်ကိုင်ဖုန်း။ ကင်းဝန်မင်းကြီး ဦးကောင်း၏ ဘာသာပြန်မှုအရဆိုသော် လက်ကိုင်ဒိဗ္ဗသောတ ဓာတ်ခွက်ပေတည့်။ တချို့လူတို့၏ အဆိုအရသော် Mobile Phone တစ်နည်းအားဖြင့် ခေါင်းဝင်ကိုယ်ဆန့် စကားပြောဓာတ်ခွက်။ ယင်း အနှီ ဟဲလို ကိုဂျက်ကွမ်းခြံကုန်းတစ်ယောက် ကိုင်ပြီဆိုခြင်း သည်လည်း ခေတ်၏အရိပ်ပင်မဟုတ်သလော။ ဩော် . . ပဌမ သင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသော်မှ ကိုင်ဆောင်ခွင့်မရ ခဲ့သော Hand Phone တစ်လုံးနှင့် မဟာဂျက်ကွမ်းခြံကုန်း မိမိပါ ပေတကား။

## (သုံး)

တစ်နေ့သ၌ ရန်ကုန်မြို့ အခြေစိုက် ကျွန်ုပ်ဆရာကြီးဂျက်ထံသို့ တယ်လီဖုန်းဝင်လာ၏။ ကျွန်ုပ်၏ ဇနီးသည်နှင့်စကားပြောလိုသည်ဟူသော စကားသံကို သဲ့သဲ့ဆိုမှ တကယ့်သဲ့သဲ့ကလေးသာ ကြားရ၏။ ကျွန်ုပ်က . . .

"ရော့ ခင်ဗျားအတွက် ဖုန်း"

ဟုဆိုကာ အနှီ Hand Phone ကို လှမ်းပေးလိုက်ရာ ဇနီးဖြစ်သူက . . .

"ဟင် . . ဘာလဲ . . ကျယ်ကျယ်ပြော . . . "

"မကြားရဘူး . . "

"ဟင် . . ဘာလဲ . . ကျယ်ကျယ်ပြော . . . "

"မကြားရဘူး . . . "

စသည့် စကားကို တတွတ်တွတ်ပြောဆိုရင်း ဦးစွာ ကျွန်ုပ်

တို့၏ တိုက်ခန်းကျဉ်းကျဉ်းကလေးအတွင်းမှ အပြင်သို့ထွက်၏။ ယင်းနောက် လမ်းမပေါ်သို့ရောက်သော် ရေတမာပင်ကလေး တစ်ပင်က ကွယ်ထားသည်ဖြစ်ပါသောကြောင့် လမ်းဘေးရေမြောင်းစပ်ကို ကျော်လွှားကာ ကတ္တရာလမ်းပေါ်ထွက်လိုက်၏။ နားအထောင်မှာ ကြားယောင်သည့်ဟန်ပေတည်း။

"ဘာ . . . ဘာရယ် . . သားကြီး သမီးကြီးတွေနဲ့ . . ဟုတ်လား . .

မိန်းမနဲ့တော့ လက်ရှိကွဲနေတာ . . .

အေး . . ကျယ်ကျယ်ပြော . . ဘယ်သူ နန္ဒဝန် . .

ဈေးရှေ့ အခွေဆိုင်က စိုးမြင့် . . .

ဘာ . . . .

ကျယ်ကျယ်ပြော . . နင့်သမီးက တားလို့မရတာ . .

ဟဲ့ . . နင် မအေ . . နင်ရအောင် တားရမှာပေါ့ . .

ညီမလေးရဲ့ . . အခု လူကြားလို့ကောင်းသလား . .

ညည်း ပြောစမ်း . . အဲသည့် အမိုက်မ စိုးစိုး . . .

ခု ဘယ်မှာတဲ့လဲ . . ငါ့တူမကို ငါရအောင်ရှာမယ် . . ကျယ်ကျယ်ပြော . . ကျယ် . . ကျယ် . . .

ဘာ . . မှော်ဘီနားက မြောင်းတကာကို ပြေးတာ . . အေးအေး . . လူကြားလို့ မကောင်းဘူး . . .

အသာလေး နေလိုက်ဦး . . အေးပါ . . ကျယ် ကျယ် . .

ဟုတ်တယ် . . လူကြားလို့မကောင်းဘူး . . ငါလာခဲ့မယ် . . အေး . . အေး . . . "

Hand Phone ကို အသံပီသ ကြည်မြစေရန်အလို့ငှာ

နံနက်စောစောစီးစီးကြီး ကတ္တရာလမ်းပေါ် ကားရားခွ၍ စကား ထွက်ပြောနေသော ကျွန်ုပ်၏ဇနီးသည်ကား လူကြားလို့မကောင်း သော ကိစ္စဖြစ်သည့် သူ့တူမ၏ အချစ်ရေး၊ အချစ်ရာ ပြဿနာကို မကျေမနပ်ဖြင့် အိမ်ထဲပြန်ဝင်လာ၏။ လူကြားလို့မကောင်းသော ကိစ္စကို တစ်ဖက်က ကျယ်ကျယ်မပြောသောကြောင့် စိတ်တိုနေ သော ဇနီးသည်ကို ကျွန်ုပ်က သနားပါဘိ။

**(လေး)**

Hand Phone နှင့်ပတ်သက်၍ မမေ့နိုင်သော ဖြစ်ရပ် တစ်ခုကို စင်ကာပူနိုင်ငံတွင် ကျွန်ုပ်ကြုံခဲ့ရချေ၏။ စာပေလေ့လာ ရေးကိစ္စတစ်ခုဖြင့် ဝတ္ထုတိုဆရာမကလေး မိချမ်းဝေတို့နှင့်အတူ စင်ကာပူသို့ ရောက်ရှိခိုက် မိုးပျံတိုက်ကြီး တစ်တိုက်၏ အထပ်(၂၀) တွင် တည်းခိုနေထိုင်ကြ ရချေ၏။ အနို့နေကြစဉ် မိချမ်းဝေ၏ Hand Phone သို့ ဖုန်းဝင် ချေပြီ။

"အဲတော့ . . ဖုန်းလာပြီ . . . "

မိချမ်းဝေကား ထိတ်ခနဲပျာခနဲဖြစ်ကာ Hand Phone ကို ကောက်ကိုင်လျက် အခန်းအပြင်သို့ ပြေးထွက်သွားကာ ဓာတ် လှေကားကိုသော်မှ မစောင့်နိုင်တော့ဘဲ အထပ်(၂၀)လုံးကို ကျော် ဖြတ်ကာ တောက်လျှောက် ပြေးဆင်းသွားတော့ချေ၏။ ဘယ်လိုမှ လှမ်းခေါ်၍မရ။

"ဟေ့ . . မပြေးနဲ့ . . မပြေးနဲ့ . . ဘာမှမဖြစ်ဘူး . . ညီမ မိချမ်းဝေ . . . "

အနို့ကလို အော်ကာ နောက်မှ လိုက်၏။ သူ့နောက်တွင် ကျွန်ုပ်။ ကျွန်ုပ်၏နောက်တွင် ဟော်တယ် ဝန်ထမ်းများ။

"ဖုန်း . . ဖုန်း . . ဖုန်း . . ဖုန်း . . ."

မိချမ်းဝေကား တဖုန်းဖုန်းနှင့် အော်ကာ ဟော်တယ်ရှေ့ မြက်ခင်းပြင်အထိ ပြေးထွက်သွားချေရာ ချွေးများရွှဲနစ်ကာ အသက် ကို ဖုတ်လှိုက်ဖုတ်လှိုက် ရှူနေရတော့ချေ၏။ သူ့ခမျာ ကျန်းမာ ရေးကလည်း မကောင်း။

"ဟဲလို . . မိချမ်းဝေပါရှင် . . ."

ဟော်တယ် တာဝန်ရှိသူတို့ကား စိတ်မသက်မသာဖြင့် ကြည့်လျက်က မိမိအခန်းထဲမှာပင် ပီသကြည်မြစွာဖြင့် Hand Phone ပြောနိုင်ပါကြောင်း အနီး ယခုကဲ့သို့ ခြံဝင်းထဲသို့ ရောက် သည်အထိ ပြေးထွက်ပြောဆိုခြင်းမှာ လူကြား၍ မကောင်းပါ ကြောင်း မိချမ်းဝေ။ ဇာတိလက္ခဏာမပျောက်နိုင်သော ဟဲလို မမ ပါတကား။

## (ငါး)

တစ်ခါသားတုန်းကမူ ကျွန်ုပ်က တောင်ဥက္ကလာပက တူမ တစ်ဦးထံ ဖုန်းလှမ်းဆက်၏။ သူ့ဖုန်းက ကြိုးဖုန်း၊ ဘယ့်နှာမှ ဆက်မရ။ လူကြီးမင်းခေါ်ဆိုသော ဖုန်းတပ်ဆင်ထားခြင်းမရှိသေး ပါဟုသာ ပြန်ပြန်ဖြေနေရာ ကျွန်ုပ်လည်း ဒေါသဟုန်းဟုန်းဖြင့် ပြောဆိုရာ အနီးတူမထံမှ ရှက်ဒေါသဖြင့် ကျွန်ုပ်ကို ပြန်ပက်၏။

"ရာရာစစ ဦးဂျက်ရယ် . . ဖုန်းမရှိဘဲ ဖုန်းနံပါတ် ပေး ထားပါ့မလား . . အိမ်ရှေ့လာပြီး အော်ကျယ်အော်ကျယ်နဲ့ . . . ဖုန်းသွယ်ထားတာပဲ (၁၀)နှစ်ပြည့်တော့မယ် . . ."

ဩော် . . လူကြားလို့ မကောင်းပါကလား။ ။


ရောဂါသေချာအောင်
ဝေဒနာကို အရင်ဖြေရှာ
!?
ဆီး
ဝမ်း
သလိပ်
သွား
နှလုံး
သွေး
ဓါတ်မှန်
THEIN

## (တစ်)

**အသင့် ကျန်းမာရေး ထူးခြားအောင် ရှူးဝါးသို့ကြွ။**

အနီကား မြို့မဟာရန်ကုန်ရှိ အထူးကုဆေးခန်းကြီး တစ်ခု၏ ကြော်ငြာစာသားပင်လျှင် ဖြစ်ဘိပါချေသည်တမုံ့။

အက်စ် ယူအာအီ ရှူးဝါး။

Sure။

မြန်မာစကားထူးခြားနှင့် အင်္ဂလိပ် စကားရှူးဝါး နဘေ ထပ်ထားပုံမှလှပါပေ့။

Sure အထူးကုဆေးခန်း။

ယခု ပစ္စက္ခနှစ်ပိုင်းကလေးများအတွင်းဝယ် ရှူးဝါး၏ ဂုဏ် သတင်းမှာ အတော်ကလေးပင် ဟိန်း၏။ ထို့ပြင် ဟုန်း၏။

စမ်းသပ်ကုသမှုပြုသော နေရာတွင် တော်တော့်ကို ရေရာ သေချာ အဖြေရှာလျက် ဝေဒနာကိုကုသကြောင်း သတင်းတို့သည် မွှေးမွှေး ပျံ့ပျံ့ သန့်သန့်သင်းသင်းပါပေတမို့တကား။

## (နှစ်)

"ဘဇာစစ်သလဲ မမေးနဲ့ ငါ့တူရေ . . အစုံ ပလို အကုန်ကို စစ်တော့တာ . . .

ဆရာဒေါက်တာကြီးတို့ စေ့စပ်ပုံများ အံ့ပါ့ . . အံ့ပါ့ . . "

ဒွေးလေး မလုံးတင် ကောက်ချက်ချဖူးသော စကားဖြစ်ပါ၏။

မိခင်ကြီး၏ ကျန်းမာရေးအတွက် ရန်ကုန်သို့တက်သွားပြီးသည့်သကာလ ထူးခြားသည့်ရှူးဝါး၌ အပ်နှံကုသပြီးသည့်နောက် ရွာသို့ပြန်အရောက်၌ အိမ်ပေါက်စေ့လိုက်လံကာ ပြောဆိုဘိခဲ့ချေသည့် ဒွေးလေးမလုံးတင်၏ ကောက်ချက်ဖြစ်ပါ၏။

"အားကြီး . . စေတနာပါကြတာကလား။ မစစ်ချင်လို့ကို မရတာ . . အားလုံး စစ် ဇွတ်ပေါ့မောင်ရာ . . . "

ရှူးဝါး၌ ဆေးကုသဖူးသူ ဘကြီးကြွက်သိုး၏ သုံးသပ်ချက်။ အနို့နှင့်ရှူးဝါး၏ ရေရာသေချာပုံတို့ မွှေးကြိုင်လှိုင်နေသော ကာလများအတွင်းဝယ် ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းသည် ကျန်းမာရေးအနည်းငယ်ချို့ယွင်း၏။

ညာဘက်အောက်သွားတစ်ချောင်း ကိုက်ချင်သလိုလိုဖြစ်လာသော အကြောင်းပေတည်း။

နုတ်ရမည်လော သို့တည်းမဟုတ် ဖာရမည်လော ကျွန်ုပ်မသိချေ။

အနို့နှင့် ရန်ကုန်ရောက်ခိုက် ရှူးဝါးသို့ ဝင်လိုက်ချေ၏။

အသင့်ကျန်းမာရေး ထူးခြားအောင် ရှူးဝါးသို့ကြွ။

ဟုတ်ကဲ့ . . ကယ်ပါဆရာ . . ။

## (သုံး)

ဦးစွာမဆွ သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးက အနီ့နှယ် ညွှန်ကြားလာ၏။

"အသင်၏ ဆီးကို သွားရောက်စစ်ဆေးပါလေ . . . "

သွားကိုက်ခြင်းနှင့်ဆီးကိစ္စ ဘယ့်နှာသို့ ပတ်သက်သည်ကို ကျွန်ုပ်မသိ။

ကျွန်ုပ်၌ ကျန်းမာရေးဗဟုသုတ ဘဇာမှမရှိ။

သို့ပါ၍ စစ်ဆိုတော့ စစ်ရ၏။ ရှူးဝါး အထူးကု ဆေးခန်းကြီးထဲမှာပင် ကျွန်ုပ် စစ်လိုက်ပါသည်။

"အသင်၏ဝမ်းကို သွားရောက်စစ်ဆေးပါလေ . . "

သွားကိုက်ခြင်းနှင့် ဝမ်းကိစ္စ ဘယ့်နှာသို့ ပတ်သက်သည်ကို ကျွန်ုပ်မသိ။

ကျွန်ုပ်၌ ကျန်းမာရေးဗဟုသုတ ဘဇာမှမရှိ။

သို့ပါ၍ စစ်ဆိုတော့ စစ်ရ၏။ ရှူးဝါး အထူးကုဆေးခန်းကြီးထဲမှာပင် ကျွန်ုပ် စစ်လိုက်ပါသည်။

"အသင်၏ သွေးကို သွားရောက်စစ်ဆေးပါလေ . . "

သွားကိုက်ခြင်းနှင့် သွေးကိစ္စ ဘယ့်နှာသို့ ပတ်သက်သည်ကို ကျွန်ုပ်မသိ။

ကျွန်ုပ်၌ ကျန်းမာရေးဗဟုသုတ ဘဇာမှမရှိ။

သို့ပါ၍ စစ်ဆိုတော့ စစ်ရ၏။ ရှူးဝါး အထူးကုဆေးခန်းကြီးထဲမှာပင် ကျွန်ုပ်စစ်လိုက်ပါသည်။

"အသင်၏ သလိပ်ကို သွားရောက်စစ်ဆေးပါလေ"

သွားကိုက်ခြင်းနှင့်သလိပ်ကိစ္စ ဘယ့်နှာသို့ပတ်သက်သည် ကို ကျွန်ုပ်မသိ။

ကျွန်ုပ်၌ ကျန်းမာရေးဗဟုသုတ ဘဇာမှမရှိ။

သို့ပါ၍ စစ်ဆိုတော့ စစ်ရ၏။ ရှုးဝါးအထူးကုဆေးခန်းကြီးထဲမှာပင် ကျွန်ုပ်စစ်လိုက်ပါသည်။

"အသင်၏ နှလုံးကို သွားရောက်စစ်ဆေးပါလေ . . "

သွားကိုက်ခြင်းနှင့် နှလုံးကိစ္စ ဘယ့်နှာသို့ပတ်သက်သည်ကို ကျွန်ုပ်မသိ။

ကျွန်ုပ်၌ ကျန်းမာရေးဗဟုသုတ ဘဇာမှမရှိ။

သို့ပါ၍ စစ်ဆိုတော့ စစ်ရ၏။ ရှုးဝါးအထူးကုဆေးခန်းကြီးထဲမှာပင် ကျွန်ုပ် E.C.G ရိုက်လိုက်ပါသည်။

**"အသင်၏တစ်ကိုယ်လုံးကို ဓာတ်မှန်ရိုက်ပါလေ"**

သွားကိုက်ခြင်းနှင့် ဓာတ်မှန်ကိစ္စ ဘယ့်နှာသို့ပတ်သက်သည်ကို ကျွန်ုပ်မသိ။

ကျွန်ုပ်၌ ကျန်းမာရေး ဗဟုသုတ ဘဇာမှ မရှိ။

သို့ပါ၍ ရိုက်ဆိုတော့ ရိုက်ရ၏။ ရှုးဝါးအထူးကုဆေးခန်းကြီးထဲမှာပင် ကျွန်ုပ်ဓာတ်မှန်ရိုက်လိုက်ပါသည်။

စေ့စပ်သေချာတိကျလှပသော ဆရာဝန်ကြီးသည်ကား ကျွန်ုပ်၏ ဆီး၊ ဝမ်း၊ သွေး၊ သလိပ်၊ E.C.G၊ ဓာတ်မှန်စစ်ဆေးချက်များကို စဉ်းငယ်ဆိုရုံကလေးမျှသာ ငေ့ကြည့်လိုက်ပြီး သကာလ ရောဂါကို အဖြေတွေ့သွားချေ၏။

**"အသင့်သွားက အပေါက်က ဖာလို့ရပါသေးတယ်။ ယခု ကျွန်ုပ် ဖာပေးလိုက်ပါ့မယ် . . "**

ဝေဒနာကို ရေရာသေချာအောင် အဖြေရှာပြီးသည့်နောက်တွင်မှ ဖာ၍ပေးလိုက်သည့် ကျွန်ုပ်၏သွားကလေးကို လျှာကလေးဖြင့် အသာအယာ စမ်းကာစမ်းကမ်း ထိုးကြည့်မိလိုက်သည့်အခါတိုင်းဝယ် ထောင့်စေ့အောင် စမ်းသပ်စစ်ဆေးပေးလိုက်သောထူးခြားသည့် ရှူးဝါးအထူးကုဆေးခန်းကို တမ်းတမှန်းဆလျက်လွမ်းမျက်ရည်သီသီဝေ့လျက်နေရပါကြောင်း ဟူလို။ ။

ဝဏ္ဏပဘာကာလျှာချက်ကြီးတို့ခေတ်



## (တစ်)

ကောင်းကင်ဘုံရောက် မြန်မာဂန္ထ ဝင်စာဆိုတော်ကြီး တစ်စုတို့သည်ကား ခရီးသွားရတော့မည်ဖြစ်၍ ဟိုနားစုစု သည်နားစုစုနှင့် တွတ်ထိုး၍ မဆုံးနိုင်အောင် ရှိနေကြလေတော့၏။ ဖိတ် ကြားသူမှာကား ဤအနှိပ်သုကမ္ဘာမြေပြင်မှ အကျွန်ုပ် ဂျက်ကွမ်း ခြံကုန်းပင် ဖြစ်ဘိချေသည်။ တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲ တိုးတက်လျက်ရှိကြသော က္ကုတ္တိယခေါ် မိန်းမတို့၏ အလှပုံရိပ် ကလေးများကို လာရောက်စေ့ငုပြီးကြသည့်၏ သကာလ အကယ် တန္တု အင်စပိုက်ရေးရှင်း (Inspirarion) ခေါ် စိတ်ကူး စိတ်သန်း ကလေးတို့ရလာသည် ဆိုငြားအံ့။ အနှိစာဆိုတော်ကြီး တို့အနေနှင့် ကဗျာလင်္ကာများ ရေးဖွဲ့စပ်ဆို သီကုံးနိုင်စေဖို့ရာ အလို့ငှာတည်း။

(နှစ်)

ဆန်းပက္ခ လပြာသို၏ မြခွာညိုလှိုင်လှိုင်သင်းသော တစ်နံနက်ဝယ် စကြဝဠာလုံးဆိုင်ရာ လေဆိပ်ကြီးအတွင်းသို့ ဆိုက်ရောက်လာခဲ့သော အဲရှစ်(Air Ship) ခေါ် လေသင်္ဘောကြီးအတွင်း မှ ဆင်းသက်လာကြသော သူတို့မှာကား သွားရောက်ဖိတ်ကြားသူ အကျွန်ုပ် ဂျက်ကွမ်းခြံကုန်းနှင့်တကွ စာဆိုတော် ရှင်မဟာရဋ္ဌ သာရ၊ ရှင်တေဇောသာရ၊ နတ်သျှင်နောင်၊ နဝဒေး အသီးသီး အသကတို့ တကားပေတည်း။

ကျွန်ုပ်တို့သည်ကား လေဆိပ်မှထွက်လျှင်ထွက်ချင်းမှာပင် အအေးဆိုင်ကလေး တစ်ခုအတွင်းသို့ ဝင်ရောက်လျက် ခေတ္တ အပန်းဖြေမိကြပါ၏။

ကောင်းကင်ဘုံနှင့် ကမ္ဘာမြေမှာ လွန်စွာ ဝေးကွာလှသော်လည်း စကြဝဠာနေ့ချင်းပြန်လေယာဉ်ကြီးက အလင်းအလျင်နှင့် ပျံသန်းခဲ့သည် ဖြစ်သောကြောင့် အနို လေသင်္ဘောကြီး အတွင်းဝယ် (၁၅)မိနစ်ခန့်သာ နေလိုက်ရပါ၏။

**"ရခိုင်တန်ဆောင် ကလေးကို သတိမရဘူးလား ဘုရား"**

**"အိမ်း . . သိင်္ဂီရောင်ရွှန်း၊ ရွှေပုံသွန်းသို့**
**လန်းလန်းလက်လက်၊ လိုက်ဖက်တင့်မော**
**မချောစရာ၊ ချောစရာလျှင်**
**ကေသာဆံလွှ၊ ထုံးနောက်စနှင့်**
**ချုပ်ညရီတွင် ဖြုတ်ချည်းမြင်သည်**
**ရှင်သာ ရခိုင်တန်ဆောင်လော ဟု ဖွဲ့ဆိုခဲ့ဖူးပါ**

**သည် ဂျက် ဒကာ . . .”**

အင်းဝခေတ်၏ စာဆိုတော် **ရှင်တေဇောသာရ** က တည်ငြိမ်စွာဖြင့် အနီ့ကလိုမိန့်၏။

ရခိုင်သို့ရောက်ခိုက် ရခိုင်မင်းသမီး ကလေးကို တွေ့ကာ ဝင်းလက်တောက်ပနေပုံ၊ ဆံထုံးကလေး ရွရွ ထုံးထားပုံ၊ ညနေရီ၌ ဖျတ်ခနဲမြင်လိုက်ပုံတို့ကို ဖွဲ့ထားခဲ့သည့် ရတုကို ကျွန်ုပ်အား ပြန်လည်ရွတ်ပြနေခြင်းဖြစ်ပါ၏။

**“ဒေဝစွာရာ၊ ပြင်လျာတင့်ဆင်းရောင်**
**လှကြက်တောင်နှင့်၊ လှခေါင်ပြစ်မျိုးလွတ်**
**ပြာထွတ်ထွတ်လျှင်၊ ရစ်ပတ်ခြူးမျှော်စိ**
**ရွှေထဘီနှင့်၊ အာနီသိန်းတန်မျိုး**
**ရွှေခါးကြိုးလည်း၊ စံမျိုးနေ့တိုင်းပင်**
**အမြဲဆင်၍၊ ကျွန်းတွင် ဇမ္ဗူလုံး၊**
**ပြိုင်တိုင်း ရှုံးသည်၊ ပြစ်လုံးကင်းဝေးကွာ**
**မိသူဇာကို၊ ဆည်းဆာညရီတွင်**
**ကျွန်ုပ်မြင်သည်၊ ရွှေရင်ဖုံးတုံ့**
**မဖုံးတုံ့ . . .**

ဟူ၍ စပ်ဆိုတော်မူဖူးသည်ကိုလည်း အကျွန်ုပ်က သတိရမိပါသည် အရှင်ဘုရား . . .”

**“ဝဏ္ဏပဘာ** ကလေးရဲ့ အလှပေပကွယ်
နုစဉ်က လက်ရာပေပ . . .”

ကြက်တောင်ကလေးနှင့်၊ ရွှေထဘီကလေးနှင့်၊ ရွှေခါးပတ်

ကလေးနှင့် ညနေရီရီ၌ တွေ့ရသော ဝဏ္ဏပဘာ၏ အင်းဝခေတ် အလှကို ဖွဲ့ဆိုခဲ့သော စာဆို **ရှင်မဟာရဋ္ဌသာရ** က အနိဋ္ဌကလို မိန့်မြွက်ခဲ့ပါ၏။

**“ရှင်နှောင်း** အလှကိုလည်း အကျွန်ုပ် နှစ်သက်မိပါရဲ့”

“အေး . . ပြည်က မိန်းကလေးပါပဲလေ . . . ”

**အလှထွတ်တင်**
**သည်လျှင်တစ်ယောက်**
**စံဖြစ်လောက်သား**
**လက်ကောက်လျှံဖြိုး**
**ခါးကြိုးအာနီ၊ မျက်စိရည်ရှင်**
**ရွှေရင်သိမ်းသစ်၊ မြနှစ်အရောင်**
**စည်းကြက်တောင်နှင့်**
**ရွှေဘောင်များလယ်**
**တင့်စံပယ်လျက်**
**ဘုန်းကြွယ်နတ်တူ**
**မျိုးငယ်သူ . . . .** ဟူ၍ ကျွန်ုပ်က ဖွဲ့ဆိုခဲ့သည်ပ . . ပြည်ပရဲ့ နှောင်းခေတ်စာဆို **မောင်ချောနွယ်** တို့ကတော့ ကြိုက်ပါ့မလား မသိ . . . ”

ပြည်သား စာဆို **နဝဒေးကြီး** ကား **ရှင်နှောင်း** အလှရတုတစ်ပိုင်းတစ်စကို ရွတ်ဆိုပြီးသည့်သကာလ ကိုကာကိုလာကို တဂွပ်ဂွပ်မော့ချ၍သာ နေတော့ပါ၏။

လက်ကောက်နဲ့ကျောက်မျက်စီသော ရွှေခါးပတ်ကြိုးနဲ့

ကြက်တောင်နဲ့ ပြည်မြို့သူရှင်နှောင်း လှပါပေ့ . . .။

**“ရာဇဓာတုကလျာ** ကိုသာ

လွမ်းတချေမိတော့သည် တမ့် . . .”

တောင်ငူဘုရင် **နတ်သျှင်နောင်**က သို့နှယ်မြည်တမ်း လိုက်ချေသောအခါ သူ၏ ရတုတစ်ပိုင်းတစ်စသည် ကျွန်ုပ်၏ ရင်ကို လာဆောင့်၏။

**“တင့်လှပေဟန်၊ ဖက်မရန်တည့်**
**ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့**
**ပြာပြာလတ်လတ်၊ မွတ်မွတ်ရေးချေ**
**ထုံးနေမလျော၊ ပန်းရောဆံကြာ**
**ချတိုင်းသာလျှင်၊ ရွှေဝါဖိတ်တွင်း**
**ထည်ချင်းစံပယ်၊ နံ့ကြွယ်လှိုင်ကြူ**
**မဥ္ဇူမျက်မည်း၊ ပေါ်ထပ်စည်းနှင့်**
**မရည်းမထင်၊ ဖြုတ်ချည်းမြင်က**
**နတ်ပင်ယိုးမှား၊ ပိုးဝါးတွေးချွတ်**
**စိတ်လုံး ညွတ်သည်၊ ဘုံထွတ်နန်းတောင် နေသို့**
**လော . . .”**

ဟူသည့် အလှဖွဲ့။

ရာဇဓာတုကလျာ၏ အလှ။

ယခုတစ်မူအလှတို့ ရွှေ့ပြောင်းချေပြီ။ ယခုမျက်လုံးသည် ယခင်မျက်လုံးမဟုတ်။

ယင်းကို စေ့ငုခံစားရန် စာဆိုတော်တို့အား ဖိတ်ကြားရ

ခြင်း ဖြစ်ပါ၏။ ပြည်ရွာအနှံ့ ခြေဆန့်လှုပ်ရှား၊ သွားလာ ဝင်ထွက်၊ ပင့်သက်ခိုးချ၊ အလှကဗျာဖွဲ့ပါလေ။

## (သုံး)

ဘတ်စ်ကားတစ်စီးပေါ်၌ ဖြစ်ပါ၏။ ရှင်မဟာရဋ္ဌသာရ၊ ရှင်တေဇောသာရ၊ နဝဒေး၊ နတ်သျှင်နောင်နှင့် ကျွန်တော်တို့သည် ဘေးတန်းတွင် တန်းစီလျက် လိုက်ပါလာခဲ့ကြရာ မှတ်တိုင်တစ်ခု အရောက်တွင် ခေတ်၏သမီးငယ်ကလေးသုံးယောက် တက်လင့်၍ လာလတ်၏။ ဘောင်းဘီကျပ်ကျပ်ခဲခဲများနှင့် ပါပေတကား။

ဎင်း သည်ကိစ္စမရှိ။

ကိစ္စရှိသည်က ချက်ကြီးများပင်။

သူကလေးတို့၏ အင်္ကျီ များသည် မဆွကတည်းက ဖွတ်တို ထားသော အင်္ကျီများဖြစ်ကြချေ ရာ အပေါ်တန်းသို့ လက်မြှောက် လိုက်သည်ရှိသော် ဗိုက်သားသည် လက်သုံးလုံးခန့် လပ်ဟာ၍ သွား၏။ ရွှေချက်တော်စူလှချေသည်။

ကျွန်ုပ်အဖို့မှာကား ခေတ်၏ ဂျက်ကွမ်းခြံကုန်းဖြစ်သည် ကြောင့် ဘဇာမှ မဆန်းချေ။

ရထားပေါ်မှာ စူပါမားကတ်ကြီးတွေ ထဲမှာ၊ ပလက်ဖောင်း ပေါ်မှာ၊ ကဖေးဆိုင်ထဲမှာ၊ နေ့တိုင်းနေ့စဉ်၊ တွေ့မြင်ပင့်သက်၊ လှချက်များပါပေတကား။

အနို့သော် ရှေးခေတ် စာဆိုတို့အဖို့ အမြင်ဆန်းပြီ။ မသက်မသာဘဝ မျက်လွှာချ၍သာ နေရတော့ချေသည် တမုံ့။

## (လေး)

အနို့နှင့် မြေကမ္ဘာအနှံ့ခြေရာ ဆန့်ပြီးသည်၏သကာလ စကြဝဠာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြသော စာဆိုတော်တို့က အောက်ပါအလှဖွဲ့ကိုယ်စီကို ကျွန်ုပ်အား လက်ဆောင်ပေးသွားခဲ့ကြပါပေသည် တမုံ့။

**၁။ ဝဏ္ဏပဘာ၊ ကလျာချက်စူမ**
**ဖြူလွလွကို၊ သကေတ ဘတ်စ်ကားတွင်**
**ကျွန်ုပ်မြင်သည်၊ ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့။**
**၂။ စူပါမားကတ်ထဲတွင် ကျွန်ုပ်မြင်သည်**
**ရှင်သာချက်စူ တန်ဆောင်လော။**
**၃။ နတ်ပင်ယိုးမှား၊ ဝိုးဝါးတွေးလျက်**
**မျက်လုံးထဲက မထွက်သည်**
**ချက်ကြီးတန်ဆောင်နေသို့ လော။**
**၄။ ကော့မျက်တောင်နှင့်**
**ရွှေရောင်ဆံနွယ်**
**ဘုန်းကြွယ်နတ်တူ**
**မိချက်စူ။**

ရှင်မဟာရဋ္ဌသာရ၊ ရှင်တေဇောသာရ၊ နတ်သျှင်နောင်၊ နဝဒေး တို့သည် အလှဖွဲ့ကဗျာကို **ချက်** မပါ၍မဖြစ်ဟု ထင်မှတ်သွားကြဟန်ပေတကား။ ။

# ကိုလိုမြွတ်ဖို့အရေး



## (တစ်)

ယခု ပစ္စက္ခ မြန်မာစာနယ်ဇင်းအသီးသီး၏ စာမျက်နှာများပေါ်၌ အတော်ကလေးကိုပင်လျှင် နာမည်ကလေးဟိန်း၍ဟုန်း၍ နေဘိချေသော ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း၏ မူလပထမကနဦး အင်္ဂလိပ်စာဆရာမှာ မွေးဌာနေ သပွတ်အူကျေးရွာမှ ကူးတို့ဆရာ ဦးလေးကိုညီစိန်ပေတည်း။

ကိုညီစိန်ကား မလှမ်းမကမ်းရှိ တောမြို့ကလေးနှင့်သပွတ်အူကျေးရွာကြား ကူးတို့သမ္ဗန်ကလေး တစ်စင်းနှင့် လုပ်စားနေသူဖြစ်ရာ မြို့နား မြို့မျက်စိသူ့မှာရှိ၏။

အနို့ကြောင့် မပြောကောင်း မဆိုကောင်း တစ်နေ့နေ့သူ့သမ္ဗန်ပေါ် နိုင်ငံခြားသားတွေ ရောက်လာအံ့လတ္တံ့ဟူသည်ကိုတွေးတောပူပင် နေခဲ့ပုံရပါ၏။

**ဆရာလွတ်အင်္ဂလိပ်စကားပြော** ဟူသည့် စာအုပ်ကလေး တကိုင်ကိုင်နှင့်လေ့ကျင့်လျက်ရှိနေတတ်သည်ကို သတိ

ထားမိခဲ့သူ ကျွန်ုပ်မှာ အားကျခြင်းပြင်းစွာဖြစ်သည်ကြောင့် ဆရာ တင်လိုက်မိပါ၏။

"စာအုပ်ဝယ်ပြီး ငါ့လို ကျင့် A, B, C, D တောင် တတ် စရာမလိုဘူး . . . "

အနို့နှင့် ကူးတို့ဆရာ အင်္ဂလိပ်စကားလေ့လာမှု လမ်းညွှန် သမား ကိုညီစိန်၏လမ်းညွှန်မှုအတိုင်း ဂျက်ကွမ်းခြံကုန်း အလောင်း အလျာ ကျွန်ုပ် လေ့ကျင့်ခဲ့ပါပေသတည်း။

**ဝှပ် အစ် သစ်။**

ဤအရာသည် ဘာလဲ။

**ဝှပ် အစ် ယူ အာ နိမ်း။**

သင်၏ အမည်သည် ဘာလဲ။

**ဝှဲယား ဒူး ယူ ဂိုး။**

သင် ဘယ်သို့သွားမည်နည်း။

**ဝှပ် အာ ယူ ဒူး ရင်း**

သင် ဘာလုပ်နေသလဲ။

ဂျက်တစ်ယောက် အနို့ကလို လေ့ကျင့်နေခဲ့ရာ သပွတ်အူ အသိုက်အဝန်းက အင်္ဂလိပ်လို မှတ်နေမှတော့ ထွန်းကားပြီပေါ့ဟု ဆိုကာ ဝိုင်းဝန်းအားပေးကြကုန်ချေသည် တမုံ့။

## (နှစ်)

သို့နှင့် ဂျက်အရွယ်ရောက်၏။ မြို့ကြီးသို့လည်း ရောက်၏။ အသံထွက်ကိစ္စ ကျွန်ုပ် ခေါင်းခြောက်ကပြီ။

ဆရာမောင်သာနိုးက ကဗျာ Poem ကို **ပေါ်အဲမ** ဟု ထွက်ရမည် ဟုမိန့်၏။

နည်းစနစ် Technique ကို **တဲခနိက** ဟု ထွက်ရမည်ဟု မြွက်၏။

အတိသယဝုတ္တိအလင်္ကာ Hyperbole ကို **ဟိပဲရဘောလိက** ဟု ထွက်ရမည်ဟုမှာ၏။

ဘောလုံး Ball ကို **ဘောလ** ဟု ထွက်ရမည်ဟု ညွှန်၏။ သပွတ်အူတွင် ပြုလုပ်သော ပါးစပ်ကြီးနှင့် ကျွန်ုပ် ခက်ကပြီ။

## (သုံး)

အသို့နှင့် လွန်ခဲ့သော နှစ်နှစ်လောက်ကတော့ **အင်္ဂလိပ်အသံထွက်ကိစ္စ** ဟူသော ဘုတ်အုပ်ကလေးတစ်အုပ်ထွက်ပြန်ပါ၏။ ကျွန်ုပ်မှာ လေ့လာစေ့ငုရပြန်ပါချေပြီ။

| | | |
|---|---|---|
| Boy | - | ဘောအိ |
| Girl | - | ဂါးလ် |
| Know | - | နိုအု |
| Go | - | ဂိုအု |

Day - ဒဲအိ

စသည် စသည် စသည်။ Oxford **အောက်စ်ဖာ့ဒ်** က ထုတ်ဝေသည့် Dictionary **ဒစ်ခ်ရှာ့နရီ** လာ သဒ္ဒဗေဒ သင်္ကေတ (Phonetic Sign) များအတိုင်း စနစ်တကျ အကြံပေးထားခြင်းဖြစ်ရာ သပွတ်အူပါးစပ်နှင့် ကျွန်ုပ်ခက်ရပြန်ချေပြီ။

## (လေး)

**ဆရာကြီး လူထုစိန်ဝင်း** ကမူ ငါးပိအင်္ဂလိပ်နဲ့ပြောဆိုတော့ရော ဘဇာဖြစ်သနည်း။ ကုလအတွင်းရေးမှူးချုပ်ဟောင်း **ကိုဖီအာနန်**ပင်လျှင် **အာဖရိုသံ**နှင့် ပြောသည်မဟုတ်သလောဟု မြည်တွန်တောက်တီး၏။

စင်္ကာပူဝန်ကြီးချုပ်ဟောင်း **လီကွမ်ယု** ကတော့ စင်္ကာပူဆန်သော အင်္ဂလိပ်စကား Singlish မဖြစ်စေလို ပါဟု အကြံပြု၏။

**ဝှပ်အစ်သစ်**နှင့်မွေးကာ **ဝှပ်အစ်ယူအာနိမ်း** နှင့် အရွယ်ရောက်ပြီးနောက် **ဝဲ့ယားဒူးယူဂိုး** နှင့် ကြီးပြင်းသူ ဂျက် စိတ်ညစ်ကပြီ။

## (ငါး)

ကျွန်ုပ်ဖတ်လိုက်ရသော သတင်းတစ်ပုဒ်၌ စင်္ကာပူမိဘတို့သည် စင်္ကာပူကလေးငယ်ကလေးတို့အား အင်္ဂလိပ်အသံထွက်ပီစေ

ရန် အလို့ငှာ လျှာများကို ခွဲစိတ်ပြုပြင်နေကြကုန်သည်ဟုဆို၏။

နောက်ထပ် သတင်းတစ်ပုဒ်ကမူ တောင်ကိုရီးယား၌ အင်္ဂလိပ်ကျေးရွာ (၁၀)ရွာ တည်ဆောက်ကာ အသံထွက်ပီသရေးလုပ် ဆောင်ကြလတ္တံ့ဟုဆို၏။

အခြားသတင်းတစ်ရပ်ကလည်း (၂၀၁၀) ခုနှစ်ဝယ် တောင်ကိုရီးယားချေဂျူးကျွန်း၌ အင်္ဂလိပ်စကားသာ ပြောရမည့် မြို့တစ်မြို့ တည်မည်ဆို၏။

English My Town ဟူသည့်မြို့။

နာမည်ကလေး လှပါပေ့။

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းတို့ကတဲ့ရော။ ဘယ့်နှာလုပ်ကြရပါ့။


ဒီမှသောတ
ဓါတ်ခွက်ဒရိုင်ဘာ
THEIN TUN

**(တစ်)**

သပွတ်အူချက်မြုပ်ဖြစ်ပြီး ယခင်က သပွတ်အူကျေးရွာ၌ နေထိုင်ကာ ယခုအခါ ရန်ကုန်တွင် အခြေစိုက်လိုက်ပြီဖြစ်သော ရွှေပွတ်စိုးမြင့်သည်ကား လုပ်လိုက်ပြီဟေ့ဟုဆိုလျှင် အဆန်းတကြယ်များသာလျှင် ဖြစ်ဘိပါချေသည်တမုံ့။

**အမြန် အလိုရှိသည်။**
**မိုဘိုင်းဖုန်း (Mobile Phone)**
**လက်ခံပြောဆိုပေးနိုင်မည့်သူတစ်ဦး ဆက်သွယ်ရန်။**
**(၂၄)နာရီ တာဝန်ထမ်းဆောင်ရပါလတ္တံ့။**
**လစာညှိနှိုင်းဆောင်ရွက်အံ့။**

**ရွှေပွတ်စိုးမြင့်**
**ရွှေပွတ်မီဒီယာဂရု**

ယင်း ဝှင်းအနှီ ကြော်ငြာကို တွေ့လျှင်တွေ့ချင်း ကျွန်ုပ် မယုံကြည်နိုင်လောက်အောင် အံ့သြသွားမိ၏။

ကားကို ကိုယ်တိုင်မမောင်းလိုသူတို့ ကားဒရိုင်ဘာ ငှားရမ်း အသုံးပြုသည်ကို ကျွန်ုပ် နားလည်၏။

အနို့သော် မိုဘိုင်းဖုန်းကို အဘယ့်ကြောင့် ဒရိုင်ဘာ ငှားရမည်နည်း။

ပဟေဠိဆန်လွန်းပေစွ။

ပုစ္ဆာဆန်သော ရွှေပွတ်စိုးမြင့်ပါပေတမုံ့တကား။

## (နှစ်)

ကမ္ဘာပေါ်၌ နေချင့်စဖွယ် အကောင်းဆုံးတိုင်းပြည်ဟု ဆိုအပ်သော ကျွန်ုပ်တို့၏ အမိမြန်မာနိုင်ငံတော်သို့ တယ်လီဖုန်းဟူသော အရာကြီးရောက်ရှိမလာမီကပင်လျှင် Telephone ဟူသော ဝေါဟာရစကားလုံးကြီးသည် ရောက်ရှိ၍လာလတ်၏။

မြန်မာလို ပသို့ဆိုရပါအံ့။

ကင်းဝန်မင်းကြီးဦးကောင်းသည်ကား အနို့ကလို လှပစွာ ဘာသာပြန်ဆိုခဲ့ပါ၏။

ဒိဗ္ဗသောတဓာတ်ခွက် ဟူလို။

ကျွန်ုပ် အလွန် သဘောကျမိပါ၏။

ဒိဗ္ဗစက္ခုဟူသည် နတ်မျက်စိ။

ဒိဗ္ဗသောတဆိုတော့ နတ်နား။

တယ်လီဖုန်းဟူသည် နတ်နားတစ်မျိုးပေပ။

အနို့နှင့်နောင်သော် ကြိုးဖုန်း၊ ခြင်းဖုန်း၊ ရေဒီယိုဖုန်း၊ ဆယ်လူလာဖုန်း၊ GSM ဖုန်း စသည် စသည်ဖြင့် ဖုန်းမိုးစွေရွာလို့သာ လာတော့ချေသည်တည့်။

GSM ဖုန်းကို လက်တွင်ကိုင်ထား၍ ရသည်ကြောင့် အချို့က ဟဲန်းဖုန်း (Hand Phone) ခေါ်တွင်၏။

ဟဲန်းဆက် (Hand Set) ခေါ် သူတို့ကလည်း ခေါ်ကြပြန်ပါ၏။

အချို့မူကား သွားလေရာသို့ အလွယ်တကူ သယ်ဆောင်ယူငင်သွားနိုင်သည် ဖြစ်၍ မိုဘိုင်းဖုန်း (Mobile Phone) ဟုလည်း ခေါ်ကြပြန်သည် ဟူလို။

ယခု ရွှေပွတ်စိုးမြင့်က ရန်ကုန်နေ လူသားဖြစ်၍သွားခဲ့ပြီဖြစ်ရာ Mobile Phone တစ်လုံးကို ဝယ်၍ကိုင်၏။

သပွတ်အူ ကျေးရွာကို ဗဟိုပြုလျက် မိုင်(၂၀)တစ်ဝိုက်တွင် မွေးဖွားလာသူတို့ အနက် ဒိဗ္ဗသောတခေတ်ခွက်ကို ပထမဦးဆုံး ကိုင်ဆောင်ခဲ့သူမှာ ရွှေပွတ်စိုးမြင့်သာလျှင် ဖြစ်ဘိပါချေသည် တမုံ့တကား။

## (သုံး)

**"ကျန်းမာရေး အသိကြောင့် တယ်လီဖုန်း ဒရိုင်ဘာ ငှားလိုက်ရပေတာဗျ . . . ဆရာဂျက်ရဲ့ . . အဲသဟာ ကျွန်ုပ်ရဲ့ မိုဘိုင်းဖုန်း ဒရိုင်ဘာပေပေါ့ . . . "**

သပွတ်အူစိုးမြင့်သည်ကား သူ့အိမ်ဇည့်ခန်းကလေး တစ်နေရာရှိ မိုဘိုင်းဖုန်းကလေးဘေးတွင် ထိုင်နေသော လူခပ်ရွယ်ရွယ် တစ်ယောက်ကို မေးငေါ့၍ ပြပြီးသည်၏ သကာလ ကျွန်ုပ်၏ လာရောက်စေ့ငုမှုကို ရှင်းပြပါချေသတည်း။

ထိုစဉ် မိုဘိုင်းဖုန်း၌ အသံမြည်လာ၏။

အန္တိုသော် ရွှေပွတ် စိုးမြင့်သည်သော်လည်းကောင်း၊ သူ၏ ဇနီးမဒမ်စိုးမြင့်သည်သော်လည်းကောင်း အနီးဖုန်းကို ကောက်မကိုင်ကြချေ။

**"ဟုတ်ကဲ့ . . ပြောပါခင်ဗျ . . ဆရာရွှေပွတ်ဘေးမှာ ရှိပါတယ် . . ဗျာ . . စာအုပ်တိုက်ကို ဘယ်အချိန်ရောက်မလဲ . . ဟုတ်ကဲ့ . . မေးလိုက်ပါ့မယ် . .**

**(ဆရာ ဘယ်အချိန် ရောက်မလဲတဲ့ . . ဆယ်နာရီ . . . ဟုတ်ကဲ့ . . )**

**အဲ . . အစ်ကိုရေ . . ဆယ်နာရီလောက်ရောက်မယ်တဲ့ . .**

**ဟုတ်ကဲ့ . . ဟုတ်ကဲ့ . .**

**(ဆရာ . . ကာရာအိုကေဆိုင်က ကဗျာဆိုလား . . လိုက်လာလို့တဲ့ . . သူ့အယ်လ်ဘန်ယူသွားသလားတဲ့ . . ဗျာ . . မယူဘူး . . အံဆွဲထဲထားခဲ့ . . )**

**အဲ . . အစ်ကိုရေ . . ဆရာရွှေပွတ်က သူမယူလာဘူးတဲ့ . . အံဆွဲထဲမှာ ထားခဲ့တယ်တဲ့ . . . "**

ဤ၌ ကွင်းခတ်ထားသော စကားတို့မှာ မိုဘိုင်းဖုန်း ဒရိုင်ဘာက ရွှေပွတ်စိုးမြင့်အား လှမ်းလှမ်းမေးသော စကားတို့ပင်ဖြစ်

ပါ၏။

ဘယ့်နှာကြောင့် ရွှေပွတ်စိုးမြင့်တို့ ဖုန်းမကိုင်သနည်း။ ရွှေပွတ်စိုးမြင့်က သူသိထားသော ဗဟုသုတကို အန္တိကလိုဝေ၄၏။

အိုဟိုင်းအိုး တက္ကသိုလ်က သုတေသီတို့ရှာဖွေတွေ့ရှိချက်များအရ (၄)နာရီအထက် မိုဘိုင်းဖုန်းပြောပြီးသော် သုတ်ပိုး သန်း (၁၀၀)ရှိရာ သန်း(၅၀)သာ သန်စွမ်းတော့သည်ဆို၏။

(၂)နာရီမှ (၄)နာရီအထိ မိုဘိုင်းဖုန်းပြောပြီးသော် (၆၉) သန်းသာ သန်စွမ်းသည်ဆို၏။ လုံးဝ လုံးဝ ဖုန်းမသုံးသော် (၈၆) သန်း သန်စွမ်းသည် ဆို၏။

အန္တိမို့ကြောင့် မိမိတို့သားစဉ်မြေးဆက် အကျိုးအလို့ငှာ မိုဘိုင်းဖုန်း မပြောခြင်းဖြစ်ကြောင်း ဟူလို။ ။

## (လေး)

ဖုန်းဝင်လာပြန်ချေ၏။ မင်းကိုင်လိုက်၊ မင်းကိုင်လိုက်ဟူသော အဓိပ္ပါယ်ဖြင့် ရွှေပွတ်စိုးမြင့်က မိုဘိုင်းဖုန်းဒရိုင်ဘာကို မေးငေါ့ပြ၏။

ၚင်းပုဂ္ဂိုလ်ကလည်း ကိုင်၏။

"ဟုတ်ပါတယ် ရှိပါတယ် . . ပြောပါ ခင်ဗျ . . မမ မဒမ်စိုးမြင့်နဲ့ ပြောချင်တာလား . . ပြောပါခင်ဗျ . . သူဘေးမှာရှိပါတယ် . .

**(ဦးလေးသန်း ဆုံးပြီတဲ့ မမ)**

ဩော် . . ဖြစ်မှဖြစ်ရလေတဲ့ ခင်ဗျ . . ငြိမ်း ရင်ထဲက

စကားတွေကို မကြားချင်တယ် တဲ့ ခင်ဗျ . .

**(ဖုန်းချတော့မယ်နော်တဲ့ မမ)**

ဟုတ်ကဲ့ ချပါတော့တဲ့ ခင်ဗျ . . . ”

မဒမ်စိုးမြင့်ကလည်း သူ့ခင်ပွန်းရွှေပွတ်စိုးမြင့်နှယ်ပင် မိုဘိုင်းဖုန်းကို မကိုင်။ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်တက္ကသိုလ် ကင်ဆာရောဂါဗေဒဌာနက (၁၉၈၂) ကတည်းက သုတေသနစ လုပ်ခဲ့ကြောင်း . . .

အနီဖုန်းသည် လျှပ်စစ်သံလိုက်စက်ကွင်းများကို ထုတ် သည်ဖြစ်၍ ကင်ဆာဖြစ်နိုင်ကြောင်း၊ နို့ပါ၍ အချိန်တိုတိုသာ ပြော သင့်ကြောင်း ရှင်းပြကာ သူတို့လုံးဝမကိုင်ပုံကို ရှင်းလင်းတော် မူချေပြန်ပါ၏။

ရွှေပွတ်စိုးမြင့်က မိုဘိုင်းဖုန်း ဗဟုသုတအလွန်ကြွယ်သူ ဖြစ်ချေရာ ကျွန်ုပ်ကို တော်တော်များများကို ရှင်းပြနေပါသေး၏။

ဆွီဒင်နိုင်ငံ အော်ဘရိုတက္ကသိုလ်က ပါမောက္ခလည်းဖြစ် အစိုးရ အတိုင်ပင်ခံလည်းဖြစ်သူ ကေဂျယ်လ်မိုင်းလ်ကလည်း သုတေသနပြုခဲ့ပုံ၊ ဖုန်းပြောဆိုမှု (၁၀)နှစ်ကျော်ခဲ့သော် အာရုံကြော ၌ အကြိတ်ဖြစ်ကာ ဦးနှောက်ကင်ဆာဖြစ်ပွားနိုင်ပုံတို့ကို စေ့စပ်စွာ ရှင်းပြပါချေ၏။

“ဆရာဂျက် စဉ်းစားကြည့် . . ကမ္ဘောဒီးယားဝန်ကြီးချုပ် ရဲ့ဇနီး ဘမ်ရာနီက အသနားခံစာတင်သတဲ့ရှင် . .

အနို့မို့ကြောင့် ဝန်ကြီးချုပ် ဟွန်ဆန်က နောက်(၁၀)နှစ် ကြာမှ သုံးကြစို့လို့ အမိန့် ထုတ်ထားတာပေါ့ရှင် . . မိုဘိုင်းဖုန်းက တစ်ဆင့် ညစ်ညမ်းရုပ်သံ (Ponography) တွေ ပျံ့နှံ့မှာ စိုးတယ်

. . လိုင်စင်တွေနိုးကြွမှာ စိုးရတယ် . . သဟာကြောင့် . . စာရိတ္တ ခိုင်ခံ့မယ့်နောက် (၁၀) နှစ်မှ သုံးကြစို့တဲ့ . . ကြောက်စရာကောင်း ပုံက . . ကျွန်မတို့တော့ ဆက်သွယ်ရေးအတွက် ဝယ်သာထား ရတာ လုံးဝမကိုင်ပေါင်တော် . . သဟာကြောင့် ဖုန်းဒရိုင်ဘာ ငှားပြီး သင်းကို ကိုင်ခိုင်းရတာ”

ရွှေပွတ်စိုးမြင့်တို့ မိသားစုသည်ကား ကျန်းမာရေး ဗဟု သုတပြည့်ဝကြပါပေ့။

အနို့ကလို ဗဟုသုတကြွယ်ဝသူတို့ များသည် ထက်များ လာသော တစ်နေ့ဝယ် မိုဘိုင်းဖုန်းကို ကိုယ်စားလက်ခံ ပြောဆို ပေးမည့် ဒိဗ္ဗသောတဓာတ်ခွက်ဒရိုင်ဘာလုပ်ငန်းကြီးများ မထွန်း ကားလာဟု မည်သူပြောနိုင်ပါအံ့နည်း။


ဘာသာနဲ့ထုထားလို့ပါး
THEIN
TUT
၀၀

## (တစ်)

အသက်ကလေးနည်းနည်းပါးပါး ရလာ၍ဟု ထင်ပါ့။ မကြာခဏဆိုသလို ညောင်းချင်ညာချင် ကိုက်ချင်ခဲချင်နဲ့ အနှိပ်ကလေး ဘာလေးနည်းနည်းပါးပါး ခံလိုက်သောအခါတွင်မှ နေ သာထိုင်သာရှိသည့်အဖြစ်ကို ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း ရောက်ရှိ၍ နေတော့ပေသဗျာ။ အနှိပ်ခံတာဟာ ကောင်းတယ်ဗျ။

ယခုလို ရင့်ကျက်တည်ငြိမ်သဘောထားကြီးမှု မရရှိသေးသည့်အရွယ် ဟိုးခပ်ငယ်ငယ်နုစဉ်က ဂျက်ကွမ်းခြံကုန်း မလည်မဝယ်တုန်းဆီက နှိပ်တာတို့ နင်းတာတို့ကို အဟုတ်နားမလည်ခဲ့ပေါင်ဗျာ။

အဖေက သို့မဟုတ် အမေက သို့မဟုတ် ဒေါ်ကြီး၊ ဒေါ်လေး၊ အဘိုးအဘွားကောင်ကလေးလာစမ်းဟဲ့ . . နင်းပါလှဲ့စမ်း။ နှိပ်ပါလှဲ့စမ်းဟု ခိုင်းခဲ့သော် ဂျက်တို့ မကြိုက်ချင်ကပြီ။

သက်သက် ဇိမ်ယူတော်မူသည်ဟု ငြိုငြင်မိခဲ့သည်မှာ

အမှန်ဧကန် အဟုတ် တကယ်ပါပေတမုံ့။
ယခု တစ်မူနှောင်းမှ နှိပ်ဖို့လိုတာ သိခဲ့ပါပြီလေ။

**(နှစ်)**

ကမ္ဘာပေါ်၌ အဘယ့်သကောင့်သားသည် စတင်၍ အနှိပ် ခံတော်မူခဲ့လေသနည်း။ သမိုင်းသုတေသီ မဟုတ်သဖြင့် ကျွန်ုပ် မသိ။ အနို့သော် နည်းနည်းပါးပါး သိတာကလေးတွေတော့ ရှိပါ ပေ၏။

နှိပ်တာတွေကတော့ အမျိုးမျိုးအဖုံဖုံ အလင်လင်ပေပဗျာ။ အဲ ပြင်သစ် စစ်ဘုရင်ကြီး နပိုလီယံဟာ အတော့်ကို အနှိပ်ခံတော် မူရှာရဲ့ဆိုပါလားဗျာ။

စစ်မြေပြင်၌ပင်လျှင် ရံရွေတော်များက နှိပ်ပေးကြရသည် ဟု ဆိုပါ၏။

တစ်ကိုယ်လုံးကို ရေမွှေးအဆီများဖြင့် လိမ်းကျံပြီး သည်၏ သကာလ နှိပ်နယ်ပေးတော်မူရပါကြောင်း ဆိုဗီယက်ရုရှ စာရေး ဆရာကြီး **လီယိုတော်စတွိုင်း** ရေးသားသည့် **War and Peace** ရေးသားသည့် **စစ်နှင့်ငြိမ်းချမ်းရေး** ဝတ္ထုဘုတ်အုပ်ကြီးထဲ၌ ကျွန်ုပ် ဖတ်ဖူးခဲ့ချေသဗျာ။

**နပိုလီယံ**လည်း ညောင်းချေမပေါ့။

အဲ . . ကျွန်ုပ်တို့ ကုန်းဘောင်ခေတ်၏ ဒုတိယနောက်ဆုံး ဘုရင် ပဥ္စမသင်္ဂါယနာတင် ဘဝရှင် **မင်းတုန်းမင်း** တရားကြီး သည်လည်း အနှိပ်ခံတော်မူကြောင်း မှတ်ရဖတ်ရခဲ့ပေသဗျာ။

နံနက်စောစော အိပ်ရာထ နံ့သာဆီများဖြင့် တစ်ကိုယ်လုံး

ကို လိမ်းကျံ . . ၎င်းနောက် အနှိပ်ခံတော်မူ။

အနှိပ်ခံပြီးရင် လူဟာ သွက်လက်လန်းဆန်းသွားပေသဗျ။ သို့ကြောင့်မို့ ဆေးပညာရှင်တွေက Stress ခေါ် စိတ်ဖိစီးမှုကို လျော့ကျစေတယ်လို့ ဆိုပေသည်မဟုတ်သလောဗျာရယ်။

**(သုံး)**

**အင်ဒိုနီးရှား** နှိပ်နည်းတဲ့။ **ဆွီဒင်** နှိပ်နည်းတဲ့။ ဘိုင်အိုဒိုင်းနမစ် **(Biodynamic)** ခေါ် **နော်ဝေ** နှိပ်နည်းတဲ့။

**ဂျပန်** တို့ကမူ အဝတ်အစားဝတ်လျက်က အနှိပ်ခံပေသတဲ့ဗျ။ ယင်း ၎င်းနည်းကို **ရှီယာဆူ (Shiatsu)** နည်းဟု ခေါ်ပေသတဲ့။

အချို့ကား မနှိပ်မီ အနှိပ်ခံအံ့လတ္တံ့သော လူ၏ ကိုယ်ခန္ဓာအတွင်း၌ ဘဇာဖြစ်နေသည်ကို နားထောင်ပြီးသည့်နောက်တွင်မှ နှိပ်သည်ဟုဆိုပါ၏။

အင်္ဂလိပ်ဘာသာဖြင့် Craniosacral Therapy ခရာနီယိုစာကရယ် သရဖီ ဟူလို။

စကားမစပ် ကုန်းဘောင်ခေတ်က လွမ်းချင်းကဗျာကလေး တစ်ပုဒ် သွားသတိရမိပါရဲ့။

မင်းတုန်းမင်း၊ သီပေါမင်း ဘုရင် နှစ်ဆက်မီလိုက်တဲ့ **ဦးကြီး**ရဲ့ကဗျာ။

ရွှေဘိုမြောက်လက် သာဝတ္ထိ ရွာသားမို့ **သာဝတ္ထိ ဦးကြီး** တဲ့။

**ဆယ်အိမ်မင်းစည်းစိမ်** ဆိုတဲ့ ကဗျာ။ ဘုရင့်ခေတ် ဆယ်

အိမ်ခေါင်းတစ်ယောက် စည်းစိမ်ခံပုံ။ **'စည်းစိမ်ငယ်ကြီးပါဘိ၊ ငရုတ်သီးတောင့်ကိုင်'** နဲ့စ,ကာ ဖြစ်သလို စားကြသောက်ကြပုံ တွေကို ဖွဲ့ပြီးတဲ့နောက် စာဆိုက . . .

**'ခေါင်းကတော် ကိုယ်တိုင် နှိပ်မှ၊ သူအိပ်တယ်လေး'**

တဲ့။

ဆယ်အိမ်ခေါင်းကတော်ကိုယ်တိုင် နှိပ်မှ အိပ်တော်မူရှာလေသတဲ့။ နှိပ်တော့ Stress ပြေတာပေါ့ဗျာရယ်။ စိတ်မဖိစီးတော့ဘူးပေါ့။

ဂျက်ကွမ်းခြံကုန်းဟူသည် အများသိတော်မူထားကြသည့် အတိုင်း စာရေးစားပွဲ၌ထိုင်၍ ထမင်းရှာဖွေစားသောက်ရသည့် သူပလေဗျာ။ ညောင်းပေသပေါ့။ ဘာသားနဲ့ထုထားလို့တုံး။ သွေးနဲ့ကိုယ် သားနဲ့ကိုယ်။

သမှာ အနှိပ်ခံရပေသပေါ့။ ကျွမ်းကျင်ကြပါတယ်။ ခမျာလေးတွေ စိတ်ရော၊ ခန္ဓာရော အဖိစီးခံရပြီး လုပ်ကိုင် ရှာဖွေစားသောက်နေကြတဲ့ ခုခေတ်လူသားတွေအတွက် တကယ့်ကို Stress ပြေတာပါ။

**ဝန်ဆောင်ခ ဘာညာဆိုတာတွေကလည်း ကိုယ်နိုင်သမျှပါ။ One Section, Two Section, Three Section မိမိ ညောင်းညာသမျှပေါ့။**

**နှိပ်နယ်ပြီး လန်းဆန်းပေါ့ပါးသွားရင် အလုပ်လုပ်လို့ အလွန်ကောင်းတာပါ။ ခြေဖျားမှသည် ဒူး၊ ဒူးမှသည် ပခုံး၊ ပခုံးမှသည် နဖူး၊ ဆံစပ်၊ Pocket Money ရှိသမျှအနှိပ်ခံ တော်မူ။**

စာရေး စာဖတ်များလို့ ထင်ပါရဲ့။ ဆရာကြီးဂျက် သည် ဘက်နှစ်တွေထဲမှာ အတော့်ကို ညောင်းတာပါ။ Stress လည်း တော်တော့ကို များတာပါ။

နှိပ်ဟဲ့၊ နင်းဟဲ့ဆိုလည်း အိမ်ကလူတွေနဲ့က တယ်ပြီး အဆင်မပြေချင်ဘူး။ တာဝန်ကျေ၊ ဆောင့်ဆောင့် အောင့်အောင့်နဲ့။ ခွေးကလေး၊ ကြောင်ကလေးများသော်မှ ယုယမှုကို ခံချင်ကြရဲ့ မဟုတ်လားဗျာ။

ညောင်းတယ်ဗျ။


THEIN TUN

## (တစ်)

ပုသိမ်မြို့က ဘဇာတွေထွက်။ ဟာလဝါနှင့်ပုသိမ်ထီးထွက်၏။ ပုဂံညောင်ဦးကရော ဘဇာတွေထွက်။ ပုန်းရည်ကြီးနှင့်ယွန်းထည်ပစ္စည်းတွေထွက်၏။ အနို့အတူ တွံတေးက မာလကာ၊ လပွတ္တာက ဆား၊ အောင်ပန်းက လိမ္မော်၊ မန္တလေးက ထိုးမုန့်၊ ပန်းတနော် က ကွမ်း၊ တိုက်ကြီးက တံမြက်စည်း အသီးသီး အသက အသက ထွက်ရှိတော်မူကြပါပေသတည်း။

အနို့ဟူမူဆိုလျှင် ကျွန်ုပ်၏ ချစ်သောမွေးမြေ သပွတ်အူကတဲ့ရော ဘဇာတွေ ထွက်ရှိပါ့။ ဟုတ်ကဲ့ ဇာတ်ညွှန်းဆရာတွေထွက်၏။ ပြသပြီး ပြသဆဲ ပြသလတ္တံ့ ရုပ်ရှင်၊ ဗီဒီယို ဇာတ်ကားပေါင်းများစွာ၌မဟာဝိဇ္ဇာအဝင်း၊ မဟာဝိဇ္ဇာအဝင်းနှင့် ဇာတ်ညွှန်းဆရာတစ်ဆူ တလူလူတလွင့်လွင့် ဖြစ်နေသူမှာကား ကျွန်ုပ်တို့ သပွတ်အူရွာထွက် ရတနာတစ်ပါးပင် ဖြစ်တော့ချေသည်တည့်။

အနို မဟာဝိဇ္ဇာအဝင်းသည် မဆွက ကဗျာကလေး ဘာကလေး မတောက်တခေါက် ဖွဲ့သီခဲ့သူဖြစ်ပါ၏။ အနို့အပြင် စကား

ပြေကလေး အချို့အဝက်ကိုလည်း သီကုံးခဲ့ပါသေး၏။ နောင်သော် ဇာတ်ညွှန်းမဟာဝိဇ္ဇာအဝင်းဟူသတည်း။

**(နှစ်)**

အစ ပကတူးတွင် စာပေသမားသက်သက်ဖြစ်ပါလျက် နောင်တွင် ဇာတ်ညွှန်းလောကသို့ ကူးချည်သန်းချည် လုပ်သူတို့မှာ ကျွန်ုပ်တို့၏ လောကတွင် ပေါများလှချေ၏။

ဆရာချစ်ဦးညို၊ ဆရာမြင့်ဦးဦးမြင့်၊ ဆရာမြမြင့်မိုရ်၊ ဆရာခရမ်းပြာမြင်းရိုင်း၊ ဆရာသစ်ငြိမ်း စသည် စသည်ဖြင့် တွက်ရေမဆုံး အားလုံး ဇာတ်ညွှန်းရေးသူများသာလျှင် ဖြစ်ကြတော့ပါပေသည်တကား။ ဤ၌ အထူးစွင့်ကား ဖွံ့ထွားလာသူမှာကား မဟာဝိဇ္ဇာအဝင်း။ သူ့ဇာတ်ညွှန်းတွေက ပေါက်၏။ စူး၏။ ဒိုင်ယာလော့ခ် (Dialogue) ခေါ် အပြန်အလှန် စကားပြောခန်းများတွင် မဟာဝိဇ္ဇာအဝင်းကို တုပနိုင်သူမရှိ။ ပြောတတ်လိုက်တာဟယ်။ ပြောတတ်လိုက်တာဟယ်နှင့် ရှုစားသူတိုင်း သူ့စကားတွေမှာ နစ်မျောရကုန်၏။

**"နပိုလီယံဆိုတဲ့ ပြင်သစ်ဗိုလ်ချုပ်ဟာ မော်စကို ကိုသိမ်းဖို့လောက်ကိုသာစိတ်ဇောထက်သန်နေခဲ့ပြီး . . . ရုရှားရဲ့ပြင်းထန်လှတဲ့ ဆောင်းဟေမန္တကို ထည့်မစဉ်းစားခဲ့တဲ့အတွက်အရှုံးကိုသာ ရင်ဆိုင်ခဲ့ရတယ်. . . ရာသီဥတုဆိုတာဟာ . . . တွက်ရလွယ်တဲ့ သင်္ချာပုစ္ဆာ မဟုတ်ဘူးလေ . . . သားရဲ့ . . . "**

ပင်လယ်ပြင်သို့ ထွက်လုဆဲဆဲ ရေလုပ်သား ဇာတ်လိုက်မင်းသားကို မိခင်ဖြစ်သူက လေတဝေါဝေါတိုက်နေသည့် ကမ်းခြေ

တစ်နေရာ၌ ပြောသောစကား။ ပရိသတ်ကကြိုက်၏။

**"အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဟောင်း ကော လင်းပါဝယ်ရဲ့ စကားကို မင်းကြားဖူးမှာပေါ့။ စစ်ပွဲတစ်ခုမှာ အရင်ဆုံးကျဆုံးတဲ့အရာဟာ အမှန်တရားတဲ့။ မင်းနဲ့ကိုယ် တို့ရဲ့ အိမ်ထောင်ရေး ပဋိပက္ခစစ်မြေပြင်မှာ အမှန်တရားက အရင်ကျဆုံးသွားခဲ့ပြီ . . ဘဂ္ဂဒက်ကို ပြန်လည်တည်ဆောက် သလိုပေါ့ကွာ . . လွယ်လွယ်တော့ ဘယ်ရပါ့မလဲ . . . "**

ကားဒရိုင်ဘာ ဇာတ်လိုက်မင်းသားက သူ၏ဇနီးသည် ကုမ္ပဏီအရောင်းစာရေးမလေးကို ပြောနေသည့်စကား။ အိမ် ထောင်ရေးဇာတ်လမ်း၊ ပရိသတ်က ခိုက်၏။

**"ဩော် . . . ဇော်ရယ် . . ဇော်က ကိုယ့်ကိုယ်ကိုယ် ရှာဂျဟန်ထင်နေတာကိုး . . . တပ်ချုပ်မဟာဆောက်ချင်မနေ စမ်းပါနဲ့ . . တို့ရဲ့စာတွေ၊ ဓာတ်ပုံတွေ၊ အကုန်ပြန်ပေး . . ဟိုနေ့က ယုဇနပလာဇာထဲက ကော်ဖီရှော့မှာ ဇော် . . အိမ့် သဥ္ဇာနဲ့ထိုင်နေတယ်ဆိုတာ တို့သိတယ် . . ခုတော့ ဘာလင် တံတိုင်းကြီး ပြိုသွားပြီပေါ့ ဟုတ်လား . . . ကဲပါ သဘော ကို ကြိုးဖြတ်ချိန်ရောက်ပါပြီ ဇော် . . . . "**

သဟာကတော့ မြို့ပြလူငယ်ဘဝနောက်ခံ အချစ်ရုပ်ရှင် ထဲ၌ ကွန်ပျူတာစာစီစာရိုက်မိန်းကလေးက သူ့ချစ်သူကောင်လေး ကို ပြောနေသည့်စကား။ ပရိသတ်က မိုက်၏။

**"ကျုပ်ရဲ့ ခြေသလုံးကြွက်သားတွေဟာ ကျုပ်မိသားစု ရဲ့ စက်ယန္တရားပဲ . . ကျုပ်ရဲ့ ဘဲလ်သံ ကလင် ကလင် ဟာ ကျုပ်ရဲ့ ဂီတ . . ကျုပ်မှာ နောက်ကြည့်မှန်မရှိဘူး . . ကျုပ်**

**အတိတ်ကို ဘယ်တော့မှ ပြန်မကြည့်ချင်ဘူး . . အရေးအကြီးဆုံးက ဘီးတွေ အလည်မရပ်ဖို့ . . . "**

ယင်းကမူ ဇာတ်လိုက်ကျော် ဆိုက်ကားဆရာ၏ နှုတ်မြွက်စကား။ ပရိသတ်က လှိုက်၏။

သပွတ်အူသားကလေး မဟာဝိဇ္ဇာအဝင်းသည် အနို့ကလိုသို့ကလို ဒိုင်ယာလော့ခ်များဖြင့် အထူးပင် ပွင့်လန်းတင့်ဆန်းတော့ချေ၏။ သပွတ်အူတစ်ရွာလုံးသည်ကား ငါတို့ရွာသား ငါတို့ရွာသားနှင့် အားပေး၍ မဆုံးတမ်းပါပေတမုံ့။

**(သုံး)**

အနို့နှင့် မြောက်ပြန်လေညင်းတို့ သုန်သုန်ဝှေ့သည့် ဟေမန္တ၏ တစ်ရက်ဝယ် အကျွန်ုပ် သပွတ်အူသို့ ခေတ္တပြန်၏။ သပွတ်အူသို့ရောက်အောင် မလှမ်းမကမ်းမြို့ကလေးမှနေ၍ ကူးတို့သမ္ပန်ကလေး စီးသွားရ၏။ သပွတ်အူသားကြီး၏ ကူးတို့ သမ္ပန်။ "ဦးလေးအန်ကယ်သမ္ပန်ခတ်ကာ ကြာပြီလော" ဟု ကျွန်ုပ်က စေ့ငုမိ၏။

**"သပွတ်အူချောင်းထဲမှာ ရေတွေစီးဆင်းနေတာနဲ့ အမျှ ခတ်ခဲ့ရတဲ့သမ္ပန်၊ တကယ်တော့ ငါ့တူဂျက်ရေ . . မြို့ပြနဲ့ ကျေးလက်ရဲ့ကြားမှာ အောင်သွယ်တော်လုပ်နေခဲ့ရတာဆိုပါတော့ . . လောကရဲ့ ကမ်းစပ်တွေမှ ဘယ်နကြိမ်ကပ်ပေးခဲ့ရမှန်း မသိတော့ပါဘူး . . သံသရာကမ်းတစ်ဖက်ကို ဆိုက်ကပ်ပေးမယ့် ကူးတို့လှေကလေးများတွေ့ရင် လိုက်သွားချင်ပါရဲ့ ငါ့တူရာ . . . "**

ဟူသော ကူးတို့ဆရာကြီး၏ စကား၌ ကျွန်ုပ်ကြောင်တက်

တက်ဖြစ်၍ နေမိပါ၏။

အနို့နှင့် သပွတ်အူရောက်ရှိ၊ ကမ်းကပ်၊ ရွာပေါ်တက်၊ ရွာရိုးတစ်လျှောက် လမ်းလျှောက်လာစဉ် ငယ်ပေါင်းလယ်သမားကြီး တစ်ဦးနှင့် တိုးတော့၏။ သပွတ်အူကို လွမ်းတဲ့စိတ်ကြောင့် ပြန်လာကြောင်း စကားဆိုမိ၏။

**“အေးလေ . . မိုးဦးကိုရောက်ပြီဆိုမှဖြင့် ကြိုးကြာငှက်တွေဟာ မြောက်ဘက် သားဖောက်ရာ အရပ်ကို ပြန်ကြစမြဲ . . ဆဲလ်မွန်ငါးတို့ကလည်း ရေကို ဆန်လို့ . . မြောက်အရပ်ကို ပြန်ကြစမြဲ . . ညနေတိုင်ရင် ချည်တိုင်ကို ပြန်ချင်ကြတာ . . ဟာ . . ကျွဲနွားတွေရဲ့ ဓလေ့ဘာသာပါ . . ကောင်းကင်အနှံ့ ဘယ်လိုပင်ခြေဆန့် . . ခြေဆန့် . . အိပ်တန်းမပြန်တဲ့ ငှက်ဆိုတာ မရှိပါဘူး . . အေး . . အိမ်ကို ရေနွေးသောက် လာခဲ့ဦး . . . ”**

ဟူသတည်း။

ကျွန်ုပ်ကား ယောင်တောင်တောင်နှင့် “အေးအေး” ဟုသာ ပြောလိုက်ရပါ၏။ ဩော် . . သပွတ်အူ၊ သပွတ်အူ။ မဟာဝိဇ္ဇာအဝင်း၏ ဇာတ်ညွှန်းထဲကနယ် စကားကို ရိုးရိုးမပြောတတ်တော့သည့် ရုပ်ရှင်ဆန်သော သပွတ်အူပါပေ တမို့တကား။


ထမ်းဆောင်က ပို့လိုက်ကြပါစို့

## (တစ်)

စွန့်ဦးတီထွင် လုပ်ငန်းရှင်တို့၏ အခန်းကဏ္ဍ၌ သပွတ်အူ ကျေးရွာသား မဟာဝိဇ္ဇာအဝင်းကို ဘယ့်နှာသော အခန်းကဏ္ဍ၌ ထည့်သွင်းရမလဲဆိုသည်ကို ကျွန်ုပ်ဆရာကြီးဂျက်ကွမ်းခြံကုန်း မသိပေ။

သပွတ်အူကျေးလက် သူ၏အခြေစိုက်လုပ်ငန်းမှာကား ထမ်းစင်ကလေးတစ်ခုတည်းနှင့် အတော့်ကိုအလုပ်ဖြစ်၍နေသော လုပ်ငန်းကလေးဖြစ်ပါ၏။

ထမ်းစင်ဟုဆိုရာ၌ ဘောလုံးကွင်းထဲရှိ ဘောလုံးအား ကစားသမားတို့ ထိခိုက်ဒဏ်ရာရရှိသွားကြလေသော အခါ ယင်းဒဏ်ရာရ ကစားသမားကို ထိုင်စေလျက် သို့တည်းမဟုတ် လဲလျောင်းစေလျက် သူနာပြုနှစ်ဦးတို့က ရှေ့တစ်ယောက်နောက် တစ်ယောက် ကိုင်ဆောင်သယ်မ၍ သွားကြရာ ထမ်းစင်ကိုဆိုလိုခြင်းပင် ဖြစ်ပါပေသည် တမုံ့။

မဟာဝိဇ္ဇာအဝင်းသည် ထိုကဲ့သို့မျိုး ထမ်းစင်တစ်ခုနှင့် လူတစ်ယောက်ကို အရင်းတည်ပြီးသည်၏ သကာလ အလုပ်ဖြစ်သွားခဲ့ခြင်းဖြစ်ပါ၏။

ရွာလယ်လမ်းမကြီးတစ်နေရာရှိ ဆိုင်ခန်းကျဉ်းကျဉ်းကလေးတွင် ချိတ်ဆွဲထားလေသော ဆိုင်းဘုတ်ကြီးမှာကား **. . .**

**မောင်ထမ်းလို့ ခေါ်ပါမယ် အကျိုးဆောင်လုပ်ငန်း** ဟူလို။

## (နှစ်)

မဟာဝိဇ္ဇာအဝင်း၏ **မောင်ထမ်းလို့ခေါ်ပါမယ် အကျိုးဆောင်လုပ်ငန်း** သည် ခေတ်နှင့်ဆီလျော်၏။ လျောက်ပတ်၏။ သင့်တင့်၏။

အဘယ့်ကြောင့်နည်း။

ခေတ်ကား ကြတ္တိယခေါ် မိန်းမတို့ ခွဲကြ၊ ကွဲကြ၊ ပြဲကြသော ခေတ်ဖြစ်၍ပါတည်း။

ဤစကားမှန်၏။

ယခု ဆယ်စုနှစ် တစ်ခုနှစ်ခုအတွင်းဝယ် မိန်းကလေးတို့ ဘယ့်နှာဖြစ်ကြကုန်သည် မသိ။ ထဘီတွေ၊ စကတ်တွေ ခွဲလိုက်ကြ၊ ကွဲ လိုက်ကြ၊ ပြဲလိုက်ကြသည်မှာ ရစရာမရှိပါလေတော့။

ပထမတော့ ကုမ္ပဏီဝန်ထမ်းမိန်းမပျိုကလေးများ၊ အနို့နောက် ဘဏ်မိန်းမပျိုများ။

ထို့နောက် လဲန်းဝွေ့၍ခေါ် ဘာသာ စကားသင်တန်းသူ

မိန်းမပျိုကလေးများ စသည် စသည်တို့က မူလ ပထမ စ၍ခွဲကြ ပုံရပါ၏။ နောက်တော့ မြို့နေမမတို့က ဝချင်ဝ၊ လှီချင်လှီ၊ ဖြူချင်ဖြူ မည်းချင်မည်း၊ သူခွဲ၍ ငါလိုက်ခွဲကြရာမှ တစ်ဆင့် လှည်းနေ လှေအောင်း မြင်းဖောင်းမကျန် လိုက်လံ၍ ခွဲကြပေတော့ရာ အနီ ထဘီ၊ စကတ် အခွဲအကွဲ လှိုင်းလုံးကြီးသည် သပွတ်အူကျေးရွာသို့ပါ ဝင့်ဆောင့်၏။

ဤမှာပင် မဟာဝိဇ္ဇာအဝင်း၏ **မောင်ထမ်းလို့ခေါ်ပါ့ မယ် အကျိုးဆောင်လုပ်ငန်း** ပေါ်ပေါက်လာရဘိချေသည် မဟုတ်သလော။

## (သုံး)

အကယ်တန္တ လှလို၍ ခွဲကြ၊ ပ လို၍ကွဲကြခြင်းသာဖြစ် သော်လည်း ခွဲမှု၊ ကွဲမှု၏ ဒုက္ခမှာ သေးလှသည်တော့ မဟုတ်ချေ။

စကတ်အကွဲနှင့်ဣတ္ထိယသည် ခြေလှမ်းကိုကျဲကျဲကျယ် ကျယ်လှမ်း၍ မရ။ ခြေတစ်လှမ်းကုဋေတစ်သန်းလှုပ်လီလှုပ်လဲ့ လျှောက်လှမ်းမှ အဆင်ပြေ၏။

တစ်နေ့သ၌ လမ်းဖြတ်အကူး မီးပွိုင့်မှကားများ လွတ် လာ၍ အားရပါးရ ခြေကိုလှမ်းလိုက်ရာ စကတ်ကို ခွဲထားသော နေရာမှ ဟက်ခနဲကွဲထွက်သွားသည်ဖြစ်၍ ချိတ်နှင့်တွယ်ကာ ဟန် မပျက်အသော့နှင်ခဲ့ရသော မဟေသီတစ်ပါးကို ကျွန်ုပ် တွေ့ဖူး၏။

စကတ်အကွဲနှင့် ဣတ္ထိယသည် ခွေးခြေပုကလေးများပေါ် ၌ထိုင်ရန်လည်း အဆင်မပြေလှပါချေ။ လမ်းဘေးလက်ဖက်ရည်

ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင်များတွင် ဘယ့်နှာသို့ထိုင်ကြရပါအံ့။

တစ်ခါက စွန့်စားခန်းတစ်ခုသဖွယ် နှလုံးပိုက်ကာ ခွေးခြေပုတုတုကလေးပေါ် ထိုင်ရင်း လက်ဖက်ရည်သောက်နေသည့် ဧကရီတစ်ပါးသည် စကတ်အကွဲက ဟပြဲကြီးဖြစ်ကာ ပေါင်တံအလယ်လောက်ရောက်သည်အထိ Open Society ဖြစ်၍နေသည်ကြောင့် လက်ဖက်ရည်ကို တစ်ငုံမျှသာကျိုက်ကာထသွားခဲ့ရသည်ကို ကျွန်ုပ်ကြုံဖူးချေ၏။

စကတ်အကွဲနှင့် ဂါတ္ထိယသည် မော်တော်ကားမီးရထားစီးနင်းရန်အတွက်လည်း ရံခါရံခါခက်ခဲလှချေ၏။ ပလက်ဖောင်းကောင်းကောင်းရှိသော ရန်ကုန်မြို့လယ်ကဲ့သို့ နေရာများ၊ မြို့ပတ်ဘူတာရုံများတွင်ကား အထူးတလည်အခက်အခဲတွေ့ကြုံစရာအကြောင်းမရှိလှ။

အနို့သော် ဆင်ခြေဖုံးမြို့နယ်များ၊ တောဘူတာရုံကလေးများတွင်လည်းကောင်း မော်တော်ကား၊ မီးရထားများပေါ်သို့ ဘယ့်နှယ်တက်ကြရပါ့။

ပလက်ဖောင်းနှင့် ခပ်ခွာခွာရပ်ထားသော မော်တော်ကား၊ ဒိုင်နာကဲ့သို့ ခြေနင်းခုံမြင့်သော မော်တော်ကားများပေါ်သို့ ဘယ့်နှယ်တက်ကြရပါ့။ ကားပေါ်တက်ရန် ခြေထောက်ကိုလှမ်းလိုက် တိုင်းဒူးနားက ဆွဲစည်းထားသလို တုတ်နေသောကြောင့် ယက်ကန်ယက်ကန်ဖြစ်ကာ ကားမှတ်တိုင်မှာကျန်ခဲ့သော ဒေဝီတစ်ပါးကို ကျွန်ုပ်ဆုံဖူးချေ၏။

အချုပ်ကိုဆိုရသော် မြို့ကိုတ၍ ခွဲခဲ့ကွဲခဲ့လေသော သပွတ်

အူ မမတို့ လှလှကြီး ဒုက္ခပွေခဲ့ရချေကပြီ။

(လေး)

သပွတ်အူကား ရေတက်ရေကျရှိသော ဒီရေရောက်ရွာကလေးဖြစ်၏။

အခါတစ်ပါးဝယ် သပွတ်အူတံတားသို့ ကူးတို့လှေကလေး တစ်စင်းဆိုက်ကပ်၏။ ရေကျချိန်ဖြစ်ချေရာ တံတားက အမြင့် လှေက အနိမ့်။ စကတ်အကွဲနှင့် **ဆောင်းဟေမာန်နှင်း** ဆိုသူ မိန်းကလေးလှမ်းတက်လိုက်ရာ ခြေထောက်က လိုသလောက် ဟ၍ မရဘဲ ဒူးနေရာ၌ တုတ်ကာလည်ဆင်းသွားပြီး သပွတ်အူ ချောင်း အတွင်း ဝုန်းခနဲ သက်ဆင်း၏။ ရေကူးတတ်၍သာ တော်သေးချေ သည်တမှု။

တစ်ခါသားကမူ ရေပြင်၌ မဟုတ်မူဘဲ မြေပြင်၌ဖြစ်၏။ **ရွှန်းလဲ့ဝသန်၊ ပပ အေးထွန်း၊ အိန္ဒြာတင်ယု၊ ဆည်းဆာ ဇော်သန်း၊ နွေနှောင်းသဥ္ဇာ၊ ဝိုင်းစုထိပ်ထား** အစရှိကုန်သည့် သပွတ်အူ၏ ကဗျာခပ်သိမ်းကလျာတို့သည် မလှမ်းမကမ်းရှိ နှာခေါင်းချောင်းကျေးရွာက ဘုရားပွဲသို့သွားရန် စုစု၊ စုစုနှင့်ဖြစ်နေကြကုန်၏။

မလှမ်းမကမ်း၌မူ နွားလှည်းတစ်စီး။ အနို့နှင့်သွားစို့ ဟူသော အသံနှင့်အတူ လှည်းပေါ်သို့ တက်ရန်ပြင်ချေသော် စကတ် အကွဲနှင့်သပွတ်အူ၏ ကဗျာတို့ ဘယ့်နှာတက်ရပါအံ့ မသိကပြီ။ ဒူး၌ တုတ်နေသည်ဖြစ်၍ သူတို့၏ ခြေထောက်ခွကြားကို လို

သလောက်ဟ၍ မရ။

ဤ၌ မဟာဝိဇ္ဇာအဝင်းက ချီပြီးတင်လိုက်ကြဟယ်ဟု ဆိုလိုက်သည်မှစ,ကာ အာနိုးဆန်သော လုလင်နှစ်ယောက်က ကဲဟယ် ကဲဟယ်နှင့်ပွေ့ပွေ့ပြီး တင်လိုက်ရာမှ အဆင်ချောသွားခဲ့သောဟူ၏။

ဤသို့ ဤနှယ်ကလေးများမှ အစချီပြီးသည်၏ သကာလ မဟာဝိဇ္ဇာအဝင်းတစ်ယောက် ဉာဏ်အလင်းပေါက်ပြီးသည်ရှိသော် **မောင်ထမ်းလို့ခေါ်ပါ့မယ် အကျိုးဆောင်လုပ်ငန်း** ကို တည်ထောင်၏။ ခေတ်နှင့်အညီ ခွဲ၍ကွဲ၍နေကုန်သော သပွတ်အူ မမတို့အား လှည်းဆိပ်လှေဆိပ် ထော်လာဂျီဆိပ် စသည်များ၌ ထမ်းစင်နှင့် တင်ပေးချပေးသော လုပ်ငန်းဖြစ်၏။

အင်းဝခေတ်က **ရှင်တေဇောသာရ** ဖွဲ့ဆိုသီကုံးခဲ့လေသော ရခိုင်မင်းသမီးအလှရတု ကဗျာထဲတွင် . . .

**"ဆည်းရီညဝယ်**
**လွလွဖြူစင်၊ ပေါ်ရုံတင်၍**
**ထမ်းစင်ယာဉ်သာ၊ စီးစကာတည့်"**

ဟူသော အဖွဲ့ပါ၏။

အနို့အပြင် အင်းဝခေတ် စာဆိုတစ်ဦးဖြစ်ပြန်ချေသည့် **ရှင်မဟာသီလဝံသက** တောင်တွင်းကြီးမြို့သူတစ်ဦးကလေး၏ အလှကို . . .

**"ဌာနဘုရား၊ ကျောင်းကန်သွားသော်**
**ဝတ်စားဆင်ယင်၊ ထမ်းစင်သန်လျင်း**
**စီးနင်းသဖွယ် . . . "**

ဟူ၍ ဖွဲ့ဆိုခဲ့ပြန်ပါသေး၏။ ယင်းအနှီ ၎င်းတို့ကို ပေါင်းစပ်ကြည့်သည်ရှိသော် ရှေးက သမီးပျိုတို့သည် ထိုင်မသိမ်းကြီးများနှင့်ဖြစ်ကြချေရာ ထမ်းစင်နှင့်မှ အဆင်ပြေမည်မှာ ဘဇာမှမဆန်း။ ဟော ယခု သပွတ်အူမမတို့ စကတ်အကွဲနှင့်ဖြစ်ရာ ထမ်းစင်နှင့် ထောက်ကူပေးသော် အိုကေ။

ကျွန်ုပ်အနေနှင့်ကား ပြည်ရွာအနှံ့ ထမ်းစင်လုပ်ငန်းများ ဖွံ့ထွားၡလာသည်ကို မြင်လိုလှပါဘိတော့ ချေသည်တမုံ့။ ။


ဦးထုပ်ကို နောက်ပြန်ဆောင်းတဲ့ဂီတ
Hip Hop
THEIN

မိမိတို့ အသက်ရှင်နေထိုင်ကြရာ ခေတ်သည် ဘယ့်နှာ သို့သော ခေတ်ဖြစ်ပါသနည်းဟု အဓိပ္ပါယ်ဖွင့်ဆိုကြရာ၌ ယနေ့ ခေတ်လောက် အနက်အဓိပ္ပါယ်ဖွင့်ဆိုသမှုပြုသော ခေတ်သည် ကား ဤကမ္ဘာလောက၌ ရှိအံ့ မထင်တော့ပါပေ။

မရေရာ မသေ ချာသောခေတ်တဲ့။

အချို့က အနိစ္စကလို အနက်ဖွင့်၏။

မဟာအယူဝါဒကြီး များ မဟာပြည်ထောင်ကြီးများ ပြိုကွဲ သွားကြပုံကိုကြည့်ကာ မရေရာ မသေချာမှုကို တွေ့မြင်သွားကြပုံ ရပါ၏။

ပညာခေတ်ဟူ၍လည်း အချို့က အနက်အဓိပ္ပါယ်ဖွင့်ဆို ကြပါသေး၏။

တက်ကနော်လော်ဂျီ Technology က အစစအရာရာ ရှေ့တန်းသို့တက်ရောက်လာပုံကို ငေးမောရှုမြင်ကာ အနက်ဖွင့်ခဲ့ ပုံရပါ၏။

အချို့ကမူ အစွန်းရောက်မှုများ၏ခေတ်ဟုလည်း အနက် အဓိပ္ပါယ်ဖွင့်ကြပါသေး၏။

အကောင်းဆုံးပစ္စည်းတွေသုံးစွဲ၊ အမြန် ဆုံး နှုန်းနဲ့အလုပ် လုပ်၊ မိမိတို့ဘာသာတရားကို မိမိတို့အစွမ်းကုန် ယုံကြည် စသည် စသည်ဖြင့် အားလုံးဂိတ်ဆုံး။

အချို့ကမူ ရှုပ်ထွေးသောခေတ်ဟုလည်း အနက်ဖွင့်လာ ကြပြန်ပါသေး၏။

ဘာသာရေးအယူအဆတွေ၊ ယဉ်ကျေးမှုဓလေ့တွေ၊ လူမှု ရေးနှုန်းစံတွေ၊ပညာရပ်တွေ တစ်ခုနှင့်တစ်ခု နီးစပ်ပူးကပ် ရောသမ မွှေသွားကြပုံကို ရှုမြင်ကာဖွင့်ဆိုခြင်းပင် ဖြစ်ပုံရပါ၏။ ထား . . ။

ကျွန်ုပ် ဆရာကြီးဂျက်အနေနှင့်မူ ကူးစက်တတ်သော ရောဂါများ၏ ခေတ်ဟူ၍ အမည်ပေးကင်ပွန်းတပ်ခေါ် ဆို သမုတ် ချင်လှပါတော့ပေသည်တမုံ့။

ယင်းစကားမှန်၏။

ကိုယ်၌လည်းကောင်း၊ စိတ်၌လည်းကောင်း ကျွန်ုပ်တို့ ရောဂါများ ကူးစက်လွယ်ခဲ့ကြချေကပြီ။

သာဓကဆောင်သည်ရှိ သော $H_5N_1$(အိပ်ချ်ဖိုက်အန်ဝမ်း) ကြက်ငှက်တုပ်ကွေးရောဂါ။ ကိုယ်၌ အလွယ်တကူ ကူးစက်သွားနိုင် ချေ၏။

အနီးအတူ မြို့၌ ဆံပင်တွေဆေးဆိုးပြီဟု သတင်းသဲ့သဲ့ ကြားရုံရှိသေး သပွတ်အူ၌ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ချိုင်းမွေးက အစ ရောင်စုံဆေးခြယ်လိုက်ကြချေကပြီ။

မြို့၌ စကတ်အတွေ ခွဲရုံရှိသေး သပွတ်အူက ထဘီတွေ အကွဲကွဲအပြဲပြဲ ဆုတ်ဖြဲပစ်လိုက်ကြချေကပြီ။ သဟာက စိတ်တို့ ကူးစက်သွားကြပုံ။

ဟိုး . . တစ်မြန်တလောဆီက ရက်ပိုင်းကလေးများတုန်း ကမူ မြို့တွင် ဟစ်ဟော့ပ်၏။

Hip Hop။

ဖေဖေ့ အဝတ်အစားတွေ သားသား ယူဝတ်သည့်အလား မတော်တရော် အဝတ်အစားများနှင့် အင်္ကျီပွပွ၊ ဘောင်းဘီကွကွ ဦးထုပ်နောက်ပြန် ကိုယ်တို့ ယိမ်းနွဲ့လက်တို့ဝှေ့ယမ်း အတော် ကလေးကြည့်ကောင်းချေ၏။

သပွတ်အူကား ချက်ချင်းဆိုသလို ဟစ်ဟော့ပ်ကြတော့ ကုန်၏။

အနီးနှင့် ရွာနံဘေးလယ်ကွင်းပြင်ကြီးများဆီ၌ စပါးတို့ ရွှေရောင်ဝင်းသည့် တစ်နေ့သားဝယ် လူငယ်ကလေးတစ်ယောက် ကျွန်ုပ်ထံပါးသို့ ရောက်လာ၏။

သီချင်းတစ်ပုဒ်ရေးစပ်ပေးရန်ပါတည်း။

"တန်ဆောင်တိုင်ပွဲ၌ သီဆိုရန်ပါ ဆရာကြီးဂျက်ခင်ဗျာ . . ဖားသားကြီးအကြောင်း မကျေနပ်တာတွေ ရေးပေးစမ်းပါ . . "

"ရေးသည်က လွယ်ပါပေတယ် အဆွေလုလင် . . Facts ကလေးများတော့ ပေးလင့်ချေပါ . . . "

အနီးနှင့်သပွတ်အူ လုလင်ကား သူ၏မကျေနပ်ချက်တို့ကို ဖွင့်ဟဘိချေရာ ကျွန်ုပ်က Hip Hop တေးဖွဲ့သီရဘိချေသည်။ အနှီသို့ . . . ။

**သားတို့အိမ် ကြက်သားဟင်းချက်ရင်**
**အသည်းအမြစ်တွေက အဖေ့ဖို့ပါဗျာ။**
**ခြေထောက်နဲ့တောင်ပံရိုးကို**
**သားတို့ညီအစ်ကို ကိုက်နေရတာ။**
**စည်ဘီယာသွားသောက်တော့လည်း**
**လေးငါးခွက်နဲ့ အဖေရပ်လို့လား။**
**ကျိုက်ထီးရိုးသွားပါရစေဗျာ**
**သားပူဆာတော့ အဖေလွှတ်လို့လား။**
**နယုန်လဆုတ် (၄)ရက်တုန်းက**
**အဖေ့လူတွေ အိမ်ရောက်လာခဲ့။**
**ဝက်ခေါင်းသုပ် ငရုတ်ဆီနဲ့သုပ်တာ**
**အဖေ့မျက်နှာက မဲ့မဲ့ရွဲ့ရွဲ့။**
**သံပုရာသီး ရှားပါးလို့ပါ အဖေရယ်**
**တောင်းပန်တာကို အဖေ လက်မခံခဲ့။**
**အမေ့မှာ မျက်ရည်လည်ရွဲ**
**သားတို့မှာ ဝမ်းနည်းကြေကွဲ**
**အဖေဆိုတာ ဘာလဲ၊ ဘယ်လဲ။**

အနို့နှယ် ကျွန်ုပ်က လက်စွမ်းပြရေးဖွဲ့ပေးနေဆဲဆဲမှာပင် နောက်ထပ်လုလင်တစ်ဦးက မည်သည့်နေရာက သတင်းသဲ့သဲ့ ကြားသိလာသည်မသိ။

ဂျက်ကွမ်းခြံကုန်း၏ ဆိပ်ကမ်းဝယ် လာရောက်ဆိုက်ကပ်ပြန်လေ၏။

သူ့မကျေနပ်မှု အခြေစိုက်ရာ အရပ်ဒေသမှာကား သူ၏ ဘကြီး။ သူ့မိခင်၏ အစ်ကို။

ကျွန်ုပ်သည်ကား အနှီလုလင်ပေးသည့် ဒေါသဖြစ်ဖွယ် အချက်များပေါ်၌ အခြေခံကာ Hip Hop တေးသွားကို ဖန်တီးပေးရချေသည်တမုံ့။

ရှုလေ။

**ဆိုင်ကယ်ကလေး ခဏငှားပါဗျာ**
**ဘကြီးရာလို့ ပြောမိတာကို**
**မအားဘူးဟေ့ . . မငှားဘူးဟေ့ . .**
**ဘုရားစူးစေ့ . . ဒေါ်မာန်ပိုမို။**

**တကယ်ဆိုရင် တွေးကြည့်ပါဗျာ**
**ကျွန်တော့် မေမေဟာ ဘကြီးနှမအရင်း**
**ဆေးခန်းသွားဖို့ ငှားမိတာကို**
**ရက်ရက်စက်စက် ပြောထွက်လေခြင်း။**

**သီတင်းကျွတ်လ မီးထွန်းတဲ့အခါ**
**ကိုယ့်ဘကြီးမို့ ကန်တော့ခဲ့ပါတယ်ဗျာ။**

**ငါးသလောက်တွေ မေမေပေါင်းတော့လည်း**
**သူ့အစ်ကိုဆိုပြီး တစ်ခွက်ပို့ခဲ့တာပါပဲ။**

**ပိန္နဲသီးတွေ ခြံထဲမှာ သီးတော့လည်း**
**သူ့အစ်ကိုဆိုပြီး တစ်လုံးပို့ခဲ့တာပါပဲ။**

**အုန်းထမင်းတွေ မေမေချက်တော့လည်း**
**သူ့အစ်ကိုဆိုပြီး တစ်ပန်းကန်ပို့ခဲ့တာပါပဲ။**

**တရုတ်ဘီးကို ခွ-ခွ-ခွ စီး**
**ဘဝင်မမြင့်နဲ့ ဘ-ဘ-ဘ ကြီး . . .။**

အချုပ်ကိုဆိုရသော် ထိုနှစ်က သပွတ်အူတန်ဆောင်တိုင် ဂီတသဘင်ပွဲသည် ဝက်ဝက်ကွဲအောင်မြင်သွား၏။

Hip Hop လူငယ်များက . . . .

**စဉ်းစားပါ ဖေဖေ . . .**
**ခက်ပါလား ဘကြီးရယ် . .**
**မေမေ့လိုအပ်ချက်**
**ဒေါ်ကြီးရဲ့ အမှားများ**
**ဒွေးလေးတို့အိမ်ကိုမသွားချင်ဘူး . . .**
**အန်တီ့လုပ်ရပ် အဆုံးသတ်**
**ဦးလေး သိစေချင်သည်**

စသည် စသည် စသည်ဖြင့် ဟစ်ကြွေးရာ လက်ခုပ်သံတွေ ညံညံမစဲ။

လူကြီးသူမတို့ကား ခေါင်းငုံ့ကာသာနေကြရကုန်၏။

အနို့နှင့် အနီသတင်းစကားသည် ချောင်းကြီး၊ ရွာသစ်၊ ပေကုန်း၊ ဝါး ဘလောက်သောက်၊ နွာခေါင်းချောင်း၊ ဆူးကလပ်၊ ကဝက် စသည့် ရွာများဆီသို့ ပျံ့နှံ့၍သွားတော့ချေရာ . . .

ထိုထိုသော ရွာများရှိ ဘိုးဘွား မိဘလူကြီးသူမ၊ ဒေါ်ကြီး ဒေါ်လေး၊ ဘကြီး ဘထွေး၊ အသီးသီးတို့သည် အနေအထိုင် အသွားအလာ အပြောအဆိုက အစ အစစအရာရာ သပ်သပ် ရပ်ရပ် သတိချပ်၍ နေထိုင်ကာ လာလတ္တံ့သော ကျေးလက် Hip Hop ပွဲများကို စိုးတထိတ်ထိတ်စောင့်ကြည့်နေကြပါကြောင်း ဟူလို။


စကားလုံးတွေမှာ ရွှေရောင်တလက်လက်

(တစ်)

## ဂျက် ကွမ်းခြံကုန်း
## စကားလုံး အလှဆင်သည်

အထက်ပါ စာတန်းနှစ်တန်းကို ထင်ထင်ရှားရှားအသား ပေး၍ ဖော်ပြထားချေသည့် ဇရာမဆိုင်းဘုတ်တစ်ခုသည် သပွတ်အူကျေးရွာနေ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း၏ အိမ်ဂေဟာရှေ့ ခြံတံခါးအဝ၌ ရုတ်ချည်းဆိုသလို ချိတ်ဆွဲ၍ထားဖြစ်ခဲ့သည်မှာ ကာလအားဖြင့် အတန်ငယ်ဖင့်၍၊ လင့်၍ သွားခဲ့ချေကပြီ။ မူလက သို့ကလို အသက်မွေးဝမ်းကျောင်းမျိုးကို တစ်ခါမှစိတ်မကူးခဲ့ဖူးသော်လည်း ယခုမူ သူ့ပန်းကန်နှင့် သူ့ဆန် တန်အောင်တော့ ခူးခပ်ထားနိုင်ခဲ့ချေကပြီ။ စကားလုံးအလှဆင်လုပ်ငန်းတဲ့။ ဆန်းတော့ဖြင့်ဆန်းလှပါဘိတောင်း။

တကယ်စင်စစ် ယင်းအနှီလုပ်ငန်းကို အကြံပြုလာခဲ့သူ မှာ ဦးလေးကိုကြွက်သိုးဖြစ်ပါသည်။ တစ်နေ့သ၌ ဦးလေးကိုကြွက် သိုး၏

ထန်းတောထဲဝယ် ပွဲကလေးတစ်ခု ဝှဲချီးကျင်းပဖြစ်ခဲ့ကြပါ ၏။ သပွတ်အူဒေသခံ ကဗျာရေးစပ်သူ လူငယ်ကလေးတစ်ဦး၏ မွေးနေ့ဧည့်ခံပွဲကလေး။ ဖိတ်ကြားသူ လူဦးရေက စာပေအနုသုခုမနှင့် မကင်းသူ ဆယ့်လေးငါးယောက်။ အန္တိုသော် ဖိတ်စာတွေ ဘာတွေနှင့်။ ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်းခြယ်မှုန်းလို့။ အချိန်နေ့ရက်တို့၏ အောက်ကနေရာဟူသည်တွင် **ဦးလေးကိုကြွက်သိုး၏ အမိန့်အရ ထန်းရည်ဆိုင်** ဟူသတည်း။

"ဦးလေးရဲ့ ထန်းတောထဲကို ဖိတ်ကြားလာပြီဆိုကတည်းက ဘဇာလုပ်ကြမည်ဆိုသည်ကို အများက သိကြပါရဲ့ ဂျက်ဆရာရယ် . . အန္တိုသော်လည်းပေါ့ အမိန့်ရထန်းရည်ဆိုင် ဆိုသဟာကြီးက နားဝင်ဆိုးပေသမို့ လှအောင်ပြန်ရေးရင် ပိုကောင်းမည် ထင်ပါငဲ့ . . . "

ဦးလေး ကိုကြွက်သိုးက ကျွန်ုပ်အား သို့ကလိုပြောလာခဲ့ချေရာ ကျွန်ုပ်ကလည်း စိတ်ပါလာသည်ဖြစ်၍ သို့နှယ်စကားလုံးအလှဖန်တီးပေးလိုက်မိပါလေ၏။

**ကဗျာဆရာ ရွှေပွတ်စိုးမြင့်မွေးနေ့**

**အချိန် - ညနေရီရီ**
**နေ့ရက် - တန်ဆောင်မုန်းလပြည့်နေ့။**
**နေရာ - ရိုးရာဓလေ့ စိတ်အပန်းဖြေဝန်ဆောင်မှုဆိုင်ခန်း။**

ဟူသတည်း။ ယင်းကို ဆိုင်ပိုင်ရှင် ဦးလေးကိုကြွက်သိုးသာမက မွေးနေ့ရှင် ရွှေပွတ်စိုးမြင့်ကလည်း သဘောမွေ့၍ နေခဲ့

ပါပေ၏။ **ထန်းရည်ဆိုင်** အစား **ရိုးရာဓလေ့ စိတ်အပန်းဖြေ ဝန်ဆောင်မှုဆိုင်ခန်း** ဟူသည့် စကားလုံးအလှကိုခိုက်၍၊ ကြိုက်၍ သွားကြပြန်တုပါ၏။ ယင်းသည်၏ နောက်ပိုင်းမှစ,ကာ ဦးလေးကိုကြွက်သိုး အမျိုးပြုသော သပွတ်အူ သုခုမသမားတို့က စကားလုံးအလှဆင်လုပ်ငန်း လုပ်ပါလား လုပ်ပါလားနှင့် တတွတ်တွတ် တိုက်တွန်းနှိုးဆော်လာကြရာမှ ကျွန်ုပ်၏အိမ်ရှေ့တွင် အနီအထက်ပါ ဆိုင်းဘုတ်ကြီးရောက်လာခဲ့ခြင်းဖြစ်ဘိပါ၏။

**ဂျက်ကွမ်းခြံကုန်း**

**စကားလုံး အလှဆင်သည်။**

ဟူသတည်း။

## (နှစ်)

လူတို့သည်ကား အရုပ်ဆိုးသောအရာများကို အနည်းနည်းအဖုံဖုံ အလှဆင်ကြကုန်၏။ ဆံပင်ကိုအလှဆင်၏။ မျက်နှာကို အလှဆင်၏။ သွားကို အလှဆင်၏။ လက်သည်းခြေသည်းကို အလှဆင်၏။ ကိုယ်လုံးကို အလှဆင်၏။ အိမ်ကို အလှဆင်၏။ ခြံဝင်းကို အလှဆင်၏။ ဟော . . ယခု ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းက စကားလုံးကို အလှဆင်ခဲ့ပြီဖြစ်ချေရာ လောကကြီးလှပကြွရွပေတော့အံ့။

## (သုံး)

ဤသို့ဖြင့် တစ်နေ့သောအခါဝယ် ကျွန်ုပ် ဂျက်ထံသို့ ဒွေးလုံးမလုံးတင် ရောက်ရှိ၍လာ၏။ သူ၏ သမီးဖြစ်သူ ခင်စပယ် တင်၏

ကိစ္စပေတည်း။

"မင့်နှမ ခင်စပယ်တင် ကိစ္စပါကွယ် . . ခများ မယားငယ်လို့ ဆိုပေမယ့် ကုသိုလ်ထူးပါတယ် . . ယောကျ်ားလုပ်တဲ့သူကမြို့မှာ မယားကြီးဖြစ်တဲ့သူရှိနေတော့ သပွတ်အူမှာတော့ အမြဲဘယ်နေနိုင်ပါ့မလဲ . . သွားချည်လာချည်ပေါ့ . . ရွှေပေါ်မြတင်ထားတာပါ ငါ့တူဂျက်ရယ် . . အဲ . . အခု ကလေးတွေရှင်ပြုကြမလို့တဲ့ . . ဟိုကလေးရော ခင်စပယ်တင်နဲ့ရတဲ့ သားရော . . အကုန် . . သမှ ဖိတ်စာရိုက်တော့ ဒုတိယဇနီးဆိုလားကွယ် . . အဲသလိုထည့်ရိုက်မှာ . . အဲသဟာ မင်းနှမ ခင်စပယ်တင်က ရှက်လို့တဲ့ . . မင်းဆီ လွှတ်လိုက်တာ . . နားခံသာအောင်ကွယ် . . စကားလုံးလှတပတကလေးတွေ အဲသဟာ စပ်ဟပ်ပေးစမ်းပါဦး ငါ့တူဂျက်ရဲ့"

မြို့နေပွဲရုံပိုင်ရှင် ဦးတင်ယုသည်ကား မြို့ရှိဇနီးသည်နှင့် သားနှစ်ယောက်၊ သပွတ်အူနေ ခင်စပယ်တင်နှင့် သားတစ်ယောက်ရထားခဲ့ပြီး ခင်စပယ်တင်ကိုလည်း ခြံနှင့်အိမ်နှင့်ဆိုင်နှင့်ကန္နားနှင့်ထားရှိသူပင်။ ယခု သူ့အလှူဖိတ်စာကိစ္စ။ ကျွန်ုပ်က စဉ်းစားရချေသည်။

"ဘောဂဗလပွဲရုံပိုင်ရှင်
ဦးတင်ယုနှင့်ဇနီးဒေါ်သန်းသန်းစိုး
တို့၏သား
မောင်အောင်ကျော်မိုး၊ မောင်ဇော်ဇော်အောင်
တို့နှင့်

**ပူးတွဲအိမ်ရှင်တွဲဖက်ဘဝအဖော်**
**ခင်စပယ်တင်**
၏သား
မောင်အောင်ကိုဇော်တို့ကို ရှင်သာမဏေများအဖြစ် . . . ”

ကျွန်ုပ်က အနို့ကလို စကားစရုံရှိသေး ဒွေးလေးမလုံးတင်ကား “ကြိုက်သတော် ကြိုက်သတော်” နှင့် **ပူးတွဲအိမ်ရှင်တွဲဖက်ဘဝအဖော်** ဆိုသော စကားလုံးကို သဘောအခွေ့ကြီးခွေ့၍ နေတော့ချေသည်တည့်။

“မယားငယ်တို့ ဒုတိယဇနီးတို့နဲ့ စာလိုက်ရင်တော့ **ပူးတွဲအိမ်ရှင်တွဲဖက်ဘဝဖော်** ဆိုတာ ခံသာတာပေါ့ ငါ့တူဂျက်ရယ် . . ကဲ ရော့ . . ရော့ . . မင်းသုံးဖို့တဲ့ မင်းနှမက ကန်တော့လိုက်တာ . . . ”

**ပူးတွဲအိမ်ရှင်တွဲဖက်ဘဝဖော်** ဆိုသည့်စကားလုံးကို သဘောတွေ့သွားသော ဒွေးလေးမလုံးတင်သည် စာအိတ်ကလေးတစ်အိတ်ကို စားပွဲပေါ်တွင် တင်ထားပြီးသည်၏ သကာလ ကော့တော့ ကော့တော့နှင့် ထွက်ခွာ၍သွားတော့ချေသည်တည့်။

## (လေး)

အနို့နှင့်အခါတစ်ပါးဝယ် မင်္ဂလာဆောင်ဖိတ်စာတစ်ခု ရောက်လာ၏။ သတို့သားမှာ စက်ဘီးပြင်ဆိုင်ကလေးဖွင့်ထားရှာသူဖြစ်ရာ သူ၏ အမည်ဘေး၌ **ယန္တရားစက်ဘီးပြင်ဆိုင်** ဟု အလှဆင်ပေးလိုက်ပါ၏။

၎င်းနောက် ပတ်ဝန်းကျင်ကို အော်ဟစ်ဆဲဆို သောင်း

ကျန်းမိသူတစ်ဦး ရောက်လာပြန်ပါ၏။ သူက ရပ်ရွာလူကြီးများထံ ဖြေရှင်းချက်ပေးရမည်ဖြစ်ရာ **အရက်သေစာ သောက်စားထားမိ** ၍ဟု ရေးမည့်အစား စကားလုံးအလှရှာပေးရန် ကျွန်ုပ်ကို တောင်းဆိုပါ၏။ ကျွန်ုပ်က **ပဉ္စမမြောက်သီလကို ချိုးဖောက်မိခဲ့ပါသောကြောင့်** ဟု အလှဆင်ပေးလိုက်ရာ အနှီလူသဘောခွေ့သွားချေ၏။

နောင်သော် စကားလုံးအလှဆင်လုပ်ငန်း၏ ရုံးခန်းထဲ တွင် အလုပ်အပ်သူတို့နှင့် ထွေးထွေးရှုပ်ရှုပ်ပေတကား။ ရာဇဝင် ထဲက၊ သမိုင်းထဲက၊ ဘုတ်အုပ်ထဲက လူတွေ၊ လူတွေ။ ကျွန်ုပ်ထံ အလုပ်အပ်ကြကပြီ။


အဇာတသတ် ။ ။ **အဖသတ်တာကို** ပြင်ပေးပါ ဆရာကြီးဂျက်။
ကျွန်ုပ် ။ ။ **ပဥ္စနန္တရိယလုလင်** ပေါ့လဗျာ။

ဟစ်တလာ ။ ။ **အာဏာရှင်** ကိုပြင်ပေးပါ ဆရာကြီးဂျက်။
ကျွန်ုပ် ။ ။ **သြဇာကြီးသူ** ပေါ့လဗျာ။

ဒေဝဒတ် ။ ။ **အဝီစိငရဲ** ကိုပြင်ပေးပါ ဆရာကြီးဂျက်။
ကျွန်ုပ် ။ ။ သံသရာ ကန္တရာ ပေါ့လဗျာ။

ဒေဝဒတ်ကား ပြုံးပြုံး ပြုံးပြုံးနှင့်။ ပူပင်ပူစေဦးတော့ နာမည်ကလေးလှတော့ ခံသာသဗျာဆိုသော သူ၏စကားအဆုံး တွင် စကားလုံးအလှဆင်သူ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းမှာ ဂုဏ်ယူ ၍ မဆုံးနိုင်တော့ပါပေတမုံ့တကား။ ။

ဂျက်ကွမ်းခြံကုန်း


ဂျက်ကွမ်းခြံကုန်း
ဇဝါဝိုးအိုးပေါက်